www.burmeseclassic.com



# ရွှန်းရုပ်ပိုး

သတင်းထောက်မလေး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမိမိုး

## သတင်းထောက်မလေး


၂၀၁၄ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅.၈၃

ရွှန်းရမိမိုး

သတင်းထောက်မလေး၊ ရွှန်းရမိမိုး (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၄

၂၄၀-စာ၊ ၅×၇


www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမီမိုး ထွက်ပြီးစာအုပ်များ

၁။ လကာချာအရောင်ရင့်ပါမှ
၂။ ကွန်းမိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ ဒိုင်ယာရီ
၅။ မေးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး . . . ဆုး
၇။ အချစ်၏ရိုက်ခတ်မှုအချိန်၏ပုံတင်သံ
၈။ အငိုဆုံး . . . ရွှဲ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ ဝိညာဉ်ကကြိုး
၁၁။ မေတ္တာရေဝတီမ်နှစ်မှာဆိုး
၁၂။ ဆက်ထုံးပြေသောနေ
၁၃။ အသည်းကွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့် အရှုစ်လေပြည်
၁၅။ အက်ဆစ်အဋ္ဌ
၁၆။ ရင်ပို့မြစ်
၁၇။ ကြည့်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်ဩဘွဲ့ညို
၁၉။ လ အနှီး ကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ
၂၁။ ဖလူးပွန်၏ နောက်ကွယ်
၂၂။ ကာရံလွဲဖူးဟာမှသည် အချစ်လမ်းလွဲဆီသို့
၂၃။ ဆုးလေကား
၂၄။ ဘဝအထာနှင့် နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကို ဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲမိုး
၂၇။ ဇယောင်းတိုင်
[illegible]
၃၀။ သံယောဇဉ်ငြမ်း (ပုလဲရတုအထိမ်းအမှတ်)
၃၁။ ကြယ်ကြွေခြင်းနဲ့ လမင်းလက်ာ
၃၂။ မှုပိုင်နှလုံးသား
၃၃။ သက်တံရောင်ခြည် နှလုံးသားစုတ်ချက်များ
၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော
၃၅။ အတူတူမသက်ဆိုင်ခဲ့ရင်
၃၆။ နှားလည်ကြေး
၃၇။ မြားနတ်မောင်၏ နှစ်ဆယ့်တစ်ရာစုလက်နက်
၃၈။ ဣန္ဒြေကို တောင်ပံခတ်မိတဲ့အခါ
၃၉။ ရာဇဝင်မလှတဲ့ကဗျာ (လပ်ကီးဘော့စ်)
၄၀။ နှလုံးသား ကံစမ်းမဲ (အောင်တိုင်းကျော်)
၄၁။ ချစ်သူ သူရဲကောင်း
၄၂။ မချစ်ဘဲ လက်ထပ်ရဲတယ်
၄၃။ လှုပ်ပို့ကြီးရဲ့ဖူးစာ
၄၄။ အစွန်းရောက်ပန်းပုများ
၄၅။ အချစ်၏ ခြေရင်းဝပ်စင်းရသောအမုန်း
၄၆။ ရုပ်ကွက်ထဲက မင်္ဂလာပွဲ (လပ်ကီးဆဲဗင်းဗီဒီယိုမှ ဝယ်ယူပြီး)
၄၇။ သန်းခေါင်ယံတိုင်း တစ်ခေရနီးတတ်ခဲ့တယ်
၄၈။ နှလုံးသားကို ဆင်ဆာမဖြတ်ပါနဲ့
၄၉။ အချစ်က ခါးသည်
၅၀။ ရွှေရတုဒွိဟ
၅၁။ အသည်းတစ်ခြမ်းမှာ မိုးရွာနေတယ်
၅၂။ ချစ်တယ်ဆိုရင် မျက်စိမှိတ် (သဇင်တဲ့တာဗီဒီယိုမှ ဝယ်ယူပြီး)
၅၃။ အချစ်ရစ်ဝန်းနှင့် မကင်းမှုများ (ရွှေဖြူဗီဒီယိုမှ ဝယ်ယူပြီး)
၅၄။ တောင်ဝင်ယောကျ်ား
၅၅။ လရောင်အေးရိပ် ရွှေးတိတ်ပါစေချစ်သူ
၅၆။ ချောင်းသာဖူးစာ
၅၇။ ပထမတန်းစား
၅၈။ ယောကျ်ားဆိုးအမုန်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
[redacted] တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။



"ဟာ ... စာလာတယ်ဟေ့။ စာပို့သမား ဆရာမကြီးရုံးခန်း ဘက်သွားတာ တွေ့လိုက်တယ်"

ကိုးတန်းကျောင်းသူလေးတွေ ညည်းညံကျဲသွား၏။ ဆရာမကြီးရုံးခန်းဘက်ကို ပြူတစ် ပြူတစ် လုပ်နေကြသည်။

ထိုအချိန်က အင်တာနက်ဆိုတာ ဘယ်နှားနေမှန်း မသိသေးသလို ဆယ်လူလာဖုန်းတွေတောင် မပေါ်သေး။ ကြိုးဖုန်းတွေပဲရှိသည်။ နယ်တွေဆိုရင် နယ်တိုင်း ကြိုးဖုန်းမတတ်နိုင်တော့ exchange တစ်ဆင့်ခံ လက်လှည့်ဖုန်းလေးတွေနဲ့ပေါ့။ အဲဒီတော့ တစ်နေရာနဲ့ တစ်နေရာ ဆက်သွယ်ချင်ရင် စာတိုက်တွေကို အားကိုးနေရတဲ့ခေတ်။ အမြန်ဆက်သွယ်ချင်ရင် ကြေးနန်းရိုက်။ အလောတကြီး မဟုတ်ရင်တော့ စာရေးပို့။ စာထည့်တာတောင် ရိုးရိုးနဲ့ Register ဆိုပြီး နှစ်မျိုးရှိသည်။ ရိုးရိုးထည့်လိုက်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖို့မသေချာ။ Register တောင် တစ်ခါတလေ မရောက်ချင်။ ဒါပေမဲ့ ဆက်သွယ်ရေးအတွက်တော့ ကိုးဆယ့်ငါးရာခိုင်နှုန်းလောက်က စာတိုက်တွေပဲ အားကိုးနေရသည်။ အဲဒီခေတ်ကပေါ့ ဖုန်းဆိုတာ နေရာတိုင်း မရှိဘူးလေ။ ခုလို ဖုန်းထဲစာရိုက်ထည့်လိုက်ရုံနဲ့ ဆက်သွယ်လို့ရတဲ့ခေတ် မဟုတ်။

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်ထဲက အထကဖောင်တော်သီကျောင်းလေး။ အဲဒီကျောင်းမှာ ဖောင်တော်သီမြို့အနီးတစ်ဝိုက်ကရွာတွေက ကျောင်းသားတွေ တက်ကြသည်။ ဖောင်တော်သီနဲ့နီးသော ဝေးသော ရွာပေါင်းများစွာက ကျောင်းသားတွေ ခြေလျင်တစ်မျိုး၊ စက်ဘီးနဲ့တစ်ဖုံ ကျောင်းတက်ကြသည်။ အဲဒီခေတ်ကခုလို ဆိုင်ကယ်တွေလည်း မပေါ်များသေးဘူးလေ။ ဆိုင်ကယ်စီးနိုင်တဲ့သူက သူဌေးပဲ။ နယ်သူဌေး ရွာသူဌေးတွေတောင် လူတိုင်းဆိုင်ကယ်မစီးနိုင်သေးသော အချိန်ပေါ့။

"တီချယ်ဦး လာပြီဟေ့၊ လက်ထဲမှာ စာတွေနဲ့"

ကိုးတန်းကျောင်းသူ ကဲစိန်အဖွဲ့ တီချယ်ဦးကိုကြည့်ပြီး ရင်ခုန်နေကြသည်။ တီချယ်ဦး လက်ထဲက စာတွေက သူမတို့အတွက်ပဲ ဖြစ်ရမည်။





"စန်းစန်းတင့်"

"ရွှေဝါအောင်"

တီချယ်ဦးက စန်းစန်းတင့်နဲ့ ရွှေဝါအောင်ကို စာတွေပေးလိုက်သည်။ ကျန်တဲ့သူတွေ မျက်နှာညိုးသွားလို့၊ ဘာလာတဲ့နှစ်ယောက်ကတော့ စာအိတ်တွေ တရှုံ့ရှုံ့နမ်းပြီး မျက်နှာတွေမော့ကြွားလို့။

"တီချယ်ဦး တစ်ခုပြောမယ်။ စာတွေ ဘာတွေက မိသားစုဆွေမျိုးသားချင်းတွေဆီက လာတာပဲ ဖြစ်ပစေနော် သမီးတို့"

"ဟုတ်ကဲ့ပါ တီချယ်ဦး"

ထမင်းစားချိန်ဆိုတော့ တီချယ် ဘာမှမပြောတော့ဘဲ ထွက်သွားသည်။ သူမတို့စာတွေကို အလုအယက် ဖောက်ဖတ်ကြသည်။

"ဟယ် ... ငါ့ကို မင်းသား အထာထွန်းက စာပြန်တာတော့။ အမယ်လေး ... ရင်တွေခုန်လိုက်တာ"

"ငါ့ကိုလည်း ကိုကိုအထာထွန်းပဲ ပြန်ရေးတာ။ ထိပေါက်တာပဲ။ ငါတို့နှစ်ယောက်ကိုပဲ စာပြန်တာပေါ့နော်။ ရွှေဝါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ စန်းစန်းတင့်ရဲ့"

သူမတို့အဖွဲ့ မင်းသားပေါက်စလေး အထာထွန်းရဲ့ အင်တာဗျူးကို မဂ္ဂဇင်းထဲမှာ ဖတ်လိုက်ရပြီး ထိုအင်တာဗျူးထဲမှာပါတဲ့ လိပ်စာကိုမှတ်ကာ မင်းသားဆီ စာရေးကြတာပါ။ လေးငါးယောက် မိတ်ဆက်စာရေးတာ နှစ်ယောက်ဆီပဲ ပြန်တာပါ။

"ဘာတွေ ရေးထားတာလဲ"

"အားပေးမှုကို ကျေးဇူးတင်ပါတယ်တဲ့။ အောက်က သူ့ဆိုင်းဒ်ထိုးထားတာဟာ ... ငှဲ ငှဲ ငှဲ"

"ငါ့ကိုလည်း အဲလိုပဲ ရေးထားတာ ဟီး ဟီး"

စာပြန်ရတဲ့သူတွေက ပျော်လို့။ စာအပြန်မခံရတဲ့သူတွေက မျက်နှာငယ်လေးတွေနဲ့။ အမှန်တော့ မင်းသားက စာတစ်ကြောင်းရေးပြီး လက်မှတ်ထိုးထားတဲ့ စာရွက်ကို မိတ္တူဆွဲထားတာပါ။ ဘယ်သူ့ဆီပဲဖြစ်ဖြစ် ထိုစာပဲပြန်တာ။ အဲဒါကို သူတို့မသိရှာတာ။

စာပြန်တဲ့ထဲ မပါလို့ ဝမ်းနည်းနေသူတွေထဲမှာ ရာဇဝင်မေလည်း အပါပေါ့။ ကျန်တဲ့သူတွေထက် ရာဇဝင်မေက အထာထွန်းဆိုတဲ့ မင်းသားလေးဆီ သူများတွေ စာတစ်စောင်





ရေးတာတောင် သူက ဆယ်စောင်ထည့်လိုက်တာ။ သူများတွေ သဘောကျတာထက် ပိုပြီးသဘောကျတာ။ ဆယ်ကျော်သက်ပီပီ ရင်ခုန်စိတ်လှုပ်ရှားကာ ကတိမ်းကမူးနဲ့ ရူးသွပ်ရတဲ့အထိ သဘောကျနေတာ။ အထာထွန်းရဲ့ ဓာတ်ကားကြည့်ပြီးရင် ညဘက်အိပ်မက်ထဲ ထည့်မက်မိတဲ့အထိ အားပေးတာ။

ရာဇဝင်မေ ခမျာ ရသမျှ မုန့်ဖိုးလေးတွေ မုန့်မဝယ်စားဘဲ အထာထွန်းရဲ့ဓာတ်ပုံလေးတွေ၊ ပြက္ခဒိန်တွေ၊ ပိုစတာတွေ ဝယ်ရတာ အမောပေါ့။

ပြီးတော့ ရွေးရွေးစာရွက်ကလေးတွေ ရွေးရွေးဘောပင်တွေဝယ်၊ စာအိတ်လှလှလေးတွေ ရွေးရှာဝယ်ပြီး မိတ်ဆက်စာရေးတဲ့အခါမှာလည်း ဖျက်ရာမပါစေရ။ စာရွက်လှပေ့၊ မွှေးပျံ့ပေ့ဆိုတာလေးတွေ အတွက်နဲ့ မုန့်ဖိုးတွေဆိုတာ မုန့်စားရတယ်လို့ မရှိအောင် ရူးသွပ်ခဲ့ရတာပါ။ ခု တကယ်တမ်း စာပြန်တော့ သူမ မပါ။

စန်းစန်းတင့်တို့ ရွှေဝါအောင်တို့ဆိုတာ သူမလောက် အားပေးတာ မဟုတ်။ စာရေးတွာတောင် ကျောင်းမှတ်စု ဗလာစာရွက်ဖြုတ်ရေးတာ။ လက်ရေးဆိုတာ စုတ်ပြတ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မေက သူမစာတွေများ မရောက်လို့လားဟု ထင်ကာ စာတွေ ဆက်ထည့်သေးသည်။

ဒါပေမဲ့ မင်းသားကတော့ စာမပြန်ခဲ့ပါ။ ကျိတ်တောင် ငိုခဲ့ရတဲ့အထိ ခံစားခဲ့ရသည်။ ဒါပေမဲ့ သူမ အထာထွန်း ဆိုတဲ့ မင်းသားကို ရူးသွပ်တာ သူငယ်ချင်းတွေတော့ မသိခဲ့ပါ။

သူမကလည်း လိပ်ပြာမလုံသဖြင့် ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ပါလေ။

♥ ❖ ♥





ရာဇဝင်မေ တက္ကသိုလ်ကျောင်းသူ ဖြစ်တော့လည်း မိတ်ဆက်စာတွေသာ ဆက်မရေးတော့ပေမယ့် အထာထွန်းရဲ့ ဓာတ်ပုံတွေ ပိုစတာတွေက အဆောင်ခန်းရဲ့ နံရံတွေမှာအပြည့်။

အိမ်မှာဆိုရင်တောင် အမေကြီး ဆူပူနေလို့ ပိုစတာ ကပ်ချင် တိုင်း ကပ်မရ။ အဆောင်မှာတော့ ကိုယ့်အခန်း ကိုယ်ကပ် နေတာ သာသာယာယာပဲ။

အထာထွန်းကလည်း တက်သစ်စ မင်းသားပေါက်စလေး မဟုတ်တော့။ အတော်အသင့် နာမည်ရလာတဲ့ မင်းသား တစ်ယောက် ဖြစ်နေပြီ။

ထိုအချိန်က ကိုရီးယားဇာတ်လမ်းတွဲတွေ ခေတ်စား ကာစပေါ့။ ဆောင်းဦးရှက်နှင်းကြွေ ချစ်သက်သေကို သည်းသည်းလှုပ် ပြတဲ့အချိန်။ ဂျွန်စောကို ကြိုက်တဲ့သူနဲ့ ထယ်စောက်ကိုကြိုက်တဲ့ သူတွေ ပြိုင်ဘက်ရန်သူတွေကို သည်းနေကြတဲ့အချိန်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မေကတော့ ဂျွန်စောလည်း မကြိုက်၊ ထယ်စောက်လည်း မခိုက်ဘဲ အထာထွန်းမှ အထာထွန်း။

ရုပ်ရည်က အချောစားကြီး မဟုတ်ပေမယ့် ငယ်ဂုဏ်ကလေးနဲ့ ချစ်စရာတော့ ကောင်းပါသည်။

ထို့ကြောင့် တက္ကသိုလ်ကျောင်းသူ ရာဇဝင်မေကို ချစ်ခင်သဘောကျသူ တက္ကသိုလ်ကျောင်းသား တစ်ယောက်စ နှစ်ယောက်စလည်း ရှိပါ၏။

ဒါပေမဲ့ ရာဇဝင်မေ ငြင်းပုံကလှသည်။

"နင်တို့ရုပ်တွေ မင်းသားအထာထွန်းနဲ့တူတဲ့နေ့ ငါ နင်တို့ကို ပြန်ချစ်မယ်"

"ရူးနေလား။ ငါတို့က ငါတို့ရုပ်ပဲပေါ့။ ဘယ်လိုလုပ်ပြီး အထာထွန်းနဲ့ တူလာမှာလဲ"

"အဲဒါဆို နင်တို့ကို ငါ ပြန်မကြိုက်ဘူး။ ငါက အထာထွန်းလိုရုပ်မျိုးမှ ကြိုက်တာဟဲ့"

"မှားပါတယ်။ ဒီလိုလုပ် အထာထွန်း ဆံပင်ပုံစံနဲ့ အထာထွန်းလို အထာကျကျ ဝတ်မယ်ဆိုရင်ရော"





"ဟွန်း ... နင့်မျက်နှာ ဆယ်ပြားစေ့ကြီးကလေ ဘာပုံဝတ်ဝတ် ရုပ်မပျောက်ပါဘူးဟယ် စိတ်ချ။ နင် အထာထွန်းစတိုင်လ် လိုက်ခိုးရင်လေ ပိုတောင် ရုပ်ဆိုးသွားဦးမှာ စိတ်ချ"

"နင်ငြင်းချင်ရင် ရိုးရိုးငြင်းပါဟာ။ ခုလို မျစ်ပျစ်နှစ်နှစ်တော့ မဖွဲ့ပါနဲ့"

"မဖွဲ့ပါဘူး၊ ငါက ငါသဘောကျတာ ပြောပြတာ"

"နင်က အထာထွန်းလို ပုံစံမျိုးကြိုက်တယ်ဆိုရင် နင့်ကိုယ်နင်လည်း မင်းသမီး ရွှေမြရောင်နဲ့တူအောင် အရင်ကြိုးစားလိုက်ဦး ဟား ဟား။ အထာထွန်းက ရွှေမြရောင်နဲ့မှ လိုက်ဖက်တာဟဲ့ ... ဟား ဟား ... တော်တော်ရယ်ရတဲ့ ရာဇဝင်မေ"

"ဟင်း ... ရွှေမြရောင်နဲ့ မတူချင်ပါဘူး။ ငါက ရွှေမြရောင်ကို ကြည့်လို့မရဘူး"

"တူချင်လို့လည်း မရပါဘူး။ ဒီလိုပဲပေါ့ဟာ ဒန်ရာတန်ရာ ချစ်လိုက်စမ်းပါ"

www.burmeseclassic.com



"လဲသေလိုက်၊ ငါက ရွှေမြရောင်နဲ့ တူစရာမလိုဘူး။ ရွှေမြရောင်နဲ့မတူချင်သလို ငါ့ကို ရွှေမြရောင်နဲ့တူရင် ချစ်ပါ့မယ်လို့ တောင်းဆိုလို့လည်း မရဘူး။ ရွှေမြရောင်ကိုလိုချင်ရင် ရွှေမြရောင်နား ရောက်အောင်သွားပေါ့၊ ငါ့သဘောထားကိုလည်း မှတ်သွား။ လောကမှာ မင်းသား အထာထွန်းကလွဲရင် ငါ့ကို ရင်ခုန်အောင် လုပ်နိုင်တဲ့သူ မရှိသေးဘူး"

"အရူးမ ... ချစ်ချင်စိတ်တောင် ကုန်တယ်"

"အေး ... နင်တို့ကိုလည်း ဘယ်သူမှ မချစ်ခိုင်းဘူးဟဲ့၊ မှတ်ထား"

အဲလိုနဲ့ ရာဇဝင်မေကို ဆလံသ,သွားကြသည်။ မသလို့လည်း မရဘူးလေ၊ ရာဇဝင်မေမက မင်းသားကိုမှ အရူးအမူး စွဲလမ်းနေတာကိုး။ အထာထွန်းကလွဲရင် ဘယ်သူမှကို မတိုးတာ၊ ယုတ်စွအဆုံး ကိုရီးယားမင်းသားတွေတောင် မတိုးနိုင်အောင် ခရီးဆုံးနေရှာတာ၊ သနားစရာ ကောင်းလေစွ။





ရာဇဝင်မေ သူမကိုယ်သူမ ရွှေမြရောင်နဲ့ နှိုင်းယှဉ်ကြည့်မိသည်။ ဘုရားရေ ... လမင်းနဲ့ ပိုးစုန်းကြူးကိုယှဉ်ကြည့်ရသလိုပါလား။

ရွှေမြရောင်က လှလိုက်တာ။ မျက်ခုံးတွေကလည်း သူများတွေလို ပုံဖော်ဆေးကူထားတာ/မဟုတ်ဘဲ သဘာဝကကို ထူထူတန်းတန်း လှပနေတာ။

သူမမျက်ခုံးတွေကတော့ ပါးကျဲကျဲလေး။ တိုတို ပါးပါးလေး။

ရွှေမြရောင်ရဲ့နှာခေါင်းက စင်းပြီး လုံးချွန်နေတာ။

သူမကတော့ နှာခေါင်း အနည်းငယ်ပွသည်။

ရွှေမြရောင်က အသားအရေ တော်တော်လှပုံပဲ။ ဝင်းဝင်းလေး။ သူမကတော့ အသားက ခပ်ညိုညို။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြရောင် နဖူးက က,ကြီးပုံလေး။ သူမက နဖူးကျဉ်းသည်။

ဒါပေမဲ့ ...

ရွှေမြရောင်လောက် မလှပေမယ့် သူမ ဘာသာတော့လည်း ညိုစိမ့်စိမ့် ယဉ်စစနဲ့ ကြည့်ကောင်းပါသည်။ သူမ ဆံပင်ကထူပြီး ခါးအထိ ဝဲဖြာမည်။ နက်နေသည်။ ပြီးတော့ သူမက ခန္ဓာကိုယ် အချိုးအစား ကျနလှသပသူမို့ မြန်မာအင်္ကျီ ရင်ဖုံး၊ ရင်စေ့လေးတွေနဲ့ လုံချည်ပဲ ဝတ်သည်။ ဘောင်းဘီတွေ၊ စကတ်တွေမဝတ်။ ဒီတော့လည်း လှတစ်မျက်နှာ ယဉ်တစ်ကိုယ် ဆိုသလို ကြည့်ကောင်းပြီး အကြည့်ခံပါသည်။ ရွှေမြရောင်နဲ့တော့ ယှဉ်လို့မရဘူးပေါ့။ ဒါပေမဲ့ သူမက အမြဲပဲ ရွှေမြရောင်နဲ့ နှိုင်းယှဉ်ကြည့်မိသည်။

အထာထွန်းက ရွှေမြရောင်နဲ့တွဲတာ များတာကိုး။ ရိုက်လိုက်ရင် အချစ် Romance ကားတွေ များတာကိုး။

ဒီတော့ သူမက ရွှေမြရောင်နေရာမှာ အမြဲဝင်ခံစားမိသည်။



သူမကိုယ်သူမ အာထာထွန်းရဲ့ ချစ်သူအဖြစ် စိတ်ကူးယဉ်ရတာ မောနေသည်။ မဖြစ်နိုင်တာတော့ သိတာပေါ့လေ။ ဒါပေမဲ့ မိန်းကလေးတိုင်းမှာ စိတ်ကူးယဉ်ချစ်သူဆိုတာတော့ ရှိတာပေါ့။ တချို့က အပေါယံ သာမန်ပဲ့ စိတ်ကူးယဉ်ကြမှာပေါ့။ သူမကတော့ နင့်နင့်နဲနဲကြီးကို စိတ်ကူးယဉ်နေမိတာ။ စာတွေ ကျက်လို့ ပင်ပန်းရင်လည်း ပိုစတာကိုကြည့်။

"ဝိုင်းကူကျက်ပေးပါလား အထွာရယ်"

ကျောင်းက ပြန်လာရင်လည်း အထာထွန်း ပိုစတာကို အမောပြေနမ်းရသေး။ သူမလောက်တော့ ဘယ်သူမှ ရူးမယ်မထင်ဘူးနော်။

ရာဇဝင်မေရဲ့ဘဝမှာ အထာထွန်းရဲ့ ပုံရိပ်ကလေးတွေ ရှိနေရုံနဲ့ ပြီးပြည့်စုံနေပါပြီ။ သူမသူငယ်ချင်းတွေကတောင် အံ့သြသည်။

"နင် ကြိုက်ပုံက လုံးဝအရူးအမူးကြီးဟ။ ငါတို့လည်း ကြိုက်ပါတယ်။ ဒါပေမဲ့ နင့်လောက်တော့ မဟုတ်ဘူး။ နင်လေ အထာထွန်းကို အပြင်မှာ အရှင်လတ်လတ်ဆယ်ဆတ်ကြီးသာ တွေ့ဖူးရင် ဘယ်လိုနေမလဲ မသိဘူး"

www.burmeseclassic.com



"အဟင်း … ငါ အဲဒီနေရာမှာတင် လဲသေသွားနိုင်တယ်ဟ။ ငါကလေ ကျောင်းပြီးရင် ရန်ကုန်မှာ အလုပ်သွားလုပ်မှာ။ သူ့ကို အပြင်မှာ မြင်ဖူးရင် သေပျော်ပါပြီ"

"အေးဟာ … ရန်ကုန်က လူတွေကတော့ မြင်ဖူးမှာပဲနော်။ ငါတို့နယ်မှာကတော့ နာမည်မကြီးတဲ့ သရုပ်ဆောင်တွေ သီချင်းလာဆိုရင်တောင် အတင်းတိုးဝေ့ကြည့်ရတဲ့ဘဝ"

"တောင်ငူ ရွှေဆံတော်ဘုရားပွဲမှာ အထာထွန်း သီချင်းလာဆိုရင် ကောင်းမယ်နော်"

"ရူးပါ့ … ရူးပါ့ … အထာထွန်းက ဘုရားပွဲတွေ သီချင်းလိုက်ဆိုတဲ့ အဆင့်လားဟဲ့။ လာလိမ့်မယ် စောင့်နေ"

"စိတ်ကူးယဉ်ကြည့်တာပါဟယ်"

"စိတ်ကူးနဲ့ရူးမယ့် ရာဇဝင်မပေါ့"

"ရာဇဝင်တွင်မယ့် ရာဇဝင်မပေါ … ဟိ ဟိ"

♥❖♥





အိပ်မက်က ရုတ်တရက် လန့်နိုးသွားသည်။ အိုး … နိုးရတာကို နမြောလိုက်တာနော်။ အိပ်မက်ထဲမှာ သူမနဲ့ အထာထွန်းက ချစ်နေလိုက်ကြတာ။ ရွှေချထားဖို့ကောင်းတဲ့ အိပ်မက်တလေးပါလား။

အိပ်မက်ထဲမှာ အထာထွန်းက သူမကို လက်စွပ်တလေးတစ်ကွင်း ပေးတယ်။ အဲဒီလက်စွပ်ကလေးက မဟူရာကျောက်ကလေးနဲ့။ အိပ်မက်ကို ပြန်တွေးရင်း မျက်ခုံးရှုံ့မိသည်။ ဘာလို့ စိန်လက်စွပ် မဖြစ်ရတာလဲ။ အိုလေ … သူပေးရင်တော့ ဘာလက်စွပ်ပဲဖြစ်ဖြစ် သဘောကျတယ်။ သူသာ ပေးမယ်ဆိုရင် အိမ်ဆေးတောင် သောက်ရဲတယ်။ အိပ်မက်ကလေးကို မြင်ယောင်နေရင်း ကျောင်းတောင်မသွားချင်တော့လို့ အိပ်ရာထဲနှပ်ရင်း အိပ်မက်ကလေးကိုပဲ စမြုံ့ပြန်တွေးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟူရာလက်စွပ်ကလေး မည်းနက်နေတဲ့ မဟူရာ ကျောက်ကလေးကို မြင်ယောင်နေမိ၏။

"ရာဇဝင်မေရေ ... ကျောင်းသွားမယ်လေ။ ကျောင်းကား လာနေပြီ။ ဟယ် ... ဘာမှမလုပ်ရသေးဘူးလား"

"ငါ ဒီနေ့ ကျောင်းမတက်တော့ဘူးဟာ"

"ဟယ် ... ဘာဖြစ်လို့လဲ၊ မတက်လို့ မရဘူး၊ ဒီနေ့ ကျူတိုရီယယ် ဖြေရဦးမယ်လေ"

"အဲတော့ ... ဟုတ်သား၊ မေ့တာ ... မေ့တာ။ မျောပြီးမေ့ သွားတာ"

"ဘာမျောတာလဲ"

"ငါလေ အထာထွန်းကို အိပ်မက်,မက်လို့"

"နင် ဒီလောက် စွဲလမ်းနေတာ မက်မှာပေါ့။ ကဲ ... ထ ... ထ ... ရူးမနေနဲ့။ ကျောင်းသွားမယ်။ နင်ကသာရူးနေ ဟိုက ဘာမှသိတာ မဟုတ်ဘူး။ မင်းသားကို ကြိုက်တာ တော့ ကြိုက်ပါ။ အဲဒီလောက်ကြီးတော့ မရူးသွပ်ပါနဲ့ဟာ။ ကိုယ့်ကို ထိခိုက်တဲ့အထိ စွဲလမ်းနေတာ မကောင်းဘူး။ နင့်မိဘတွေသာသိရင် ရင်ကျိုးမှာ။ ကျောင်းပျက်တဲ့အထိ တော့ မရူးနဲ့"



"ပြောရက်တာဟယ်။ ငါ ကျူတိုရီရယ် ဖြေရမှာ မေ့နေ လို့ပါဟယ်"

"ပြောမှာပေါ့၊ နင်က လွန်နေပြီ"

အဲဒီနေ့ကပေါ့။

အမြန်ရေချိုး အဝတ်အစားလဲပြီး ကျောင်းပြေးရ သည်။ အလျင်လိုပြီဆိုရင် ဆံပင်အရှည်ကြီး ဖြီးရသင်ရတာလည်း တစ်ဒုက္ခ။ တော်သေးတယ် ကျူတိုရီရယ်မီလို့။

စာသင်ချိန်တွေပြီးတော့ စာသင်ဆောင်ရှေ့မှာ ပေါက် နေတဲ့ စွယ်တော်ပင်က စွယ်တော်ရွက်ကလေးတွေ ခူးလိုက်သည်။ စွယ်တော်ရွက်ကလေးတွေကို စာအုပ်ကြားထဲညှပ်ပြီး အခြောက်ခံ။ စွယ်တော်ရွက်ခြောက်ကလေးပေါ်မှာ သူ့နာမည်နဲ့ အထာထွန်း နာမည်ကို တစ်ခြမ်းစီရေးပြီး သိမ်းရတာလည်း အလုပ်တစ်လုပ်။

ဓာတ်ပုံအယ်လ်ဘမ်ထဲမှာ သူမဓာတ်ပုံနဲ့ အထာထွန်း ဓာတ်ပုံကို မျက်နှာချင်းဆိုင် ထည့်ကြည့်ပြီး သဘောကျရတာ လည်း အမော။

သူတို့မြို့ရဲ့ ခပ်ညံ့ညံ့ ရုပ်ရှင်ရုံအစုတ်ကလေးမှာ အထာထွန်းကား ရုံတင်ရင် တင်သမျှရက်တိုင်း သွားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ကားကောင်းကောင်း မကောင်းကောင်း အထာထွန်းပုံကို အကြီးကြီး မြင်ရလို့ သဘောကျပြီး သွားကြည့်တာ။

သူငယ်ချင်းတွေကတောင် ပြောနေသည်။

"နင် အထာထွန်းအတွက် အကုန်ခံနေတဲ့ ပိုက်ဆံတွေကို နင့်ကိုယ်နင် အဝတ်အစားဝယ်ဝတ်တာဖြစ်ဖြစ် သုံးစမ်းပါ ဟယ်"

"လူဆိုတာ ကိုယ်ကြိုက်တာကို လုပ်ရမှ စိတ်ချမ်းသာတာ ဟ"

"တစ်ခါတလေကျရင် လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးရတယ် ရာဇဝင်မေ။ နင့်ကို သနားလိုက်တာ"

"ဟ ဟ ... ငါကတော့ နိဗ္ဗာန်ပဲဟေ့"

♥ ❖ ♥





အဲလိုနဲ့ပေါ့။ ရာဇဝင်မေရဲ့ ဘဝနေ့ရက်တွေတိုင်းကို အထာထွန်းဆိုတဲ့ အရိပ်တွေနဲ့ ဖြတ်သန်းနေရတာပေါ့။ သူမ အထာထွန်းကို စွဲလမ်းနေတာ လူတော်တော်များများလည်း သိကြတာပေါ့။ အားလုံးအတွက် ဟာသတစ်ပုဒ်ပေါ့။ သူမဟာ တစ်စိတ်တစ်ပိုင်း ရူးသွပ်နေသူအဖြစ် သတ်မှတ်ထားကြတာပေါ့။

ဒီလိုနှင့် တက္ကသိုလ်စာသင်နှစ်တွေ ကုန်ဆုံးကာ ဘွဲ့ရခဲ့ပြီ။ အထာထွန်းလည်း အကယ်ဒမီမင်းသား ဖြစ်သွားပြီ။ အထာထွန်း အကယ်ဒမီရတော့လည်း ဘာမဆိုင် ညာမဆိုင် သူမက သူငယ်ချင်းတွေကို မုန့်လိုက်ကျွေးသေးသည်။ သူမသူငယ်ချင်းတွေခမျာ စားရတာတောင် အီလည်လည်နဲ့။

"နင့်ရူးချက် လက်လွန်တယ်"

ဘယ်သူ ဘာပြောပြော ရာဇဝင်မေကတော့ ပြုံးပြုံးလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မေ ဘွဲ့ရပြီးတာနဲ့ ရန်ကုန်တက် အလုပ်ရှာဖို့ စိတ်ကူးမိသည်။ ဒါပေမဲ့ အဆက်အသွယ်ကမရှိ။ ရန်ကုန်မြို့ကြီးဆိုတာကို ရွှေတိဂုံဘုရားဖူးနဲ့ တိရစ္ဆာန်ရုံလောက်ပဲ ရောက်ဖူးတဲ့သူမ ဘယ်လို ရန်ကုန်သွားရပါ့။ ရန်ကုန်ရူး ရူးနေတဲ့ သူမကို မိဘတွေက နားချသည်။

"သမီးရယ် ... ဒီမှာပဲ ကျောင်းဆရာမလေး လျှောက်ပါလားကွယ်"

"အမေရယ် ... နယ်မှာ ကျောင်းဆရာမလုပ်ရတာ တက်လမ်းမရှိပါဘူး။ ဝါသနာလည်း မပါဘူး။ ကလေးတွေကိုလည်း စိတ်မရှည်ဘူး အမေရဲ့။ မဖြစ်ပါဘူး"

"ဒါဆိုလည်း တခြားရုံးပိုင်းဆိုင်ရာမှာ စာရေးမဝင်လုပ်ပါလား သမီးရယ်။ ငါ့သမီးကို ရန်ကုန်လွှတ်ဖို့ အမေစိတ်မချဘူး"

"အမေရယ်။ ဒီမှာနေလို့ တိုးတက်မှာမဟုတ်ဘူး။ ရန်ကုန်မြို့ကြီးမှာ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပေါတယ်။ တိုးတက်ဖို့ အခွင့်အရေးတွေ အများကြီးရှိတယ်လေ"





"ဒါပေမဲ့ စိတ်မချဘူးအေ။ သမီး မိန်းကလေးကို ကိုယ့်မျက်စိအောက်မှာပဲ ရှိစေချင်တယ်။ ရန်ကုန်ဆိုတာ အခွင့်အလမ်းတွေ ရှိသလို အန္တရာယ်လည်းများတယ် သမီး။ အမေ စိတ်မချပါဘူး"

"အမေရယ် သူများတွေလည်း သွားနေတာပဲ တောင်ပိုင်းက မလှနွယ်တို့ဆို ညီအစ်မတွေ အထည်ချုပ်မှာ သွားလုပ်နေတာ"

"အေးလေ ... ဘာများတိုးတက်လာလို့လဲ"

"သူတို့က ဆယ်တန်းမှ မအောင်တာ အမေရဲ့။ သမီးက ဘွဲ့ရ။ တိုးတက်စရာတွေ ရှိပါတယ်"

"ဟုတ်ပါပြီ၊ အဆက်အသွယ်မှ မရှိတာ ဘယ်လိုသွားမလဲ။ မသူတော်နဲ့တွေ့လို့ရောင်းစားခံနေရမယ်၊ မသွားပါနဲ့ သမီးရယ်"

သားအမိတွေ လွန်ဆွဲနေကြသည်။ နှစ်ဖက်လုံးကလည်း အလျှော့မပေးဘဲ တင်းခံနေကြသည်။

ဒါပေမဲ့ သူမပဲ ကံကောင်းတာလားမသိ။ မလှနွယ်ရှာပြန်လာသည်။ သူမတို့စက်ရုံမှာ လူလိုသတဲ့။

www.burmeseclassic.com



ရာဇဝင်မေ အတွက် ပွဲတွေ့တာပဲ။

ရာဇဝင်မေ အမေ့ဆီမှာ ခွင့်တောင်းကြည့်သေး၏။ အမေက ခွင့်မပြု။ ခွင့်မပြုတော့ အမေမသိအောင် တိတ်တိတ်ကလေး လိုက်တာပေါ့။

ရှိသမျှလေး ခြစ်ခြုတ်ပြီး ရန်ကုန်ကို လိုက်တော့သည်။

"ရာဇဝင်မေ ရာဇဝတ်အိုး တုတ်နဲ့မထိုးပါနဲ့အေရယ်။ တော်ကြာ ညည်းအမေက ကျုပ်ကိုပြောနေပါဦးမယ်"

"မပြောပါဘူး။ အမေက ကျွန်မ သွားချင်နေမှန်းသိတယ်။ မလှနွယ်ကို အပြစ်ပြောမှာ မဟုတ်ဘူး။ စိတ်ချ"

အဲဒီလိုနဲ့ ရန်ကုန်မြေကို အတင်းကာရော ခြေချခဲ့တာပါ။ ရန်ကုန်မြေပေါ်မှာ အထာထွန်း ရှိနေတယ်ဆိုတဲ့ အသိက ရင်ထဲကို ကြည်နူးနွေးထွေးစေတယ်။ တစ်နေ့ အပြင်မှာ ဆုံရမယ်ဆိုတဲ့ ယုံကြည်ချက်က အမြစ်ဖွဲ့လို့ပေါ့။

♥ ❖ ♥





သူမဟာ တကယ်ကို ဦးနှောက်မရှိသော ခပ်ရူးရူးကောင်မလေးပါကွယ်။ ရန်ကုန်တက်လာတဲ့ ရည်ရွယ်ချက်က ကြီးမားပါပေ့။ သူများတွေလို တိုးတက်ချင်လို့၊ အလုပ်လုပ်ချင်လို့၊ သင်တန်းတွေ တက်ချင်လို့ စသဖြင့် အဓိပ္ပာယ်ရှိသော ရည်ရွယ်ချက်တွေထက် သူမရဲ့အဓိကရည်ရွယ်ချက်က အထာထွန်းကို အပြင်မှာ မြင်ဖူးဖို့ပဲ။ ရန်ကုန်မှာနေရင် တစ်နေ့မဟုတ် တစ်နေ့တော့ အထာထွန်းနဲ့ တွေ့ရမှာပဲဟု ယုံကြည်ကာ အထည်ချုပ်စက်ရုံမှာလုပ်ဖို့ စွန့်စွန့်စားစား လိုက်လာတာ။ လက်ထဲမှာ ပိုက်ဆံက သိပ်မပါ။ အမေ အိမ်နေရင်း ဆင်ထားတဲ့ ဆွဲကြိုးပါးပါးလေး တစ်ကုံးတော့ ရှိသည်။

ဒါပေမဲ့ တကယ်တမ်း ရန်ကုန်ရောက်တော့ မလှနွယ်တို့ နေရ စားရတာတွေကြည့်ပြီး သူမ စိတ်ညစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ပေပတ်လည်လောက်ရှိတဲ့ အခန်းလေးထဲမှာ လေးယောက်လောက် တန်းစီအိပ်၊ စားတော့လည်း ဒီနေရာပဲ။ ချက်တော့လည်း ဒီနေရာပဲ။ မီးလေးတစ်ပွင့် ပေးထားသည်။ ပလပ်ပေါက်တစ်ခုမှာ ပေါင်းအိုးတည်ခွင့်ပေးသည်။ လျှပ်စစ်မီးပူနဲ့ တခြားလျှပ်စစ်ပစ္စည်းတွေ သုံးခွင့်မရှိ။ နေ့ခင်းဘက်ဆို မီးဖြတ်သေးသည်။ မီးကို ညနေခြောက်နာရီကနေ မနက်ခြောက်နာရီထိပဲပေးသည်။ အိမ်သာကလည်း စုပေါင်းအိမ်သာ။ စိတ်ပျက်စရာပါလေ။ ရေကျတော့လည်း ဝယ်သုံးရသည်။ ရေချိုးတာတောင် ပိုက်ဆံပေးချိုးရသည်။ အဆောင်နဲ့ မလှမ်းမကမ်းက ရေတွင်းရှိတဲ့ခြံမှာ သွားခပ်ချိုး အဝတ်လျှော်။ ပိုက်ဆံပေးရသည်။

ရတဲ့လစာကို ချွေတာခြစ်ခြုတ်ပြီး မနက်ည ရေလုံပြုတ်နဲ့စားမှ ပိုလျှံတာ။ ဒါတောင် တစ်နှစ်နေမှ အဝတ်အစားသစ်တစ်စုံလောက်ပဲ ချုပ်နိုင်၏။

ကျန်းမာရေးမကောင်းတဲ့လူဆို လစာအပြည့်မရတာနဲ့ ကျပ်တည်းပြန်ရော။

ရာဇဝင်မေ ထိုင်ငိုမိသည်။ အိမ်ကခိုးလိုက်လာတာမို့ခုနေ အိမ်ပြန်ရင်လည်း အမေကတော့ ဘာမှမပြောနိုင်ပေမယ့်



ကိုယ့်မာနနဲ့ကိုယ် မပြန်ချင်။ ဒီနားမှာနေပြီး စက်ရုံလုပ်ဖို့လည်း မဖြစ်နိုင်။ နေရတာတောင် ကျပ်သိပ်နေသည်။

သူမ ဂျာနယ်တစ်စောင် ဝယ်ဖတ်လိုက်သည်။ အခွင့်အလမ်းဂျာနယ်ပါ။ အလုပ်ကြော်ငြာတွေ အများကြီးပါသည်။

"မလှနွယ် မြို့ထဲသွားတတ်လား"

"ဘာလို့လဲ"

"ကျွန်မ မြို့ထဲမှာ အလုပ်လိုက်လျှောက်ချင်လို့။ လိုက်ခဲ့ပေးပါလား"

"အမယ်လေးဟယ် ... ငါသိပ်မသွားတတ်ပါဘူး။ ပြီးတော့ သွားတတ်ရင်တောင်မှ အလုပ်ဖျက်ပြီး ညည်းနောက်လိုက်ပေးလို့ မရဘူး။ ငါတို့စက်ရုံမှာပဲ ဝင်လုပ်လိုက်ပါလား"

"ကျွန်မ ဒီလို နေလည်းမနေနိုင်ဘူး။ ပညာတတ် ဘွဲ့ရပြီးမှ ဒီအလုပ်မျိုးလည်း မလုပ်ချင်ဘူး မလှနွယ်။ ကျွန်မ ပညာသင်ထားတာတွေ အလကားအဖြစ်မခံချင်ဘူး"

"နင်က ဘွဲ့ရဆိုတော့ ဘွဲ့ရနဲ့တန်တဲ့အလုပ် ပေးမှာပေါ့ဟဲ့။ လိုက်လျှောက်ကြည့်ပါဦး"

"စက်ရုံထဲမှာ တစ်နေ့ကုန် လုပ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ဟဲ့၊ အခြေအနေကောင်းပြီး အော်ဒါကျရင် အိုတီဆင်းရတယ်လေ။ အိုတီဆင်းရမှ ကျန်တာဆိုတော့ ပင်ပန်းတာနောက်ထား၊ အိုတီပဲ မျှော်နေရတာ။ ညဆယ် နာရီလောက်ထိများ ပုံမှန်ဆင်းရရင် ငါတို့အတွက် သုံး လေးသောင်းတော့ ကျန်တယ်"

ရာဇဝင်မေ သက်ပြင်းချလိုက်သည်။ သူမအနေ အထားနဲ့ ဘယ်လိုမှ မအပ်စပ်ဘူးလို့ မြင်နေမိသည်။

"ဘွဲ့တစ်ခုလောက်ရတာ ဟုတ်လှပြီ ထင်မနေနဲ့ ရာဇဝင် မေရေ။ ရုံးပိုင်းမှာ စာရေးမလုပ်ချင်ရင် ကွန်ပျူတာတတ်ရ သတဲ့။ အင်္ဂလိပ်စကားတို့ တရုတ်စကားတို့ ပြောတတ်ရ သတဲ့။ စာရေးမတွေက တရုတ်မတွေ များပါတယ်အေ။ သူတို့ပဲ လစာကောင်းတာ"

"ဟုတ်လား"

"ဟုတ်တယ်။ ညည်းမြို့ထဲမှာ အလုပ်သွားလျှောက်လည်း အဲဒါတွေတတ်မှ ရမှာနော်"

"မလုန္ဒယ်ကလည်း ကျွန်မ စိတ်ညစ်အောင် ပြောနေတယ်"





"ဩော် ... တကယ်ပြောတာ။ ရွာမှာ ညည်းအမေအလုပ် ဝင်လုပ်နေတာမှ ကောင်းပါဦးမယ်အေရယ်။ ကျုပ်တို့မှာက မလုပ်မဖြစ်လို့ ဒါလေးနဲ့ အသက်ဆက်နေရတာ၊ ညည်း အမြင်ပဲ။ ဘာပဲပြောပြော ဒီအလုပ်က ရွာမှာ စပါးရိတ် ကောက်စိုက် လုပ်တာထက်တော့ သာသေးတယ်လေ။ နွံ့ထဲ ဗွက်ထဲလည်း မဆင်းရဘူး။ မြွေကင်းလည်း မကြောက် ရဘူး"

ရာဇဝင်မေကတော့ သက်ပြင်းတွေချပြီး ရင်းချနေ မိသည်။ သူမ ရည်မှန်းချက်ကြီးကို စွန့်လွှတ်ရမလိုတောင် ဖြစ် နေပါပေါ့လား။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



အမေ လိုက်လာသည်။ သူမအဖြစ်ကိုမြင်တော့ ဆူလိုက်တာ။

"မိရာဇဝင်မေ ... ညည်းအေ ဒီကို လိုက်လာပြီး အလုပ်မလုပ်ဘဲ ဘာလုပ်နေတာတုန်း"

"သမီးမှ မလုပ်နိုင်တာ"

"ဖြစ်ရမယ်အေ၊ ငါ မပြောလိုက်ချင်ဘူး ဟင်း"

"အမေ သမီးကို လာခေါ်တာလား။ သမီး ပြန်မလိုက်ဘူးနော်။ ဒီမှာပဲ အလုပ်ရအောင်ရှာမှာ"

"ညည်းကို ပြန်ခေါ်လို့မရမှန်းသိလို့ မခေါ်တော့ပါဘူး။ ညည်းကို မြို့ထဲက ကျူပ်အမျိုးတွေဆီ လိုက်ပို့မယ်။ ဆွေပြတ် မျိုးပြတ် ဖြစ်နေတာတော့ ကြာပြီ။ ဒါပေမဲ့ ဟိုနေ့က ဖုန်းဆက်ကြည့်တော့ မမကြီးက ဝမ်းသာအားရကို



ခေါ်တာ။ ကံကောင်းချင်တော့ မမကြီးက အဆောင်ဖွင့်ထားတယ်တဲ့။ အဲဒါ ညည်းကို အဲဒီလိုက်ပို့မလို့၊ ဟင်း... မအေကို ပုန်ကန်သွားတာ ဒီမအေက မနေနိုင်လို့ လိုက်လာရတာပေါ့"

"အဲဒါကြောင့် အမေ့ကို ချစ်ရတာ"

"အပိုတွေ ပြောမနေနဲ့။ ကဲ ... ညည်း အဝတ်အစားအိတ်ယူ။ လှည်းတန်းသွားမယ်"

"အမေက သွားတတ်လို့လား"

"ကားငှားသွားမှာပေါ့အေ"

"အမေ သမီးတို့ကို အငှားကားသမား ညာခေါ်သွားရင် ဘယ်လိုလုပ်မလဲ"

"နေ့ခင်းကြောင်တောင်ကြီး မလုပ်လောက်ပါဘူး၊ လူကြည့်ငှားမှာပေါ့"

"ဟာ ... အမေ၊ သမီး ကြောက်တယ်။ လိုင်းကားနဲ့ပဲ သွားရအောင် အမေရာ"

"ငါ့နယ်နော် ... လူကြည့်တော့ နို့နံ့မစင်ချင်သေးဘူး။ ဒီပုံနဲ့များ ရန်ကုန် တက်လာသေးတယ် ဟင်း။ ကြောက်

www.burmeseclassic.com

www.burmeseclassic.com



တတ်တာ သူ့အပြင် နှစ်ယောက်မရှိဘူး။ ညည်း ဒီပုံနဲ့ ဒီမှာနေလို့ မဖြစ်ပါဘူး။ ရန်ကုန်မှာ မနေနဲ့တော့အေ။ အမေနဲ့ပဲ နယ်မှာ အေးအတူ ပူအမျှ နေစမ်းပါ။ ညည်း အဖေကလည်း ပြန်ခေါ်လာခိုင်းနေတာ"

"ပြန်တော့ မပြန်ဘူး။ သမီး ရန်ကုန်မှာပဲ နေချင်တယ် အမေ"

"ကဲ … ဒါဆိုလည်း ညည်း ဖြစ်အောင်သာ လုပ်တော့ပေါ့ အေ"

ဒီလိုနဲ့ သားအမိနှစ်ယောက် အမေ့အစ်မနှစ်ဝမ်းကွဲလောက်တော်သော မမကြီးဆီသို့ ရောက်လာ၏။ ဒေါ်မမကြီးက အဆောင်ဖွင့်စားတာပါ။ အပေါ်ထပ်မှာ သူတို့မိသားစုနေပြီး အောက်ထပ်မှာ အခန်းတွေကန့်ကာ မိန်းကလေးဆောင် ငှားစားသည်။

သူမကိုလည်း အဆောင်ငှားစားပါသည်။

"ဟဲ့ … မိမြရေ၊ ညည်းသမီးတောင် ဘွဲ့ရပြီလားဟဲ့"

"ဟုတ်တယ် မမကြီးရေ။ သူ့မှာ ရန်ကုန်မှာ အလုပ်လုပ်ချင်တာ တစ်ပိုင်းသေနေပြီ။ ဘယ်မှမသွားတတ် မလာ





တတ်။ ဟင်း … ခုဆို ဒီလိုလာတာတောင် အငှားကား မစီးရဲဘူးဆိုလို့ လိုင်းကားစီးလာရတယ်။ ကျွန်မမှာ ကားမူးလွန်းလို့ပါတော်"

"နောက်တော့ အဆင်ပြေသွားမှာပါ၊ ငါ့အဆောင်မှာ ကျောင်းသူသင်တန်းသူ အလုပ်လုပ်နေတဲ့သူ မျိုးစုံရှိတယ်။ သူတို့ကို မေးမြန်းပြီး အလုပ်ရှာပေါ့။ သူတို့ကိုပေါင်းပြီး သွားတတ် လာတတ်အောင် လုပ်ပေါ့။ အဆောင်သူအကုန် အေးဆေးလေးတွေချည်းပဲ။ ငါက လူကြည့်ပြီးမှ လက်ခံတာ။ လူကဲခတ်မကျွမ်းကျင်ရင်လည်း အဆောင်ဖွင့်စားလို့ မရဘူး။ စုန်းပြူးတွေပါလာရင် အဆောင်တစ်ခုလုံး အမွှေခံရမှာလေ"

"ဟုတ်ကဲ့ပါ၊ မမကြီးပဲ အပ်ခဲ့မယ်နော်"

"ကိုယ့်တူမပဲ ငါကြည့်ရှုထားမယ်၊ စိတ်ချထားခဲ့။ ငါ့အိမ်မှာ ယောက်ျားသားလည်း မရှိဘူး၊ အပေါ်မှာ ငါတို့သားအမိနဲ့ အကူမိန်းကလေးပဲရှိတာ။ ငါ့အမေ့ဆိုတာလည်း သိတဲ့အတိုင်း သိပ်သွားလာနိုင်တော့တာ မဟုတ်ဘူး"

"မမကြီးသား ရှိတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်၊ သင်္ဘောလိုက်နေတယ်လေ။ ပြန်လာလည်းခဏပဲ။ အိမ်ထောင်ရက်သားလည်း မကျသေးဘူး။ သားပို့တာနဲ့ စားနိုင် လှူနိုင်ပါတယ်။ အဆောင်က အဲဖော်ရအောင် ဖွင့်စားတဲ့ သဘောပဲ"

"ဟုတ်ကဲ့ မမကြီး"

ဒေါ်မမကြီးက အဆောင်က မိန်းကလေးတွေနဲ့ ခေါ်မိတ်ဆက်ပေးသည်။

"ဒါ အန်တီ့တူမလေး။ ခုမှ နယ်ကလာတာ သိပ်မသွားတတ် မလာတတ်ကလေးမို့လို့ အပြင်တွေ ဘာတွေခေါ်သွားပေးကြဦး သမီးတို့။ ဘွဲ့ရပြီးသား အလုပ်ကလေးဘာလေး ရှိရင်လည်း လက်တို့ကြပါဦး"

"ဟုတ်ကဲ့ပါ အန်တီ။ အလုပ်လုပ်ဖို့ကတော့ အနည်းဆုံး ကွန်ပျူတာလောက်တတ်မှ ရမှာ။ ကွန်ပျူတာလေး အရင် တက်လိုက်ပါဦး"

"အေးဟယ် ... ကောင်းတဲ့သင်တန်းကလေး အပ်ပေးပါဦး"

ဒီလိုနဲ့ပဲ ရန်ကုန်မှာ ခြေစကျခဲ့တယ်။ အမေလည်း သူမကို စိတ်ချပြီး ရွာပြန်သွားပြီ။



---



အဆောင်မှာနေပြီး ကွန်ပျူတာသင်တန်းတက်သည်။

"ခုခေတ်က အလုပ်လျှောက်ရင် ကွန်ပျူတာနဲ့ ပတ်သက်တဲ့ ကျွမ်းကျင်လက်မှတ်လေးတစ်ခုခုပါမှ။ တခြားစကားပြောတွေထက် ကွန်ပျူတာတတ်ဖို့က ပိုအရေးကြီးတယ်"

အဆောင်သူတွေ အကြံပေးလို့ သူတို့တက်တဲ့ ကွန်ပျူတာသင်တန်း လိုက်တက်သည်။

တစ်ဖက်ကလည်း သူတို့နဲ့အတူ အလုပ်တွေ လိုက်လျှောက်ကြည့်သည်။ မရပါဘူး။

ဘာအတွေ့အကြုံမှမရှိ။ ဘာဒီပလိုမာလက်မှတ်မှ မပါတဲ့ သူမကို ဘယ်အလုပ်ကမှ မကြိုဆိုခဲ့ကြ။ ပိုဆိုးတာက သူမမှာ လိုင်းကားတောင် တစ်ယောက်တည်း မစီးတတ်သေးတဲ့ဘဝ။ ဘယ်ကားစီးရင် ဘယ်ရောက်မယ် ဆိုတာကိုတောင် မသိသေးဘူးလေ။ ဒီလို အူလည်လည်ကို ဘယ်သူက ခန့်ချင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့။

သူမ အူလည်လည် မဟုတ်ပါ။ တက္ကသိုလ်ဒေး တက်ထားတဲ့ ဘွဲ့ရတစ်ယောက်ပါ။

ရန်ကုန်ကို ခုမှတက်လာရတာမို့ အသားမကျသေးရုံ လောက်ပါ။ ကွန်ပျူတာတက်ရင်း အင်္ဂလိပ်စကားပြောတွေလည်း တက်သည်။

အချိန်ကုန်ခံပြီး ဘာဟင်းမှ ဖွယ်ဖွယ်ရာရာ ချက် မစား။ အဆောင်သူဘဝက တက္ကသိုလ်တက်ရင်းနဲ့ကို အသား ကျခဲ့ပြီးသား။ အချိန်ကုန် ငွေကုန် သက်သာတဲ့ ကြက်ဥကြော်၊ ကွန်စွန်းရွက်ကြော်၊ ငါးကြော်၊ ကြက်သားကြော်၊ ခေါက်ဆွဲပြုတ် စသည့် အသားကြော် အရွက်ကြော်တွေနဲ့ပဲ ဝမ်းရေးကို ပြီးစီးစေ ခဲ့သည်။ ဟင်းအနှစ်နဲ့ ဖွယ်ဖွယ်ရာရာ စားရရင်တောင် မစား တတ်သလောက်ပါပဲ။

သူမ တစ်ချိန်လုံး ကြိုးစားခဲ့သည်။ သင်တန်းတွေ တက်လို့ပြီးတဲ့အထိလည်း အလုပ်က ရှာမရ။ နောက်ဆုံး အလုပ် ရှာမရတဲ့အဆုံး သူမတို့အဆောင်နဲ့ မျက်စောင်းထိုးက စတိုးဆိုင် လေးမှာ သွားလုပ်သည်။ လခက နည်းနည်းလေး။ စတိုးဆိုင်





သေးသေးလေးမှာ ဈေးကူရောင်းတဲ့ အဆင့်လေ။ မနက်ကိုးနာရီ ကနေ ညကိုးနာရီ ဆိုင်ပိတ်တဲ့အထိ အလုပ်ဆင်းရသည်။ တစ်နေ့ ကုန် မတ်တတ်ဘဲ။ ထိုင်ခွင့်မရှိ။ ပစ္စည်းပျောက်ရင်လည်း လျော် ရသည်။ ကောင်းတာဆိုလို့ တစ်ခုပဲရှိသည်။ ညနေ နှစ်နာရီ သုံး နာရီလောက်ဆို အသီးဖြစ်စေ၊ မုန့်ဖြစ်စေ ကျွေးသည်။

တစ်နေ့ကုန် မတ်တတ်။ ညောင်းကိုက်နေတာပဲ။ တစ်ပတ်လောက်လည်း ဆင်းပြီးရော သူမ ဆက်မဆင်းနိုင်တော့။ ထိုအလုပ်က ပညာလုံးဝမတတ်လည်း ရသည်။ ဈေးကူရောင်းရုံ လေ။ သူမ တော်တော်ဝမ်းနည်းသွားသည်။ လစာကလည်း ဘာမှရတာမဟုတ်။ စတိုးဆိုင်လေးကပေးတဲ့ လစာက အမေပေး သော တစ်ပတ်စာမုန့်ဖိုးပဲ ရှိသည်။

ရန်ကုန်မြို့ကြီးကို ခြေဖျားလေးနဲ့ စချကြည့်တာ ကျဉ်ခနဲ ဖြစ်သွားသည်။ သိပ်တော့မလွယ်ဘူး။

"ရာဇဝင်မေရယ် ... နင့်အနေအထားနဲ့ အဲဒီအလုပ်တော့ မလုပ်ပါနဲ့ဟယ်။ တခြားကောင်းကောင်းမွန်မွန်ပဲ ရှာစမ်း ပါ။ ငါ အခုလုပ်နေတဲ့ စားသောက်ဆိုင် ဧည့်ကြိုအလုပ် ကို စိတ်ပျက်လို့ ငါလည်း အလုပ်ရှာနေတာ။ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



လမ်းညွှန်က လူခေါ်နေလို့ ငါသွားလျှောက်မလို့ နင်ရော ငါနဲ့လိုက်လျှောက်မလား”

“လျှောက်မယ်လေ မဖူး”

“အေး … အဲဒီအလုပ်က လစာကောင်းတယ်တဲ့။ ရရင်တော့ ပျော်စရာကြီးပဲ”

မဖူးနဲ့ အလုပ်လိုက်လျှောက်တာ မဖူးပဲ အလုပ်ရပြီး သူမကတော့မရ။

“တို့အလုပ်က တစ်မြို့လုံးလှည့်ပြီး ဒေတာကောက်ရမှာ၊ မင်း လိုင်းကားကျွမ်းကျွမ်းကျင်ကျင် မစီးတတ်၊ သိပ်မသွားတတ် မလာတတ်တော့ ခန့်လို့မဖြစ်ဘူးလေ”

♥ ❖ ♥





ကွန်ပျူတာဆိုင်တစ်ခုမှာ စာစီစာရိုက် ဝင်လုပ်သည်။ သာမန်ဘွဲ့လေးတစ်ခုက အလုပ်ရှားလှိုက်တာနော်။ နယ်မှာနေရင်တောင် ကျောင်းဆရာမလောက်တော့ ဖြစ်ဦးမည်။

ကွန်ပျူတာစာစီစာရိုက် လုပ်တဲ့ထဲမှာ အဝေးသင်တက်နေသူတွေရော ဘွဲ့ရတွေပါပါသည်။

ထိုအလုပ်ကတော့ နေစရိတ်၊ စားစရိတ်လောက်တော့ ရပါသည်။ ပိုပိုလျှံလျှံတော့မရှိ။ ဒါပေမဲ့ တစ်နေ့ တစ်နေ့ ကွန်ပျူတာရှေ့က မခွာရ။ ဇက်ကြောတွေလည်း တက်ကာ ညောင်းကိုက်နေသည်။ အမြဲကွန်ပျူတာကြည့်နေရတာမို့ ကြာရင် မျက်လုံးလည်း ထိခိုက်နိုင်သည်။

တိုးတက်ရာ တိုးတက်ကြောင်း တက်လမ်းလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သစ်မရချင်တော့ ဝါးဖောင်ကွပ်ထားရတာပဲလေ။ ကိုယ့်စိတ်ကြိုက်အလုပ် မရရင်တော့ ဒီလိုပဲ မှေးပြီးလုပ်ရဦးမှာပေါ့။

ကွန်ပျူတာ စီစာရိုက်လုပ်နေရင်းနဲ့ပဲ အလုပ်ရှာရပါသေးသည်။ သူမနဲ့ ကိုက်ညီမယ့် အလုပ်မျိုးပေါ့။

အဲဒီလိုနဲ့ ကွန်ပျူတာဆိုင်မှာ စာရိုက်ရာကနေ ဂျာနယ်ဝင်္ကက်တစ်ခုကို ရောက်သွားသည်။ စာစီစာရိုက်နဲ့ပဲပေါ့။ တဖြည်းဖြည်းနဲ့ လူရည်လည်း လည်လာပြီ။ သွားတတ် လာတတ်လာပြီလေ။ ဂျာနယ်တိုက်မှာ စာရိုက်တော့ အထာထွန်းနဲ့ နီးစပ်စရာလမ်းကို တွေ့သွားပြီ။ သူမလုပ်တဲ့ ဂျာနယ်က အနုပညာသတင်းဂျာနယ်။ အနုပညာလောကသားတွေနောက် လိုက်နေရတဲ့ဂျာနယ်။ သူမက ရုံးမှာစာစီရာကနေ သတင်းထောက်လုပ်ချင်လာသည်။

သတင်းထောက်ဆိုရင် သတင်းလိုက်ရင်း အထာထွန်းနဲ့ တွေ့ခွင့်ရနိုင်သည်။ သူမအတွက် အထာထွန်းနဲ့တွေ့ခွင့်ရနိုင်သည်။ သူမအတွက် ကြိုးစားရင် ကြိုးစားသလောက်တက်လမ်းလည်းရှိသည်။ လောလောဆယ်တော့ စာပဲရိုက်နေရသည်။





ဒါပေမဲ့ ...

သူမ အယ်ဒီတာချုပ်ဆီမှာ အလုပ်သင်သတင်းထောက်အဖြစ် ပြောင်းပေးဖို့ တောင်းဆိုကြည့်သည်။

စာရိုက်မယ့်သူ နောက်တစ်ယောက် ထပ်ခန့်ပြီးမှ သူမရာထူးကို ပြောင်းပေးမည်ဟု ပြောလိုက်တုန်းက သူမ သိပ်ကိုပျော်ရွှင်သွားသည်။

အထာထွန်းက အပြင်မှာ အရမ်းချောတာပဲတဲ့။ ရုံးက သတင်းထောက်တွေပြောတော့ သူမလေး ရင်တွေခုန်လိုက်တာနော်။ အထာထွန်းနဲ့ မျက်နှာချင်းဆိုင် တွေ့ခွင့်ရရင် သူမ ဘယ်လိုနေမလဲမသိ။ ရင်တွေတုန်၊ နှလုံးခုန်သံတွေတုန် ခြေဖျားလက်ဖျားတွေလည်း အေးစက်သွားနိုင်သည်။

သတင်းလိုက်ရမယ် ဆိုရင်လည်း အထာထွန်းသတင်းတွေချည်းပဲ လိုက်ရရင် ပိုကောင်းမည်။

အတွေးနဲ့ ရူးရလွန်းလို့ မောပါ့ကွယ်။

သူမ ရုံးပိုင်းဆိုင်ရာလည်း စိတ်မဝင်စား။ Marketing လည်း စိတ်ဝင်စားပဲ သတင်းထောက် ဖြစ်ချင်တယ်ဆို၍ အယ်ဒီတာက သဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတင်းထောက်ဆိုတာ ပင်ပန်းတယ်နော်။ ပြီးတော့ သူများထက် နှာတစ်ဖျား အမြဲသာနေရမယ်။ ချစ်လို့ပဲဖြစ်စေ၊ မုန်းလို့ပဲဖြစ်စေ၊ အသာအနာ ရေးလို့မရဘူး။ အနုပညာသတင်းထောက်ဆိုတာ အနုပညာသည်နဲ့ ပရိသတ်ကိုပေါင်းကူးပေးတာ။ သတင်းမှန်ကို တတ်နိုင်သမျှ 100% မှန်အောင်ပဲ ရေးရမယ်။ ကိုယ့်ထင်မြင်ချက်တွေ ထည့်ရေးရင် မှားတတ်တယ်။ ပွအောင်လည်း မဖွနဲ့ ဒါဆို ညည်း ဒီလောကမှာ ရေရှည်ရပ်တည်နိုင်မယ်။ ဖွတာက ခဏတော့ နာမည်ကြီးမယ်။ ရေရှည် ဘယ်သူမှ အယုံအကြည်ရှိမှာ မဟုတ်တော့ဘူး"

စသဖြင့် လက်ချာ အရှည်ကြီး အရိုက်ခံရ၏။

♥ ❖ ♥





အလုပ်သင်အနုပညာသတင်းထောက်။

သူမ ဒီအလုပ်ကို ဖော်ဖော် သဘောကျပါ၏။ သူမပထမဆုံး လိုက်ရမယ့် သတင်းကို အထာတွန်းနဲ့ ပတ်သက်တဲ့သတင်းပဲ လိုက်ချင်သည်။ ဒါပေမဲ့ သူမက အလုပ်သင်လေ။ သူမရဲ့စီနီယာသွားတဲ့နောက်ကို လိုက်ရတာလေ။

ကံဆိုးတာပဲ။ သူမဘဝမှာ စတင်၍ ကံဆိုးခြင်းနိမိတ်ဟု မမှတ်ချင်ဘူး။ ဒါပေမဲ့ သူမ ပထမဆုံးစလိုက်ရတဲ့သတင်းက မင်းသမီး ရွှေမြရောင်ရဲ့အင်တာဗျူးတဲ့။ ရွှေမြရောင်ရှိတဲ့ ရှုတင်ကိုသွားသည်။ ရွှေမြရောင် ချိန်းထားသည့် အချိန်ထက် တစ်နာရီကြိုပြီး သွားစောင့်နေရသည်။ သူမစိတ်တွေ မကြည်လင်လိုက်တာ။

www.burmeseclassic.com



ရွှတင်ခြံကို ရွှေမြရောင်က အချိန်အတိအကျ ရောက်လာသည်။ ပရာဒိုကားကြီးနဲ့ ရွှေမြရောင် ကိုယ်တိုင်မမောင်းပါ။ အမျိုးသမီးဒရိုင်ဘာနဲ့ လာတာပါ။

ရွှေမြရောင် ဆင်းလာပြီ။

လှလိုက်တာ။ ရက်ရက်စက်စက်ကို လှ၏။ အသားအရေကလည်း အစက်အပြောက်မရှိဘဲ ဝင်းနှစ်နေသည်။

ရွှေမြရောင်ရဲ့ မိတ်ကပ်သမားကလည်း မိန်းမပဲ။ သူများတွေလို အခြောက်မာမီမဟုတ်။ သူမ ဒရိုင်ဘာက သူမအဖော်အဖြစ် အဝတ်လဲတာတွေလည်း ကူညီသည်။ နောက်တစ်ဦးကတော့ ရွှေမြရောင်၏မိခင်။

သူမ မိခင်က ဘယ်သွားသွား လိုက်သတဲ့။ ဒရိုင်ဘာ မိတ်ကပ် ကူဖော်လောင်ဖက် အားလုံး မိန်းမစစ်စစ်တွေချည်းပဲ။

ကြည်လိုက်တာနဲ့ အရှိန်အဝါတစ်မျိုး လင်းလက်နေသည်။

မျက်နှာလေးကလည်း ကြည့်ရတာကို ကျက်သရေရှိနေသည်။ မင်းသမီးတစ်ယောက်ကို အပြင်မှာ အရှင်လတ်လတ် စမြင်ဖူးတာမို့ သဘောကျရမည့်အစား ဝမ်းနည်းသလိုလို ဖြစ်နေ၏။





သူမ စီနီယာက ရွှေမြရောင်ကို ဗျူးဖို့လုပ်နေပြီ။ သူမကတော့ စီနီယာနား ကပ်ထိုင်ကာ သူတို့မေးဖြေနေတာတွေကို နားတောင်နေရတာပေါ့။ ဒါဝေမဲ့ နားထဲ ရောက်တစ်ချက် မရောက်တစ်ချက်။ ခေါင်းအစခြေအဆုံး လှရက်ပါပေ့ ရွှေမြရောင်။ ရာဇဝင်မေတို့မှာတော့ လိုင်းကားတိုးစီးရလို့ မသပ်မရပ် ချွေးနံ့တွေနဲ့။

ရွှေမြရောင်ဆီက ရေမွှေးရနံ့ မျော့မျော့ကလေးက ဈေးကြီးရေမွှေးမှန်း သိသာကာ ရင်ထဲကို အေးမြသွားစေသည်။

"မြန်မြန်တော့ မေးနော်။ ရှူတင် ခုမှရောက်တာ ဒိုင်ယာလော့ခ် မကျက်ရသေးဘူး"

"ဟုတ်ကဲ့ပါ မရွှေမြရောင်။ နောက်ဆုံးမေးခွန်းလေးပါ။ မရွှေမြရောင်နဲ့ အထာထွန်းတို့ အရမ်းလိုက်ဖက်တယ်လို့ ပရိသတ်တွေက ပြောကြပါတယ်။ မရွှေမြရောင်ကရော တခြားမင်းသားတွေထက် အထာထွန်းနဲ့ အပေးအယူ ပိုတည့်တယ် ထင်ပါသလား"

"မေးခွန်းက တစ်မျိုးပဲ။ အဲဒီမေးခွန်းကို သဘောမကျလို့ မဖြေဘူး။ အင်တာဗျူးထဲလည်း မထည့်နဲ့။ ဟုတ်ပြီနော်။ ကဲ ... ဒါရိုက်တာကြီး ရိုက်လို့ရပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက် ခပ်မြန်မြန် ပြန်လစ်ခဲ့ရသည်။ လမ်းကျတော့ ရာဇဝင်မေက ...

"မနွယ် ... ရွှေမြရောင်က စိတ်သိပ်မရှည်ဘူးနော်"

"ဒီလိုပါပဲ။ နာမည်ကြီးတွေဆိုတော့ သူတို့စိတ်မရှည်လည်း တို့က စိတ်ရှည်ရတယ်၊ တို့က သတင်းလိုချင်တာကိုး"

"အေးပေါ့နော်"

ရာဇဝင်မေကတော့ အမုန်းခာတ်ခံရှိလို့လား မသိ။ စိတ်ထဲမှာ မနှစ်သက်သလို ဖြစ်နေ၏။ သတင်းထောက် အမုန်းဖျောက်ရမယ်ဟု ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးနေရသည်။

♥ ❖ ♥



သူမ စောင့်နေသောနေ့ကို မကြာခင်မှာပဲ ရောက်ရှိလာပါသည်။ အထာထွန်း ရှုတင်သတင်း သွားယူရသည်။ အထာထွန်းကိုတော့ မဖျူးခဲ့ရပါ။ ကြိုမချိတ်ထား၍ မဖြေပေးပါ။ ဒါရိုက်တာနဲ့ ဇာတ်ညွှန်းကို ဖျူးခဲ့ရတာ။ သူမက အလုပ်သင်ပဲမို့ သူမစီနီယာ မနွယ်ကပဲ ဦးဆောင်မေးသွားတာပါ။

အထာထွန်းက မရောက်သေး။ ဒါရိုက်တာနဲ့ဇာတ်ညွှန်းကို ဖျူးပြီးတဲ့အထိ အထာထွန်းက ရောက်မလာသေးပါ။

မင်းသားက တိကျသတဲ့။ နောက်နာရီဝက်နေမှ ရောက်မတဲ့။ ဘယ်တော့မှ ကြိုမလာသလို နောက်လည်းမကျဘူးတဲ့။

ဖျူးပြီးတော့ မနွယ်က ပြန်ဖို့ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနွယ် ခဏနေပါဦး။ ကျွန်မ အထာထွန်းကို မြင်ဖူးချင်လို့ သူလာမှ သွားရအောင်နော်"

"ဟာ ... မရဘူး။ ငါတို့က နောက်တစ်နေရာ သွားရဦးမှာ။ အချိန်မရဘူး ပြန်မယ်။ အခုမမြင်ဘူးလည်း မပူနဲ့ နောက်ဆို ခဏ ခဏ မြင်ဖူးရမှာ။ လာ ... လာ ... နောက်တစ်နေရာ ကူးကြစို့။ ငါတို့ သတင်းထောက်အလုပ်ဆိုတာလည်း အချိန်နဲ့ အလုပ်လုပ်ရတာ။ တော်ကြာ သတင်းဖောင်မပြည့်ဘဲနေမယ်"

သူမ အီလည်လည်နဲ့ မနွယ် နောက်ကို လိုက်ရတော့သည်။ လှဲပြန်ပေါ့။ ခဲလေသမျှ သဲရေကျပါပဲ။

နောက်တစ်နေရာက စာနယ်ဇင်းမိတ်ဆက်ပွဲပါ။ သူမစိတ်တွေကတော့ ပွဲမှာမရှိ။ အထာထွန်းရဲ့ရှုတင်ကိုပဲ စိတ်က ရောက်နေသည်။

"ရာဇဝင်မေ မှတ်စရာရှိတာ မမှတ်ဘူးလား။ ဪ ... ဒီပုံစံနဲ့များ သတင်းထောက်လုပ်ချင်သေးတယ် ဟုတ်လား"

ရာဇဝင်မေ စိတ်ပိုညစ်သွားသည်။ အထာထွန်းကို မတွေ့ခဲ့ရလို့ပါဆို စီနီယာရဲ့အပြားကိုပါ ခံရသည်။



တကယ်တော့ သတင်းထောက်အလုပ်ကို ဝါသနာပါလို့ လုပ်တာမှ မဟုတ်တာ။ သတင်းထောက်လုပ်ရင် အထာထွန်းနဲ့တွေ့ခွင့်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာပါ။ အေးလေ တခြားအလုပ်တွေထက်စာရင် ဒီအလုပ်က သူမအတွက် လတ်တလောတော့ အဆင်ပြေနေသေးသည်။ အထာထွန်းကို အနီးကပ်တွေ့ခွင့်ရဖို့ နည်းလမ်းကလည်း ဒါပဲရှိတာလေ။

သူမ ပွဲထဲမှာ စိတ်ရောဖွဲ့အောင် မနည်းကြိုးစားတာ လိုက်မှတ်နေရသည်။ ဝါသနာပါပါ မပါပါ အလုပ်ကိုတော့ လေးစားရမည်လေ။ သတင်းထောက်အလုပ်ဆိုတာကို သူမကိုယ်တိုင် ရွေးချယ်ထားတာပဲလေ။

♥♣♥

www.burmeseclassic.com



လတ်တလော သတင်းတွေလိုက်ရင်း၊ သတင်းတွေရေးရင်းနဲ့ပဲ အချိန်ကုန်ခဲ့သည်။ အထာထွန်းနဲ့ မတွေ့ရသေးပေမယ့် တခြားသရုပ်ဆောင်တွေနဲ့တော့ တော်တော်များများနဲ့ကို ဆုံရပြီးပြီ။ ရွှေမြရောင်နဲ့ဆို နှစ်ခါတောင် ဆုံပြီးပြီ။ အထာထွန်းနဲ့တော့ လွဲလို့ကောင်းနေတုန်းပဲ။

"ကဲ ... ရာဇဝင်မေ၊ ရာဇဝင်မေလည်း အလုပ်သင်သတင်းထောက်ဘဝနဲ့ ကြာပြီဆိုတော့ ဒီနေ့ကစပြီး အလုပ်သင်မဟုတ်တော့ဘဲ သတင်းထောက်အဖြစ် သတင်းတွေကို စလိုက်တော့ ဟုတ်လား"

"ရှင် ... တကယ်လား"

"ဘာလဲ ... တစ်ယောက်တည်း မလိုက်ရဲသေးဘူးလား"

"လိုက်ရဲပါတယ်။ အံ့ဩသွားလို့ပါ"





"ကောင်းပြီ၊ ဒါဆို ဒီနေ့ပဲ အထာထွန်းကို ရအောင်ချိတ်ပါ။ မျက်နှာဖုံးရှုတင်ချိန်။ မျက်နှာဖုံးနဲ့ အင်တာဗျူးတင်မယ်"

"ရှင်"

"ရာဇဝင်မေ ကြောင်စီစီနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ရှင် ... ကျွန်မ ဝမ်းသာလို့ပါ။ ပထမဆုံးအင်တာဗျူးကို အထာထွန်းနဲ့ဆိုတော့"

"ဝမ်းသာရင် ကောင်းကောင်းသာလုပ်ပေတော့"

သူမ အားရဝမ်းသာနဲ့ အထာထွန်းဖုန်းကို လိုက်ချိတ်တော့သည်။ ဖုန်းက ပိတ်ထားတာနဲ့ မကိုင်တာနဲ့ တိုးနေတော့သည်။ ဒါပေမဲ့ သူမ စိတ်ဓာတ်မကျ။ တက်တက်ကြွကြွနဲ့ကို ကြိုးစားသည်။

အယ်ဒီတာကလည်း သူမကို တမင်ခက်ခဲတာကိုမှ ခိုင်းတာ။ ဒါပေမဲ့ သူမကတော့ ရေငတ်တုန်း ရေတွင်းထဲကျတာပဲ။ အယ်ဒီတာရဲ့စမ်းသပ်မှုက သူမကို ရွှေတံဆိပ်ဆုကြီးချလိုက်သလိုပဲ။

သူမ အထာထွန်းရဲ့ဖုန်းကို ဆက်မရတော့ အထာထွန်း ရှုတင်ကို စုံစမ်းသည်။ ဒါပေမဲ့ အထာထွန်းက ပြင်ဦးလွင်

www.burmeseclassic.com



မှာ သွားရိုက်နေတယ်ဆိုတော့ ဘယ်လိုမှ မတတ်နိုင်တော့။ ပြင်ဦးလွင်က ပြန်လာမှပဲ လှုပ်ရှားလို့ ရမှာပေါ့။

ဒါပေမဲ့ ဖုန်းကိုတော့ တောက်လျှောက်ဆက်နေမိသည်။ တစ်ခါလောက်တော့ ကိုင်ချင်ကိုင်မှာပေါ့။

သူမ အသည်းအသန် ဖုန်းတွေလိုက်ခေါ်နေတာကို အယ်ဒီတာကတော့ သဘောကျနေသည်။ အလုပ်ကြိုးစားတယ် ထင်ပ။ ဒီက ကိုယ့်အကြောင်းနဲ့ကိုယ်။ ဘဝဆိုတာ တစ်ခါတလေ ဒီလို လှလှပပလေးလည်း လွဲတတ်သေးတယ်လေ။

အထာထွန်း ရန်ကုန်ပြန်ရောက်တာကို သူမသိရတာနဲ့ သူ ဘယ်မှာရှုတင်ရှိသလဲဆိုတာ စုံစမ်းပြီး ထိုရှုတင်ကို လိုက်သွားသည်။ သူမလေ သူ့ကို စောင့်ရတဲ့စက္ကန့်တိုင်း ရင်တွေခုန်ပြီးရင်း ခုန်နေမိသည်။ မကြာခင် သူမ သူ့ကိုတွေ့ရတော့မည်။

သူ မအောင်မြင်ခင် အသစ်ဘဝတည်းက ရှုးသွပ်စွာ အားပေးခဲ့ရတာလေ။

ဒီနေ့ သူနဲ့တွေ့ရတော့မည်။ အိပ်မက်ပမာပါပဲ။

သူမကိုယ်သူမလည်း အတတ်နိုင်ဆုံး သပ်သပ်ရပ်ရပ် ပြင်လာခဲ့သည်။ ဘယ်လိုပဲပြင်ပြင်ပေါ့လေ။ မင်းသမီး ရွှေ





မြရောင်ကိုတော့ ဘယ်မီပါ့မလဲ။ သူမ ဘာလို့ ရွှေမြရောင်နဲ့ယှဉ်ယှဉ်နေမိပါလိမ့်။

မြန်မာဆန်ဆန် ရိုးရိုးလေး ဝတ်စားပြင်ဆင်လာမိပေမယ့် အရန်ဇာတ်ပို့မင်းသမီးတွေလောက်တောင် မလှပါဘူးကွယ်။

သူမကပဲ စောနေတာလားမသိ။ အထာထွန်းက တော်တော်နဲ့ ရောက်မလာ။ ရှုတင်မှာ ခပ်တည်တည်လာစောင့်နေသော သူမကို တချို့တွေက သတင်းထောက်မှန်း သိကြပါသည်။ ဘာမှတော့ လာမမေးကြ။ သူမကပဲ သတင်းထောက်ပီပီ လိုက်မေးမြန်းစူးစမ်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသား အထာထွန်းက အချိန်အတိအကျ ရောက်လာသည်။ အထာထွန်းရဲ့ BMW ကားကြီးက ငြိမ့်ခနဲ ရပ်လာသည်။ သူလည်း ထိုနည်းလည်းကောင်း ဆိုသလိုပဲ။ သူ့နောက်မှာ သူ့မန်နေဂျာနဲ့ သူနိုင်းတဲ့ကောင်လေး ပါလာသည်။ မန်နေဂျာက ကားပါမောင်းသေးသည်။

မန်နေဂျာနဲ့ ကောင်လေးပဲ ဆင်းလာသေးသည်။ အထာထွန်းက မလာသေး။ ရာဇဝင်မေ ရင်တွေတလှပ်လှပ် ခုန်နေသည်။

ရာဇဝင်မေရဲ့ မျက်လုံးတွေက အထာထွန်းရဲ့ကားတံခါးမှာ ရစ်ဝဲနေသည်။

"မင်းသား လာပြီဟေ့။ ရိုက်ဖို့ပြင်"

သူ့မန်နေဂျာက ...





"ဒါရိုက်တာကြီး မြန်မြန်လေးနော်။ ညနေပွဲတက်စရာလေး ရှိလို့"

"လုပ်ပြီ ဂျာကြီးတို့ကတော့။ လာတဲ့အချိန်လည်း ကြည့်ဦးလေဗျာ"

"လုပ်ပါ ဒါရိုက်တာကြီးရဲ့"

ရာဇဝင်မေ ကြည့်နေတုန်း ကားတံခါးဖွင့်ကာ ဆင်းလာသည်။

"အမယ်လေး"

ရင်ထဲမှာ မြည်ဟည်းသွားသော အသံပါ။ ချောလိုက်တာ။ အရပ်ကလည်း အမြင့်ကြီးပဲ။ အသွားအရေကလည်း လှလိုက်တာ။ သူမ မင်းသားကို ငေးမောနေမိသည်။ ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်းမေ့၊ အသက်ရှူဖို့လည်း မေ့သွားသည်။ ရင်တွေခုန်တာ တဒုန်းဒုန်း တဒိန်းဒိန်းပဲ။ သူမ မျက်တောင်ရောခတ်မိရဲ့လားမသိဘူး။ ဟန်ဆောင်ထိန်းချုပ်ဖို့လည်း မေ့လျော့စွာနဲ့။

မင်းသားလာတာနဲ့ တရုန်းရုန်း ဖြစ်သွားသည်။ ရိုက်ဖို့ရယ်ဒီပြင်ဆင်ကြတာလေ။ သူမကို သတိထားမိသူမရှိ။ သူမမှာ အထာထွန်းကို အရှင်လတ်လတ်ကြီး မြင်ရသဖြင့် ဝမ်းသာလုံးဆို့ကာ မျက်ရည်တွေတောင် ဝဲတက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အထာထွန်း ရောက်တာနဲ့ ဒါရိုက်တာက ဒိုင်ယာလော့ခ်ချသည်။ ဉာဏ်ကောင်းပုံပဲ။ ဒိုင်ယာလော့ခ်ကိုလည်း သိပ်မချရ။ တန်းရိုက်သည်။

သူမမေ့လျော့စွာ ငေးမောနေတုန်း။ အလုပ်လုပ်ရမှာကို မေ့လျော့နေသည်။ ရင်ဘတ်ကိုလည်း မသိမသာ ဖိထားမိသည်။ ရင်တွေ ခုန်လိုက်တာ။

"ကတ်"

"အမယ်လေး"

ကတ်သံအဆုံး သူမ ယောင်လိုက်တာ အကျယ်ကြီး။ အားလုံးအကြည့်တွေက ခုမှ သူမဆီရောက်လာသည်။ ပြီးတော့ ပြုံးကုန်ကြသည်။ အထာထွန်းကလည်း တစ်ချက်တော့ လှမ်းကြည့်သည်။ မပြုံးမရယ် ခပ်တည်တည်နဲ့ အကြည့်လွှဲသွားသည်။ ဖျတ်ခနဲ ကြည့်လိုက်တာ ခဏလေးပါပဲ။ ဒါပေမဲ့ သူမ မိန်းမောသွားသည်။ မျောသွားသည်။ မျောလို့ကောင်းနေတုန်း နောက်တစ်ခန်း ထပ်ရိုက်နေပြီ။ ဘယ်လိုပဲကြည့်ကြည့် ရင်ထဲကို ငြိပြီးရင်း ငြိနေပြီ။ ဒုက္ခပဲ။

မင်းသမီးရဲ့မိတ်ကပ်မာမီက ...





"ဟဲ့ ... ငေးလှကြည့်လှချည်လား"

"အဟင်း ... ဟီး ဟီး"

သူမ ရှက်ရယ် ရယ်မိသလားမသိ။

"ကျွန်မလည်း သူ့ကိုဆို အသည်းစွဲပေါ့၊ အဆင်လေး ... ဟီး ဟီး"

"ဟွန့်"

သူမ အခြောက်မကို မျက်စောင်းထိုးလိုက်မိသလားမသိ။

"သကင်းထောက်ဆို ဘယ်သူ့ဗျူးဖို့ လာတာလဲ"

"သူ့ကို"

"သူကပြီးရင် ပွဲတက်စရာရှိလို့ဒီးမှာ၊ ရှင် ဗျူးလို့ရမှာ မဟုတ်ဘူး"

"အင်း"

မာမီ သတိပေးမှ အလုပ်ကို သတိရသည်၊ သူ့မန်နေဂျာဆီသွားကာ ...

"အစ်ကို ... ကျွန်မ ပန်းလေပြေဂျာနယ်ကပါ။ (စိတ်ကူးယဉ်သက်သက်သာ)"

"ဪ ... အိုခေ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသားကို မျက်နှာဖုံးရိုက်ချင်လို့ပါ အစ်ကို။ အင်တာဗျူးလေးရော ထည့်ချင်လို့ပါ"

"အင်း ... လောလောဆယ်တော့ မအားသေးဘူးဗျာ။ အားရင် အကြောင်းပြန်လိုက်မယ်လေ"

"အဲလိုတော့ မလုပ်ပါနဲ့ အစ်ကိုရယ်။ ရက်တိတိကျကျလေး ပြောပေးပါလား။ ညဘက်ဆိုရင်လည်း ရပါတယ်"

"ဗျူးရုံက ရတယ်ဗျ။ မျက်နှာဖုံးရိုက်မယ်ဆိုတော့ ဒီလိုလုပ်လေ။ သူရိုက်ထားတဲ့ ပုံတွေပဲ ကောင်းတာရွေးသုံးမလား။ သူ့ကို ဓာတ်ပုံရိုက်ဖို့ ချိန်းရင်တော့ တစ်နှစ်လောက်စောင့်ရလိမ့်မယ်။ ဓာတ်ပုံပဲ ယူလိုက်"

"ဟုတ်ကဲ့ပါ။ ဘယ်တော့လောက်"

"အဲဒါဆိုရင်တော့ မနက်ဖြန် ဒီကိုပဲလာခဲ့လေ။ ဓာတ်ပုံယူလာပေးမယ်။ ဗျူးဖို့လည်း ပြောပေးထားမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

သူမတို့ပြောနေတုန်း အထာထွန်း ကားပေါ်တက်သွားပြီ။

♥ ❖ ♥





ထိုညက တစ်ညလုံး အိပ်မပျော်။ အပြင်မှာကျတော့ အရယ်အပြုံးနည်းပြီး ခပ်တည်တည်နဲ့။ ဘယ်လိုပဲဖြစ်ဖြစ်ပါကွယ်။ သူမကတော့ သဘောကို ကျနေတာပဲ။

ချောလိုက်တာ။ ဘယ်လိုယောက်ျားပီသပြီး ဘယ်လိုစွဲဆောင်မှုရှိမှန်း မသိအောင်ပါပဲ။ သူမရင်ထဲ ငြိချက်၊ တွယ်ချက်၊ စွဲချက်။

မနက်ဖြန်တဲ့။

ထပ်တွေ့ရဦးမည်။

သူမရဲ့ရူးသွပ်မှုကို လှပ်ဖော်ကိုင်ဖက်တွေ မသိ။ ကျောင်းသူဘဝတုန်းကလိုလည်း ရင်မဖွင့်ဖြစ်တော့။ တစ်ခါတလေ ရင်ထဲမှာ သိုဝှက်စွာ ငြိတွယ်ရတာက ပိုပြီးအရသာရှိသလိုပဲ။ ရင်ဘတ်တစ်ခုလုံး ပြည့်ကျပ်နေအောင် သိမ်းဆည်းထားလိုက်သည်။

www.burmeseclassic.com



သူမကို လှမ်းကြည့်တဲ့ အကြည့်တစ်ချက်။ အိုး ... သေလို့ရသွားပြီ။ စတွေ့တွေ့ချင်းမှာ ရလိုက်တဲ့ လက်ဆောင်လေးလို့ သဘောထားကာ ပီတိတွေ တဖြာဖြာနဲ့ပေါ့။

သဘောကျတာလား။ အားပေးတာလား။ ချစ်ခင်တာလား။ သူမ သဘောထားကိုတောင် သူမ ဝေခွဲလို့မရ။ သေချာတာကတော့ သူမဟာ သူနဲ့ပတ်သက်ပြီး ရူးသွပ်နေတာပါ။

ခရေစီဆိုတဲ့ စကားလုံးကတောင် အရောင်နည်းနည်းဖျော့မည် ထင်သည်။ နက်ရှိုင်းစွာ ရူးသွပ်နေတာ။ သူမ ရန်ကုန်လာချင်တဲ့ အဓိကရည်ရွယ်ချက်ကိုက သူ့ကို အခုလိုတွေ့ဆုံခွင့်ရဖို့။ သူမဟာ သူ့ကိုတွေ့ခွင့်ရဖို့ သတင်းထောက်လုပ်ခဲ့တာ။ ရည်ရွယ်ချက်တွေက ကောင်းချက်။ သူ့ဆီမှာပဲ အဆုံးသတ်၏။ အနာဂတ်ကို သူမ မသိ။ စဉ်းကိုမစဉ်းစားမိဘဲ သူမကိုအမြဲစိုးမိုးနေတာ သူမှသူ။

စွဲလမ်းရလွန်းလို့ မြင်ဖူးချင်ခဲ့သည်။ မြင်ဖူးတော့ ထပ်စွဲလမ်းမိပြန်၏။ ရုန်းမထွက်နိုင်သော ငြိတွယ်မှု။ ဘယ်သူမှ လာမခတ်တဲ့ နှောင်ကြိုးဟာ ကိုယ့်ဘာသာ ရစ်ပတ်မိနေတာလေ။



သူမမှာ အနာဂတ်မရှိ။ တစ်ခါတစ်ရံ စိတ်နှောက်ကိုယ်ပါ လုပ်နေမိမှန်း သိပေမယ့် သိရက်နဲ့ ရှေ့ဆက်နေမိသည်။

ခုလည်း ...

သူ့ကို မြင်တွေ့ချင်နေမိပြန်သည်။ သူနဲ့ပတ်သက်ပြီး ဘာမျှော်လင့်ချက်မှကိုမရှိ။ သူ့ကို အမြဲမြင်တွေ့ချင်နေတာပဲသိသည်။

တစ်ညလုံး သူ့ကိုပဲ မြင်ယောင်နေသည်။ အိပ်လို့မပျော်။ မျက်လုံးတွေ ကြောင်နေသည်။ ကင်မရာနဲ့ အသံဖမ်းစက်ကလေးကိုလည်း မကြာခဏ စစ်ဆေးနေမိသည်။ မနက်ဖြန် သူနဲ့စကားပြောခွင့်ရမည်။ အင်တာဗျူး ဆိုပေမယ့် စကားလက်ဆုံ ပြောရမည်ဟုပဲ စိတ်ထဲမှာ ခံယူမိသည်။

မေးခွန်းလေးတွေကို အစီအစဉ်တကျ ချရေးထားသည်။ လိုတာ ပိုတာ ကျန်ခဲ့တာတွေ မရှိရအောင်။ သူမက ကယောင်ကတမ်းနဲ့ ဘာမေးလို့ မေးရမှန်းမသိ ဖြစ်မှာစိုးလို့လေ။

ပြီးတော့ သူမလေ သူ့ကို လက်ဆောင်တစ်ခုခုလည်း ပေးချင်လိုက်တာ။ ဒါပေမဲ့ သူမ ပိုက်ဆံများများ မတတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်။ Romance ဖြစ်မယ့် ပစ္စည်းလေးတစ်ခုခုပေးရင် ကောင်းမလား။ ကလေးကလား ဖြစ်နေပါဦးမယ်လေ။ ပြီးတော့ သူကရော တန်ဖိုးထားပါ့မလား။ ပေးရမှာလည်း ကြောင်တောင်တောင်နဲ့။ သူမ ပေးရော ပေးရဲလို့လား။

ဘာပဲဖြစ်ဖြစ်လေ။ သူမဟာ မြန်မာမိန်းကလေးဆိုသည့် အသိတရားတော့ ရှိနေသေးသည်။

သူမ သရုပ်ဆောင် တစ်ယောက်ကို ရူးသွပ်စွာ သဘောကျတယ် ဆိုပေမယ့် ထိုသရုပ်ဆောင်က ယောကျ်ားတစ်ယောက်လေ။ ဟိုတွေး ဒီတွေးနဲ့ ပထမဆုံး မိုးလင်းသွားသည်။

♥ ❖ ♥



တကယ်တမ်းတော့ ဘာလက်ဆောင်မှ မပေးရဲ။ သူမနဲ့သူ တွေ့ရကာနီးလာပြီ။ ရှုတင်မှာ သူကလွဲရင် လူစုံနေပြီ။ မင်းသမီးတစ်ယောက်တည်း အခန်းတွေ အရိုင်ရိုက်နေပြီ။

ဟော သူ့ကားဝင်လာပြီ။ ဒီတစ်ခါတော့ ကားပေါ်က သူအရင်ဆုံး ဆင်းလာပြီ။ အမယ်လေး ... သူမ သူ့ဆီချက်ချင်း မသွားရဲ။ သူ့မန်နေဂျာက ကားကို ပါကင်ထိုးနေသည်။ သူ့မန်နေဂျာ ဆင်းလာမှ သူ့မန်နေဂျာဆီသွားကာ ...

"မင်းသားကို ဗျူးလို့ရပြီလား အစ်ကို"

"သြော် ... ရပါတယ်ခဏနော်။ သူ့ကို ပြောလိုက်ဦးမယ်"

သူမစောင့်နေရင်း ခြေဖျားလက်ဖျားတွေ တုန်နေသည်။ အေးစက်နေတာလည်း ရေခဲတမျှ ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့မျက်နှာချင်းဆိုင် စကားပြောခွင့်ရတော့မည်။ သတင်းထောက်လုပ်ရတာ သူမအတွက်တော့ ကံကောင်းခြင်း အကြီးစားကြီးပါပဲ။

"ကိုထာ အင်တာဗျူးချင်လို့တဲ့"

"ရတယ် ဗျူးလေ။ ဒါရိုက်တာကြီး ရိုက်တော့မလား"

သူ့မန်နေဂျာကို ပြန်ဖြေရင်း ဒါရိုက်တာကို လှမ်းမေးနေသည်။

"ရတယ် ကိုထာ။ မင်းသမီးကို ရိုက်လိုက်ဦးမယ်"

"ဟုတ်"

မင်းသားရဲ့မန်နေဂျာက သူမကို ခေါင်းညိတ်ပြသည်။

Recorder လေးဖွင့်ပြီး မင်းသားနား ရောက်သွားသည်။

"မင်းသားနာမည်ရင်းက"

"အထာထွန်းပဲခင်ဗျ"

"ဟုတ် ... ဟုတ်ကဲ့၊ မွေး ... မွေးချင်း ..."



"ကျွန်တော့်ကို ကိုယ်ရေးကိုယ်တာ မေးခွန်းတွေထက် အနုပညာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေပဲ မေးပေးပါ ... Please"

"ရှင်"

ဒုက္ခပဲ။ သူမက ကိုယ်ရေးကိုယ်တာ မေးခွန်းတွေပဲ ရေးလာတာ။ ပရိသတ်ကို ချပြချင်တာထက် သူမသိချင်တာတွေ ဆိုလည်း မမှားဘူးပေါ့။

"ဟုတ်ကဲ့ ... ဟိုလေ အခုလတ်တလော အနုပညာလှုပ်ရှားမှုလေး"

"ခုလောလောဆယ် ဗီဒီယိုကားလေးတွေ ရိုက်နေတယ်ပေါ့။ လကုန်ရင် စင်ကာပူမှာ ကြော်ငြာနှစ်ခု သွားရိုက်မယ်။ အဲဒီက ပြန်လာရင် ရုပ်ရှင်ကားကြီး ရိုက်စရာရှိတယ်"

"ဟုတ်ကဲ့ ... ကားကြီးက မင်းသမီးက ဘယ်သူလဲရှင့်"

"ရွှေမြရောင်ပါ"

"ဟုတ်ကဲ့ ... မင်းသမီး ရွှေမြရောင်နဲ့ လိုက်ဖက်တယ်လို့ ပရိသတ်တွေပြောတဲ့အပေါ် အစ်ကို့အနေနဲ့ ဘယ်လိုမြင်ပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရွှေမြရောင်ပရိသတ်နဲ့ ကျွန်တော့်ပရိသတ် ထပ်တူကျလို့ ဖြစ်မှာပါ။ ကျွန်တော့်အနေနဲ့တော့ ဘယ်မင်းသမီးနဲ့ပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး သရုပ်ဆောင်ပါတယ်"

"မင်းသားကရော တခြားမင်းသားတွေလို စာရေးတာတို့၊ သီချင်းဆိုတာတို့လုပ်ဖို့ ရည်ရွယ်ချက် ရှိပါလား"

"မရှိပါဘူး။ ကျွန်တော် သရုပ်ဆောင်တာ တစ်ခုကိုပဲ ဇောက်ချလုပ်မှာပါ။ တခြားဟာတွေလုပ်ဖို့ အချိန်လည်း မပေးနိုင်ပါဘူး။ ပရိသတ်ပေးထားတဲ့ နေရာတစ်ခု ရထားပြီးသားမို့ ဒီသရုပ်ဆောင်အလုပ်ကိုပဲ အာရုံစိုက်ပြီး လုပ်သွားမှာပါ။ တခြားဘက်ကို ခြေလှမ်းလိုက်ရင် သရုပ်ဆောင်တာမှာ အားလျော့သွားမှာစိုးလို့ပါ"

"ဟုတ်ကဲ့ ... ကောင်းပါတယ် မင်းသား"

♥ ❖ ♥



သူမတို့ဂျာနယ်လေးထွက်တော့ သူ့ရှုတင်ကို လိုက်သွားပြီး လက်ဆောင်သွားပေးဖြစ်သေး၏။

သူနဲ့တော့ စကားမပြောခဲ့ရပါ။ သူ့မန်နေဂျာကိုပဲ ပေးခဲ့ရသည်။ ဒါပေမဲ့ သူ့ကိုတွေ့ခွင့်လေးတော့ ရခဲ့တာပေါ့လေ။ တွေ့ဖူးပြီးတော့ ထပ်ခါ ထပ်ခါ တွေ့ချင်သည်။

သူ့ကို တွေ့နေရရင် ရင်တွေ တငြိမ့်ငြိမ့်ခုန်ကာ တသိမ့်သိမ့် ခံစားရသည်။ နွေးထွေးလှိုက်ဖိုကာ အလိုလိုနေရင်း ပျော်ရွှင်နေသလို ပီတိဖြစ်နေသလိုလို တစ်မျိုးပဲ။

သူကတော့ သူမကို အဖက်တောင်မလုပ်။ တစ်ချက်တောင် မကြည့်ပါ။ အင်တာဗျူးစဲ့နေ့ကလည်း အင်တာဗျူးဖြေတာ ပြီးတောင်မပြီးပြပါ။

www.burmeseclassic.com



မပြုံးပြတာပဲ ကောင်းပါတယ်လေ။ ပြုံးပြရင် ပိုပြီး စွဲလမ်းသွားမှာ။ ပိုပြီးရူးသွပ်သွားမှာ။ ပိုပြီးခံစားရမှာ။

သူမက သူမနဲ့ မိုးနဲ့မြေလို ကွာခြားနေသော အကယ်ဒမီမင်းသားကိုမှ ရူးသွပ်နေမိတာ။ မဖြစ်နိုင်မှန်းလည်း သိပါသည်။ သူမပဲ ခံစားရမယ် ဆိုတာလည်း သိနေသည်။ သူမ ရုပ်ရည်၊ ပညာ၊ ဥစ္စာ။ ဘာမှ ထူးထူးချွန်ချွန်မရှိ။ ဘာမှ မက်မောစရာမရှိ။ မက်စရာ မပြောနဲ့။ သတိထားမိလောက်ရုံ အရည်အချင်းတောင် မရှိပါ။ လုပချောမောတဲ့ မင်းသမီးကြီးငယ်ရွယ် လတ်ပေါင်းစုံ၊ အလှပေါင်းစုံနဲ့ အလုပ်လုပ်နေရတဲ့သူ ဆိုတော့ သူမတို့လောက်ကို မြင်မှာတောင်မဟုတ်ပါ။

ခံစားရမယ်ဆိုတာ သိရက်နဲ့ ငေးကြည့်ချင်မိတဲ့ သူမ။ အချစ်လား ဘာလား မသိဘဲ ရင်ခုန်နေမိတဲ့ သူမ။ တစ်နေ့ထက်တစ်နေ့ ရောဂါရင့်လာသည်။

သူနဲ့ဝေးရာကို ပြေးခွာထွက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလေ။'

မိန်းကလေးဖြစ်ရတာ ဝမ်းနည်းစရာတောင် ကောင်းလိုက်တာ။ ကိုယ်ချစ်ခင်တာကိုတောင် ဖွင့်ပြောခွင့်မရှိတဲ့ဘဝ။





ပြီးတော့ သူ ရှုတင်တွေမှာ မင်းသမီးတွေနဲ့ ချစ်ခန်း ကြိုက်ခန်းတွေ ရိုက်ရင်လည်း သူမ ဘယ်လိုမှ သဘောမကျ။ ကြည့်လို့ကို မရ။ သူနဲ့တွဲတဲ့ မင်းသမီးတိုင်းကိုလည်း အရမ်းမုန်းပါသည်။

ရုပ်ရှင်ဗီဒီယိုမင်းသားကို ကျိတ်ချစ်ရတဲ့ စိတ်ဒုက္ခတွေပါ။

သူမ ရေ့ဆက်တိုးလေ ဆက်နစ်လေ ဖြစ်မှာပါ။ ဒါပေမဲ့ သူမ နစ်ရင် နစ်ပါစေ။ ရှေ့ပဲဆက်တိုးချင်နေမိပါသည်။ ရူးသွပ်စွာနဲ့ပေါ့။

အချစ်ဆိုတာ အဲဒီလို မိုက်ရူးရဲဆန်တတ်ပါသေး၏။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ...

အထာထွန်းနဲ့ ရွှေမြရောင်တို့က ချစ်သူတွေပါ။ အဲဒါကို ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားခဲ့ကြသည်။

ချစ်သူတွေမို့လို့လည်း ချစ်ခန်း ကြိုက်ခန်းတွေရိုက်ရင် ပိုပြီးအသက်ဝင်ပါသည်။ ပီပြင်သည်ထက် ပို၍ပီပြင်သဖြင့် ပရိသတ်ကလည်း လိုက်ဖက်ညီသော စုံတွဲရယ်ဟု သတ်မှတ်ကြတာ။

သူတို့တွေကို ချစ်သူတွေမှန်း သိသွားရင် ပရိသတ်က ရိုးအီသွားလိမ့်မည်။ တခြားသရုပ်ဆောင်တွေနဲ့ တွဲဖက်သရုပ်ဆောင်ရာတွင်လည်း အနည်းငယ် သက်ရောက်မှုရှိနိုင်သည်။

ထို့ကြောင့် လျှို့ဝှက်ထားခြင်း ဖြစ်ပါသည်။ တကယ်တော့ ...





ရွှေမြရောင်ရော သူပါ ထိပ်တန်းမင်းသား မင်းသမီးတွေပါ။ အမြင့်ဆုံးကို ရောက်နေသူတွေမို့ ထိုမြင့်သောနေရာကို ဆက်ထိန်းထားနိုင်ဖို့ ကြိုးစားပါသည်။ ထပ်မြင့်စရာမရှိတော့၍ ကြိုးစားမှု ရပ်တံ့လိုက်တာနဲ့ အောက်ကိုပြန်ကျဖို့ပဲ ရှိတော့သည်။

ထို့ကြောင့် သူတို့နှစ်ယောက်စလုံးက အချစ်ရေးကို ဖွင့်မဟရဲပါ။

အထာထွန်းက ရွှေမြရောင်ကို မြတ်နိုးစွာ ချစ်သလို ရွှေမြရောင်ကလည်း ချစ်ပါသည်။ ထို့ပြင် သူတို့နှစ်ယောက်မှာ နောက်ထပ် တူညီတာတစ်ခု ရှိပါသေးသည်။ အောင်မြင်မှုမာန်ကလေးတွေပေါ့။ နှစ်ယောက်စလုံး ထိပ်တန်းမင်းသား၊ မင်းသမီးတွေပီပီ မာန်ကလေးတွေတော့ရှိသည်။ ဖြစ်တတ်ပါသည်။

လူဆိုတာ အမြင့်ကိုရောက်လေ မိုးကိုမမြင်တော့လေ။ မိုးမမြင် လေမမြင်ဆိုတဲ့ စကားပုံက အလကားတွင်နေတာတော့ မဖြစ်နိုင်။

အောင်မြင်ကျော်ကြားလာလေ ပိုပြီးသတိထားရလေပါပဲ။ အောင်မြင်လာလေ မာန်ကိုဖိချရလေပါပဲ။ ဒါပေမဲ့ အများစုကတော့ ပုထုဇဉ်ပီပီ သတိမေ့လျော့နေတတ်ကာ အောင်မြင်မှုရဲ့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖြားမှုထဲမှာ စီးမျောသာယာသွားတတ်ကြသည်။ အစမ်းသပ်မခံနိုင်တဲ့ နေရာတစ်ခုလည်း ပျက်စီးခြင်းဆီသို့ ရွေ့လျားသွားတာပေါ့။

ထို့ကြောင့် အမြင့်မှာပဲနေရ နေရ၊ အနိမ့်မှာပဲနေရ နေရ ဝီရိယနဲ့ သတိကိုတော့ ကိုယ်နဲ့မကွာ အမြဲအပါခေါ်သင့်သည်။

အထာထွန်းနဲ့ ရွှေမြရောင်တို့လည်း ဉာဏ်ကောင်းကြပါသည်။ သူတို့ရဲ့အောင်မြင်မှုကို ထိခိုက်မှာစိုးလို့ သူတို့အချစ်ရေးကို ဖုံးကွယ်ထားသည်။

ဘယ်လိုပဲ နှစ်ဆယ့်တစ်ရာစုလို့ပြောပြော၊ ဘယ်လိုပဲ ပရိသတ်က အနုပညာပဲ ကြည့်ပါတယ်ပြောပြော လူမှုရေးကိစ္စတွေရဲ့ သက်ရောက်မှုက အနည်းနဲ့အများတော့ ရှိတာပဲလေ။

မှုကိုကြည့်တဲ့သူ ရှိသလို၊ လူကိုကြည့်တဲ့သူလည်း ရှိမှာပါပဲ။ အနုပညာသည် ဖြစ်လာရင် အဘက်ဘက်က ဆင်ခြင်တာ အကောင်းဆုံးပါပဲ။

ကိုယ့်ရပ်တည်မှုကို မထိခိုက်ဖို့အတွက် လူမှုရေးအချက်အလက်တွေကို ချမပြတာ အကောင်းဆုံးပါပဲ။





အဓိက,က ကိုယ်ပေးဆပ်တဲ့ အနုပညာက အကောင်းဆုံး ဖြစ်နေဖို့ပဲ အရေးကြီးတာပါ။

ပရိသတ်ဘက်ကလည်း အနုပညာရှင်တစ်ယောက်ကို အားပေးတဲ့နေရာမှာ အနုပညာနဲ့ လူမှုရေးကို ခွဲခြားပြီးအားပေးတာ အကောင်းဆုံးပါပဲ။ ခုတော့ အများစုက အနုပညာနဲ့ လူမှုရေးကို ရောထွေးပစ်တတ်ကြသည်။ အနုပညာကောင်းရင် ကောင်းသလို အားပေးသင့်ပြီး လူမှုရေးကိစ္စတွေ မကောင်းတာကို မကောင်းသလို ခွဲခြားဆက်ဆံနိုင်ရင်တော့ အကောင်းဆုံးပေါ့လေ။ ဒါပေမဲ့ ကျွန်မတို့နိုင်ငံမှာတော့ သူများနိုင်ငံလို အချိန်ပြည့် အလုပ်နဲ့လက် မပြတ်အောင် လုပ်ရမယ့်အလုပ်မရှိ။ အလုပ်ရှားပြီး အားနေတော့ ဘေးထိုင်ဘုပြော။ လူတစ်ယောက် နာမည်တစ်လုံးကို ကောလာဟလနဲ့တင် သတ်ပစ်လိုက်တာတွေလည်း မနည်း။ ခရိုနီလို စီးပွားရေးသမားတွေကိုတော့ သတ်လို့မရပါဘူး။ အနုပညာသမားတွေပဲ ခဏခဏသေကြရတာ။ တချို့ကြတော့လည်း ဒီနာမည်လေး မပျောက်,ပေါက်အောင် ကောင်းတဲ့နည်းလမ်းနဲ့ရော မကောင်းတဲ့ နည်းလမ်းနဲ့ပါ အရှိန်ယူကြတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



အနုပညာသမားဆိုတာ ဉာဏ်ရှိတိုင်း၊ ဝီရိယရှိတိုင်းလည်း အောင်မြင်တာမဟုတ်ဘူးလေ။ ဇာတာစန်းလာဘ်ဆိုတာလေးလည်း ရှိန်ခါသင့်ဦးမှကိုး။ ထို့ကြောင့် အနုပညာသမားတွေအတွက် နာမည်တစ်လုံးက အသက်ပဲလေ။ ဒီနာမည်နဲ့ မအောင်မြင်လို့ နောက်တစ်နာမည်ပြောင်းလိုက်မှ ထိပ်ဆုံးရောက်သွားသူတွေလည်း အများသားဆိုတော့။ နာမည်ရပြီးသူတွေက သူတို့ရထားတဲ့ နာမည်လေးကို နည်းမျိုးစုံ မွမ်းမံခြယ်သာ ထိန်းသိမ်းစောင့်ရှောက်တတ်မှ မြဲတဲ့လောက။

♥ ❖ ♥



"ဟဲလို ... အထာလား"

"ဟုတ်ပ ရွှေမြကလေး"

"ဖုန်းဆက်မယ်ဆိုပြီး ဘာလို့ မဆက်လဲ"

"စိတ်ဆိုးပါနဲ့ကွယ်၊ ဒီည new က ကိုခိုင်တို့နဲ့ ဒင်နာလိုက်တာ နောက်ကျသွားလို့။ ခုမှ ရောက်တာ။ အဝတ်အစားတောင် မလဲရသေးဘူး"

"သောက်လာတယ်ပေါ့"

"အလုပ်သဘောအရ ပါးပါးလေးပဲ"

"ကြည့်လုပ် စွဲသွားဦးမယ်"

"ကိုယ် နားလည်ပါတယ်ကွာ။ ရွှေမြရော ဒီနေ့ ကောင်းကောင်းနားတယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နားတယ် အေးဆေးပဲ။ မနက်ဖြန် ပြင်ဦးလွင်တက်ဖို့ အားအပြည့်ယူနေတာလေ"

"အင်း ... ပြင်ဦးလွင်မှာ တွေ့မယ်နော်။ ကိုယ်က သန်ဘက်ခါ လာမှာလေ"

"အိုခေလေ"

"ချစ် လွမ်းတယ်ကွာ"

"တူတူပါပဲနော်"

"တစ်ခါတလေကျတော့လည်း ပွင့်ပွင့်လင်းလင်းကြေညာလိုက်ချင်တယ်"

"အမယ်လေး ... မလုပ်ပါနဲ့။ ဒီနေရာရောက်အောင်ခက်ခက်ခဲခဲ ကြိုးစားထားရတာ။ ဘယ်လိုမှ အထိခိုက်မခံနိုင်သေးဘူး ကိုရေ။ ကိုက ယောက်ျားလေးဆိုတော့ သိပ်ကိစ္စမရှိဘူး။ ချစ်ပိုထိမှာ"

"ကိုယ်နားလည်ပါတယ် ချစ်ရယ်။ ဒီနေရာကို လွယ်လွယ်နဲ့ ရခဲ့တာ မဟုတ်တော့ အထိခိုက်မခံနိုင်ပါဘူး။ ဒါပေမဲ့ တစ်ခါတလေကျရင် သူများတွေလို လွတ်လွတ်လပ်လပ် ချစ်ခွင့်ရချင်လို့ပါ"





"ဒါတော့ ကိုရယ်၊ တစ်ခုလိုချင်ရင် တစ်ခုတော့ စွန့်လွှတ်ရမှာပေါ့။ ဘာပဲဖြစ်ဖြစ် ကိုနဲ့ ရွှေမြတို့ တစ်ယောက်ကို တစ်ယောက် နှစ်နှစ်ကာကာ ချစ်နေဖို့က အဓိကပဲလေ"

"ရွှေမြက ကိုထက်ပိုပြီး လူကြီးဆန်တယ်နော်"

"ဩော် ... ဒါကတော့ ကိုရယ်၊ ရွှေမြလည်း တခြားကောင်မလေးတွေလို ချွဲနွဲ့ပြီး ကလေးလို နေချင်တာပေါ့လို့။ အခြေအနေမှ မပေးတော့လည်း ဒီလိုပဲ နေရတာပေါ့"

"ရွှေမြ ကိုတို့ ကိုရီးယားသွားလည်ကြမလား"

"သွားတာက လွယ်တယ် ကိုရဲ့။ မီဒီယာတွေသိရင် ဖုံးထားသမျှ အကုန်ပေါ်မှာ။ တိတ်တိတ်ကလေးပဲ ချစ်ရအောင်ပါ ကိုရယ်"

"တစ်ခါတလေ love scene တွေရိုက်ရင် ရွှေမြကို ဖက်နမ်းပစ်ချင်တာ သိလား"

"အိုး ... ကိုနော်"

"ဟုတ်တယ်လေ၊ ရွှေမြက ချစ်စရာကောင်းအောင် လုပ်ပြနေတော့ အသည်းယားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … သူများကိုတော့ပြောတယ်၊ ကို့အကြည့်တွေက လည်း ညို့ဓာတ်ပြင်းပါတယ်နော်။ ရွှေမြနဲ့ သရုပ်ဆောင်တာတော့ထားပါ။ တခြားမင်းသမီးတွေနဲ့ ဆိုရင်လည်း ကို့အကြည့်တွေက တစ်ပြားသားမှ မလျှော့ဘဲ"

"သဝန်တိုတယ်ပေါ့"

"တိုတာပေါ့ ချစ်တာကိုး"

"ကိုလည်း အတူတူပဲပေါ့။ ဒါပေမဲ့ အလုပ်ဆိုတော့ နားလည်ပေးပါတယ်။ တကယ်တော့ ကိုတို့က အနုပညာမောင်နှမတွေလိုပဲ သဘောထားလိုက်တော့လည်း ဘာစိတ်မှမရှိပါဘူး။ ကိုက သရုပ်ဆောင်နေတဲ့ အချိန်ဆို ကိုနဲ့တွဲတဲ့သူကို လုံးဝ အာရုံမရောက်ဘူး။ ကိုသရုပ်ဆောင်တာကို အကောင်းဆုံးဖြစ်ဖို့ပဲ စိတ်ထဲမှာရှိတာ"

"အင်း … ရွှေမြလည်း တူတူပါပဲ။ အလုပ်လို့သဘောထားလိုက်ရင် ဘာမှကို မရှိတာ။ ကိုနဲ့သရုပ်ဆောင်ရရင်တော့ ရင်ခုန်တယ်"

"ကောင်မလေး ကို့ကို အစောကြီးတည်းက ကြိုက်နေတာ မို့လား"





"အံမယ် … သူသာ အရင်ကျိတ်ခိုက်နေတာပါနော်"

"ကောင်မလေး ကို့ကို ခိုက်နေမှန်းသိလို့ အားနာပါးနာ ပြန်ချစ်လိုက်ရတာပါ"

"ကို တကယ်ပြောတာလား"

"ဟေး … မကောက်နဲ့နော်၊ ချစ်လို့စတာ"

"မရဘူး ကျွေးပြီ။ ချစ်ရင် တခြားဟာစ။ ဒီလိုတော့ မစနဲ့"

"ကွေးရင် ဖြောင့်ပေးရမှာပေါ့။ မီးနဲ့အပူပေးပြီး ဖြောင့်ပေးရမလား။ တူနဲ့ထုပြီး ဖြောင့်ပေးရမလား။ ကြိုက်တာရွေး"

"ကိုနော် … တကယ်ကောက်ပြီ"

"ကို မချော့တတ်ဘူးနော်"

"မချော့တတ် ပြတ်ပြီလို့သာမှတ် ဒါပဲ"

ဖုန်းချသွားတော့ အထာထွန်း ရယ်နေမိသည်။ သူတို့ဖုန်းပြောတာ ကြာသွားရင် ဒီလိုနဲ့ပဲ အဆုံးသတ်တတ်သည်။ စိတ်ကောက်ရန်ဖြစ်ပြီး အဆုံးသတ်ရစမြဲပဲ။ သူကလည်း စိတ်ရှည်လက်ရှည်ချော့ဖို့ အချိန်မရတာနဲ့ဘဲ သူမလည်း အလိုလိုစိတ်ပြေသွားတာပဲ။ တစ်ယောက်ကိုတစ်ယောက် ဂရုတစိုက်နဲ့ အချိန်မပေးနိုင်။

www.burmeseclassic.com



နှစ်ယောက်စလုံးက အချစ်ထက် အလုပ်ကိုပဲ ဦးစားပေးကြသည်။ သူတို့အလုပ်ကလည်း အစွယ်ရှိတုန်း လုပ်ရတာလေ။

♥ ❖ ♥



"ကဲ … ရာဇဝင်မေရေ၊ ဒီတစ်ခါတော့ ရွှေမြရောင်ကို မျက်နှာဖုံးရိုက်ချင်တယ်။ ကြိုးစားပေးပါဦး"

အယ်ဒီတာချုပ်စကားက သူမကို တွန့်သွားစေသည်။ ဘယ်လိုမှ ကြည့်မရသော ရွှေမြရောင်၊ တစ်နည်းအားဖြင့် ပြောရရင် စိတ်ထဲမှာ မုန်းသလိုလိုတောင် ဖြစ်နေသော ရွှေမြရောင်ကို သူမ အင်တာဗျူးမလုပ်ချင်ပါ။

မေးချင်စိတ်လည်း မရှိပါ။

ရေးချင်စိတ်လည်း မရှိပါ။

တွေ့ချင်စိတ်လည်း မရှိပါ။

စိတ်ထဲမှာ မနှစ်မြို့သလိုလို ဖြစ်နေ၍ ရေးရင်လည်း အတိမ်းအစောင်းပါမှာ စိုးရသည်။

"ဟိုလေ မနွယ်က ရွှေမြရောင်နဲ့ အဆင်ပိုပြေတော့ မနွယ်ကိုပဲ ပေးလိုက်ပါလား အယ်ချုပ်"

www.burmeseclassic.com

www.burmeseclassic.com



"နွယ့်ကို တို့ တခြားခိုင်းထားတာရှိလို့။ ပြီးတော့ ရာဇဝင်မေလည်း သတင်းလိုက်တာ တော်ပါတယ်။ အထာထွန်းတုန်းကတောင် အတင်းလိုက်တာ။ တို့က nick name တောင် ပေးထားသေးတာ။ ကျားသစ်မလေးလို့။ ပစ်မှတ်ကို အလွတ်မပေးတဲ့ စိတ်ဓာတ်ကို သဘောကျတယ်။ အဲဒါကြောင့် ဒီမျက်နှာဖုံးကို ရာဇဝင်မေကိုပေးတာ။ သေချာတယ်။ ရလဒ်ကောင်းမှာပဲ။ ကဲ ... ရွှေမြရောင်ကိုရအောင်ချိတ်။ ဓာတ်ပုံကောင်းကောင်း ယူလာခဲ့နော်။ အဖုံးတင်မှာ"

အယ်ဒီတာချုပ်က စကားတွေအများကြီး ပြောနေပြီဆိုတော့ ငြင်းလို့မရတော့တာ သေချာသည်။

သူမ အထာထွန်း သတင်းကို သဲသဲမဲမဲ လိုက်တာက သူမအကြောင်းနဲ့ သူမလေ။ အခု ရွှေမြရောင်ကို လိုက်ချင်စိတ်ကိုမရှိ။ ဒါပေမဲ့ တာဝန်ဆိုတော့ ငြင်းလို့မရ။

ပြီးတော့ သတင်းထောက်ဆိုတာ ချစ်လို့ မုန်းလို့ဆိုပြီး ငြင်းပယ်ခွင့် မရှိဘူးလေ။ ချစ်လည်း ရေးရမှာပဲ။ မုန်းလည်း ရေးရမှာပဲ။



ချစ်လို့ သာအောင်မရေးသင့်သလို မုန်းလို့လည်း နာအောင်မရေးသင့်ဘူးလေ။ 100% သတင်းမှန်ကိုပဲ ရေးရမှာ။ တစ်ခုတော့ ရှိတာပေါ့လေ ကြော်ငြာတဲ့အနေနဲ့ ဖျူးရတဲ့ မိတ်ဆက်ပရိုမိုးရှင်း အင်တာဗျူးတွေဆိုရင်တော့ ပိုပိုသာသာ၊ သာသာထိုးထိုးလေး ရေးပေးရတာပေါ့။

"ဟဲ့ ... ဒီကလေးမ ဘာငိုင်နေတာလဲ။ ငါစားပွဲရှေ့ ငုတ်တုတ်မေ့နေတယ်"

"ဩော် ... အဟဲ"

"ရာဇဝင်မေ သတင်းထောက်ဆိုတာ ငူငိုင်နေလို့ မရဘူးနော်"

"ဟုတ်ကဲ့ပါ အယ်ချုပ်"

"ဒီကောင်မလေး အထာထွန်း သတင်း လိုက်တုန်းက သွက်နေတာပဲ။ ရွှေမြရောင် သတင်းလိုက်ခိုင်းကာမှ တငိုင်ငိုင်နဲ့။ သေချာလုပ်နော် ရာဇဝင်မေ။ ငါ့ကိုတော့ မျက်လှည့်မပြနဲ့"

"စိတ်ချပါ အယ်ချုပ်"

"အေး ... သွားတော့ ... သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မေ ထွက်သွားတော့ အယ်ဒီတာချုပ်မှာ ခေါင်းတယမ်းယမ်း ကျန်ခဲ့သည်။

ရာဇဝင်မေကတော့ စိတ်ညစ်နေသည်။ အထာထွန်းနဲ့ပတ်သက်လို့ သဘောမကျတဲ့ထဲမှာ ရွှေမြရောင်က ထိပ်ဆုံးပဲ။ ရွှေမြရောင်နဲ့က အလိုက်ဖက်ဆုံး ဖြစ်နေတာကိုး။

အထာထွန်းနဲ့ ရွှေမြရောင် ချစ်ခန်း ကြိုက်ခန်းတွေ ရိုက်တိုင်း သူမ ရွှေမြရောင်ကို မုန်းသည်။ ရွှေမြရောင်ရဲ့ချောမော လှပမှုတွေ၊ ချစ်စရာကောင်းတဲ့အပြုံးတွေ တွေ့ရတိုင်း မုန်းသည်။

ခုတော့ မချစ်သော်လည်း အောင့်ကာနမ်းရတော့မည်။

"ဟူး"

သက်ပြင်းမှုတ်ထုတ်လိုက်ရင်း ရွှေမြရောင်ဆီ ဖုန်းဆက်လိုက်သည်။





ရွှေမြရောင်ကို သတင်းလိုက်ရတာ အထာထွန်းကို သတင်းလိုက်ရတာထက်တောင် ပိုခက်သေးသည်။ မိန်းကလေးဆိုတော့ ဂျီဂျောင်ကျသည်။ ဟိုနေ့ ဒီနေ့နဲ့။ ချိန်းပြီးရင်လည်း အလုပ်ပေါ်လာလို့ဆိုပြီး ဖျက်သေးသည်။ စိတ်ညစ်ရပါသည်။

ရွှေမြရောင်နောက် လိုက်ရတော့ ပိုစိတ်ညစ်ရတာပါလေ။ တကယ်ဆိုရင်တော့ သတင်းမရ,ရအောင် လိုက်ရမှာ သတင်းထောက်ရဲ့အလုပ်ပဲလေ။ အမုန်းခါတ်ခံရှိနေတော့ ပိုပြီး စိတ်မရှည်ဖြစ်နေတာ။

ပြီးတော့ ရွှေမြရောင်က ဗီဒီယိုရုပ်ရှင်တွေထဲမှာ ချစ်စရာကောင်းတာ။ အပြင်မှာတော့ နှာမည်ကြီးမင်းသမီးအရိုင်း နည်းနည်းတက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ အကပ်သင့် အလျှဉ်းသင့်ရင် ရောရောရှုရှု အင်တာဗျူးလို့ရသည်။ မျက်မှန်းမတန်းမိလို့ကတော့ မလွယ်။

ရာဇဝင်မေလို သတင်းထောက်ပေါက်စမလေးခများ တော့ ဗျူးဖို့ရက်ချိန်းလေးရအောင် မနည်းလိုက်နေရပါသည်။

ဝါရင့်သတင်းထောက်ကြီးတွေ ဆိုရင်တော့ သရုပ် ဆောင်တွေက ပျူငှာဖော်ရွေလွန်းကြသည်။ သဘာဝတရားက ပေးတဲ့ သင်ခန်းစာတွေပေါ့လေ။

လူ့အပြောင်းအလဲ လူ့သဘာဝ ဘာသာရပ်တွေက လည်း အလုပ်လုပ်တဲ့သူတွေမှ သိရတာလေ။ လူတွေနဲ့များများ ဆက်ဆံရလေ လူ့သဘောကို သိရလေပဲ။

ရာဇဝင်မေလည်း ထိုသဘောတရားတွေကို တော် တော်နားလည်နေပါပြီ။ ရုပ်ချော သဘောကောင်း၊ ချစ်စရာကောင်း သည့် နာမည်ကြီး မင်းသား မင်းသမီးတွေက ခန့်ခွဲစရာတရားနဲ့ ပိုအလှမ်းဝေးတတ်ကြသည်။ သူတို့ကိုပဲ သည်းခံရတတ်သည်။ သူတို့က သည်းခံဖို့ဆိုတာ ဝေး။ အများစုကို ပြောတာပါ။ တော် တော်လေးကို နှလုံးရည်ပြည့်ဝသူတွေလည်း ရှိတော့ ရှိပါသည်။ ရှားပါးနေတာ။





ခုလည်း ကိုယ့်ဂျာနယ် မျက်နှာဖုံးကောင်းလေးဖြစ် ဖို့အတွက် နာမည်ကြီး အကယ်ဒမီမင်းသမီးနောက်ကို တကောက် ကောက် လိုက်နေရသည်။ စိတ်မရှည်ရင် ပိုစောင့်ရသည်။

အထာထွန်းကို သတင်းလိုက်ယူရတာထက် ပိုခက် သည်။

တကယ်ဆိုရင် သူတို့ကို ပရိသတ်နဲ့ပေါင်းကူးပေး တဲ့ မီဒီယာကို ကြိုဆိုသင့်ပါသည်။ ဒါပေမဲ့ အများစုက ထိုတံတားကို ဖြတ်ကျော်ပြီးလို့ လိုရာခရီး ရောက်သွားရင် ထို တံတားကို မေ့ပစ်တတ်ကြသည်။ မီဒီယာတံတားလေးခများ သူ တို့ပုံရိပ်လေး လိုချင်ရင် နောက်က တကောက်ကောက် လိုက်ပေ တော့ပဲ။

ခုလည်း အယ်ချုပ်က ဖုန်းဆက်ပြီး ရက်ချိန်းလှမ်း ယူလိုက်ရင် ရပါသည်။ ဒါပေမဲ့ ရာဇဝင်မေကို သူမအရည်အချင်း နဲ့သူမ လိုက်စေချင်လို့ တမင်ပညာပေးတဲ့အနေနဲ့ ခိုင်းတာပါ။ သတင်းထောက်ဘဝအစမှာ ဘယ်သူမှ လွယ်ကူစွာ သတင်းလိုက် လို့ မရတတ်။ နောက်တော့လည်း ဒါတွေက ကလေးကစားစရာ ပမာ ဖြစ်သွားမှာ။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ ရာဇဝင်မေ သတင်းလိုက်လို့ ကောင်းတုန်း။

ဖြစ်ချင်တော့ အင်တာဗျူးဒိတ်ရတဲ့ရက်က ရွှေမြရောင်နဲ့ အထာထွန်းတို့ရှူတင်မှာ သွားဗျူးရမည်။ ရိုက်မယ့်အခန်းက သူတို့နှစ်ယောက် စေ့စပ်သည့်အခန်း။

လောကကြီးကတော့ ရာဇဝင်မေကို ကျီစားနေသည်။

ဖြစ်ချင်တော့ ရှူတင်မစခင် ဗျူးချင်တာကို။

"ခဏနော် ... ဒီမှာ ပြင်ဆင်ပြီးသား ဖြစ်နေလို့ အရင်ရိုက်လိုက်ဦးမယ်"

ရာဇဝင်မေ ခေါင်းညိတ်ရုံမှ တစ်ပါးပေါ့ကွယ်။





စေ့စပ်တဲ့ scene ။

တစ်ယောက်နဲ့တစ်ယောက် ရှန်းလဲ့ဝေရည်စွာကြည့်နေပုံက အသက်ဝင်လွန်းလှသည်။ ရာဇဝင်မေမှာ မကြည့်လည်း မကြည့်ချင်။ မျက်နှာလည်း မလွှဲနိုင် ဖြစ်နေသည်။

သူမကိုတော့ ဘယ်သူမှ သတိမထားမိကြ။ အားလုံးက scene ပေါ်မှာပဲ အာရုံရောက်နေကြသည်။ ရာဇဝင်မေတစ်ယောက် ကြည့်ရင်း ကြည့်ရင်း မျက်ရည်တောင် ဝဲလာသည်။

ဒီမြင်ကွင်းမျိုးကို သူမ မမြင်ချင်ပါ။ စေ့စပ်လက်စွပ်လေးတွေ လဲနေပုံကိုတော့ လုံးဝမခံစားနိုင်တော့၍ မျက်လုံးမှိတ်ပစ်လိုက်သည်။

ရွှေမြရောင်နေရာမှာ သူမဆိုရင် သိပ်ကောင်းမှာပဲ။ သရုပ်ဆောင်နေတာမှန်း သိရက်နဲ့ ရင်ထဲမကောင်းတာ။ ငိုချင်သလိုလိုနဲ့ ဆို့နင့်နေသည်။

www.burmeseclassic.com



ရွှေမြရောင် တစ်ယောက်ကတော့ သူမအဖြစ်ကို သိမှာမဟုတ်။

အထာထွန်းနဲ့ ရွှေမြရောင်တို့က သူတို့အဓိပ္ပာယ်နဲ့ သူတို့ ပြုံးနေသည်။ အများရှေ့မှာဆိုတော့ ဘာစကားမှမဆို။ တစ်ယောက်အပြုံးရဲ့ အဓိပ္ပာယ်ကို နောက်တစ်ယောက်က သိနေတာလေ။ စကားလုံးကို မလိုတာ။

ရိုက်ပြီးတော့မှ ခဏနားပြီး အဝတ်လဲတဲ့အချိန် ရွှေမြရောင်ကို သူမ ဖျူးခွင့်ရသည်။

ရွှေမြရောင်ကိုတော့ အလှအပနဲ့ ဆိုင်တာတွေပဲ မေးဖြစ်သည်။ သူမလည်း အထာထွန်းလိုပဲ ကိုယ်ရေးကိုယ်တာ မေးခွန်းတွေ မဖြေပါ။

"မရွှေမြရောင်က မျက်ခုံးမရိတ်ဘူးနော်"

"ဟုတ်တယ်၊ မျက်ခုံးက သူ့အလိုလို ကြည့်ကောင်းနေတော့ မရိတ်ဖြစ်ဘူး။ ရိတ်လိုက်ရင်လည် သဘာဝလောက် ကြည့်မကောင်းသလိုထင်လို့ တစ်ခါမှ မရိတ်ဘူး"

"အလှအပနဲ့ ပတ်သက်ပြီး ဘယ် Brand ကို ကြိုက်လဲရှင့်"





"အင်း ... အဲဒါက Make up artist တွေ အဆင်ပြေသလို သုံးပေးတာပဲ။ ကိုယ့်ဘာသာ အပြင်သွားရင်တော့ ထသွားထလာဆိုရင် channel လေးပဲ ခပ်ပါးပါး ပုတ်ဖြစ်တယ်"

"မရွှေမြရောင်အနေနဲ့ ဘယ်နေရာကို အလှပြင်ရတာ အကြိုက်ဆုံးလဲ"

"ခြေထောက်ကို သန့်သန့်ရှင်းရှင်းနဲ့ ခြေသည်းလေးတွေကို လှလှပပ ပုံဖော်ရတာ ကြိုက်တယ်။ လူတစ်ယောက်က မျက်နှာဘယ်လောက်လှလှ ခြေထောက်ကို ကြည့်လိုက်လို့ ညစ်ပတ်နေရင်လည်း အဆင်မပြေဘူးလေ"

ရာဇဝင်မေ သူမခြေထောက်ကို မသိမသာလေး နောက်ဆုတ်လိုက်မိသည်။

"ကိုယ်လုပ်နေတဲ့ အလုပ်အတွက် ထိန်းတော့ ထိန်းရတာပေါ့။ တစ်လတစ်ခါ spa သွားတာတို့၊ လေ့ကျင့်ခန်းလုပ်တာတို့၊ အစားအသောက်လည်း ထိန်းရတာပေါ့လေ။ အဓိက,ကတော့ သန့်ရှင်းရေးလည်း ဂရုစိုက်ရတာပေါ့။ ကိုယ့်အသားအရေကို ချွေးညှော်ကင်းစင်နေအောင် ဂရုစိုက်ရတာပေါ့။ ချွေးမတွန်းဘဲ လိုးရှင်းတွေ လိမ်းနေသော့လည်း



www.burmeseclassic.com

www.burmeseclassic.com



အလကားပဲလေ။ အစားအသောက်လည်း အငန်တို့ အစပ်တို့ ရှောင်တယ်။ အချော်လည်း ရှောင်တယ်"

"အချော်ရှောင်တယ်ဆိုတော့ မရွှေမြရောင် ဟင်းမချက်ဘူးပေါ့"

"တစ်ခါတလေ စိတ်ပါရင်တော့ မချော်တဲ့ဟင်းတွေတော့ ချက်ဖြစ်ပါတယ်။ ဒါပေမဲ့ ရှားပါတယ်။ ချက်ချင်တာတောင် အချိန်မရဘူး"

ရာဇဝင်မေ စိတ်ထဲက မဲ့လိုက်မိသည်။ ဒါပေမဲ့ မျက်နှာပေါ်က အပြုံးကိုတော့ လွှတ်မချရဲ။

"အခုလတ်တလော အနုပညာလှုပ်ရှားမှုကရော မရွှေမြရောင်"

"အခု အထာထွန်းနဲ့ ဗီဒီယိုသုံးကား ဆက်တိုက်ရိုက်မယ်၊ ပြီးရင် အထာထွန်းနဲ့ပဲ စင်ကာပူမှာ ကြော်ငြာရိုက်မယ်။ စင်ကာပူကနေ ဗန်ကောက်ကူးပြီး ကားရိုက်မယ်။ အဲဒါတော့ မင်းသမီးဓာတ်ပေါ့"

"တခြားအနုပညာလှုပ်ရှားမှုရော လုပ်ဖို့ရှိသေးလား။ သီချင်းဆိုတာတို့ ဘာတို့ပေါ့"



"မဆိုပါဘူး။ အသံလည်း သိပ်မကောင်းတော့ ပရိသတ်ကို နားဒုက္ခမပေးချင်ဘူးလေ"

"ဟုတ်ကဲ့"

"ကဲ ... ဒီလောက်ဝဲနော်။ တို့ ကားဆက်ရိုက်ရဦးမှာ"

"ဟုတ်ကဲ့ ကျေးဇူးပါ။ မရွှေမြရောင် နောက်ဆုံးအနေနဲ့ ပရိသတ်ကို စကားလေးတစ်ခွန်းလောက် ပြောပေးပါနော်"

"ပရိသတ်ကို အရမ်းချစ်ပါတယ်။ ပရိသတ်အတွက် အမြဲကြိုးစားနေပါတယ်လို့"

ပြောပြီးတာနဲ့ သူမ မိတ်ကပ်သမားကို လှမ်းခေါ်လိုက်တာမို့ သူမလည်း အလိုက်တသိပဲ ပြန်လာရတာပေါ့။ မပြန်ခင် ချစ်သောမင်းသားကို ရှာကြည့်သေးသည်။ မတွေ့ပါ။ နားဖို့ပေးထားတဲ့ အခန်းထဲမှာ ထင်ပါရဲ့။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရွှေမြရောင်ရဲ့သတင်းကို ရေးရာမှာ မနှစ်မြို့မှုတွေ မပါစေဖို့ သတိထားနေရပါသည်။

ဟုတ်ပါတယ်။ ကျွန်မ မီဒီယာသမားတစ်ယောက်ပါ။ ချစ်သူကိုသာစေ မုန်းသူကိုတော့ နာစေဆိုတာမျိုး မဖြစ်စေရပါ။ ဒါပေမဲ့ ရင်ထဲမှာက တူးတူးခါးခါး မုန်းနေတာပါ။

တစ်ခါတစ်ရံ အချစ်တွေ အမုန်းတွေကို ပါးစပ်က မပြောဖြစ်ပေမယ့် စာနဲ့ချရေးရင်တော့ ခုန်ပေါက် ထွက်ကျလာတတ်ပါသည်။

ခုလည်း မုန်းနေတဲ့ မင်းသမီးအကြောင်း မုန်းရိပ်တွေမပါအောင် ရေးရတာ မလွယ်ပါဘူး။

ပါးစပ်နဲ့လည်း ဟန်ဆောင်ပြုံးပြခဲ့ပြီးပြီ။ လက်နဲ့ပါ ဟန်ဆောင်စကားလုံး ဖွဲ့ရဦးမည်။





သူမ ထိုသတင်းကို သုံးခါလောက် ပြန်အချောသပ်နေရသည်။ ပင်ပန်းလိုက်တာ။ လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုသည်။ လူက ဘယ်လောက်ပင်ပန်း ပင်ပန်း စိတ်က ပျော်ရွှင်နေရင် ပင်ပန်းတယ် မထင်။ လူက အေးအေးဆေးဆေးနေရပါရက်နဲ့ စိတ်ပင်ပန်းပြီဆိုရင်တော့ မထူချင်လောက်အောင် ပုံကျသွားတတ်သည်လေ။

ခုလည်း ရွှေမြရောင်ကို အင်တာဗျူးဖို့ လိုက်ရတာလည်း ပင်ပန်း၊ ရေးရတာလည်း ပင်ပန်းပါသည်။

ရွှေမြရောင်ရဲ့အလှတရားကို စာဖွဲ့ရတာ ဘယ်မှာပျော်ရွှင်နိုင်ပါ့မည်နည်း။ သူမစိတ်ထဲမှာ အထာထွန်း တခြားမင်းသမီးတွေနဲ့ တွဲတာထက် ရွှေမြရောင်နဲ့ တွဲတာကိုမှ ပိုမနှစ်မြို့ဖြစ်နေတာလည်း ထူးဆန်းသားပင်။

ရွှေမြရောင်ကို အလိုလိုနေရင်း ကြည့်မရ။

"ဟူး"

နောက်ဆုံးတော့လည်း ရေးလို့ပြီးသွားပြီ။ မနက်ဖြန်အယ်ဒီတာချုပ်ကို တင်လိုက်တော့မည်။ မနက်ဖြန်ပေးဖို့လည်း ကတိပေးထားတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြရောင်အကြောင်း နဖူးပေါ် လက်တင်စဉ်းစားမိသည်။ ချစ်တဲ့သူကိုမှ လွမ်းဆွတ်သတိရတာမဟုတ်။ မုန်းတဲ့သူကိုဆိုလည်း တသသနဲ့ သတိတရ ရှိသားလေ။

အချစ်ကြောင့် လွမ်းတဲ့ အလွမ်းကလည်း ခံစားရသလို အမုန်းကြောင့် သတိတရရှိနေတာလည်း နာကျင်ရတာပါပဲလေ။

အထာထွန်းနဲ့ ရွှေမြရောင်ကို တစ်လှည့်ဆီ မြင်ယောင်နေမိရင်း အိပ်လို့ကိုမပျော်။

"ရာဇဝင်မေ"

"အမယ်လေး ပလုတ်တုတ်။ မရွှးရယ်။ လန့်လိုက်တာ"

"နင် ခုထိ မအိပ်သေးတာလား။ ငါတောင်နိုးလို့ ဘုရားထရှိခိုးမလို့။ ငါးနာရီထိုးပြီ"

"ဟုတ်တယ် မရွှးရယ်။ အိပ်မပျော်လို့"

"ရာဇဝင်မေ။ နင် ညညဆိုမအိပ်။ မနက်တစ်နေကုန် အလုပ်သွားနဲ့ ကြာလာရင် ကျန်းမာရေး ထိခိုက်မယ်နော်။ လုပ်တာလည်းလုပ်။ အချိန်နဲ့ အခါနဲ့တော့ လုပ်ပေါ့ဟယ်"

"ဟုတ်ကဲ့ မရွှး။ ကျေးဇူးပါပဲ"



"မလိုပါဘူးဟယ်"

ပြောပြီးတာနဲ့ မရွှးက ဘုရားရှိခိုးနေသည်။ သူမလည်း မျက်လုံးတွေ စင်းသွားသည်။ ကျေးဇူးပြုပြီး အိပ်မက်တွေ မပေးပါနဲ့လားကွယ်။ အိပ်ပျော်ခွင့်ရတဲ့ ခဏတာကို အိပ်မက်တွေ မမက်ဘဲ အိပ်ချင်တယ်။

မရွှးရဲ့ ဘုရားရှိခိုးသံကို အာရုံပြုရင်း အိပ်ပျော်သွားသည်။ မရွှးက သူမစားဖို့ မုန့်ဟင်းခါး ဝယ်ပေးထားသည်။ အဆောင်မှာ အဖော်ကောင်းတွေ ရှိနေလို့လည်း နေရတာ အဆင်ပြေတာလေ။

တစ်ခါတလေတော့လည်း အိမ်ကို ပြန်ချင်သား။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



"ရာဇဝင်မေ"

"ရှင်"

အယ်ချုပ်အသံကြီး ဟိန်းထွက်လာသည်။

"နင် ဘယ်လိုလုပ်လိုက်တာလဲ"

"ရှင် ... ဘာ ... ဘာဖြစ်လို့လဲ"

"ရော့ ... နင်ရေးထားတဲ့စာ နင်ပြန်ဖတ်ကြည့်။ ဒီသတင်းသာ ငါတို့ဂျာနယ်ထဲ ထည့်လိုက်လို့ကတော့ ရွှေမြရောင် ငါတို့ဂျာနယ်ကို တရားစွဲလိမ့်မယ်။ ဒီမှာ နင်ရေးထားတာ ရွှေမြရောင် မကောင်းကြောင်းတွေချည်းပဲ"

"ရှင်"

"သွားပြီ၊ ရာဇဝင်မေတော့ ဆေးစားမှားပြီ။ နင့်ကို ငါ ဖိုင်းတပ်ပြီ။ နင်ဗျူးထားတဲ့ အသံဖိုင်ရော"





"ရှိ ... ရှိပါတယ် အယ်ချုပ်"

"နွယ်နွယ့်ကို ပေးလိုက်။ နွယ်နွယ် ဒီညနေပြီးအောင်ရေး။ ညရိုက်မယ့် ဂျာနယ်အတွက်"

"ဟုတ် ... အယ်ချုပ်"

"ရာဇဝင်မေ ... နင် ဘာဖြစ်တာလဲ။ အထာထွန်းအကြောင်းတုန်းက ရေးလိုက်တာ ဖြူးလို့ ဖြောင့်လို့။ ရွှေမြရောင်ကျမှ ဘယ့်နှယ် ပျစ်ပျစ်နှစ်နှစ် တစ်တစ်ခွခွတွေ ရေးထားတာတုန်း"

"ဟိုလေ ... အယ်ချုပ်။ ညက ... ညက ကျွန်မ ခေါင်းတွေကိုက်ပြီး ..."

"တော် ... ငါလိုချင်တာ အလုပ်။ ဆင်ခြေဆင်လက်တွေ မလိုချင်ဘူး။ အလုပ်ဖြစ်ဖို့ပဲလိုတယ်။ အလုပ်မပြီးမှတော့ ဘာလို့ အလုပ်ခန့်ထားမလဲ။ ဒါ နောက်ဆုံးဖြစ်ပါစေ ရာဇဝင်မေ"

"ဟုတ်ကဲ့ပါ အယ်ချုပ်"

အယ်ချုပ်ထွက်သွားတော့ မနွယ် အနားရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ရာဇဝင်မေရယ်၊ ဘယ်လိုတွေ ရေးထားတာလဲ။ အသားအရေ မကောင်းတာကို လိုးရှင်းနဲ့ဖုံးထားရတာတွေရော၊ မျက်ခုံးမကောင်းလို့ ခဏ ခဏ စိုက်ရတာတွေရော အသံဖိုင်ထဲ မပါဘဲနဲ့ ဘာလို့ လုပ်ကြံရေးရတာလဲ"

"ကျွန်မ အဲလိုတွေ ရေးထားမိတာလား"

"ငါတော့ ရှုးချင်တယ်။ နင် ဘာတွေ ဓါက်နေတာလဲ ရာဇဝင်မေရယ်"

"ကျွန်မလည်း မသိတော့ပါဘူး အစ်မရယ်။ အဲလောက် ပြေပြစ်အောင် ကျွန်မသုံးခါတောင် ပြန်ရေးထားတာ"

"ဘုရားသခင် ... နင် တကယ်ရူးသွားပြီး ရာဇဝင်မေ။ သွားပြီနဲ့ တူတယ်။ သတင်းလိုက်ရလွန်းလို့ ချောင်သွားပြီထင်တယ်။ နင့်နား ဆက်နေရင် ငါပါ ဓါက်တော့မယ်။ သတင်းသွားရေးလိုက်ဦးမယ်။ ဟင်း ... နင့်ကိုသင်ပေးတာက ငါ။ တပည့်မကောင်း ငါ့ခေါင်းကျပြီ ငါ့ခေါင်းကျပြီ"

မနွယ် တညည်းညည်းတညျုညျုနဲ့ ထွက်သွားသည်။

"ဟင်း"





ရာဇဝင်မေ သူ့မကိုယ်သူမ တော်တော်လန့်သွား၏။ သူမ ဘာတွေလျှောက်ရေးမိပါလိမ့်။ အမှန်းတရားတွေ ပျံ့နှံ့နေတယ်။ သူမစိတ်တွေကို မထိန်းချုပ်နိုင်သလို လက်တွေကိုလည်း မထိန်းချုပ်နိုင်ပါလား။ တကယ်ဆို အဲဒီနေ့က အဆင်ပြေပြေ ဗျူးနိုင်ခဲ့သားပဲ။ သူမ ညက အိပ်ရေးတွေပျက်ပြီး ဘာတွေလျှောက်ရေးမိပါလိမ့်။ အိပ်ချင်မူးတူးနဲ့ ရေးမိတာလား။ မအိပ်ချင်ဘဲ တမင်ရေးမိလား။

ဒီပုံစံနဲ့ သတင်းထောက် ဘယ်လိုလုပ်ရမလဲ။ သူမ အယ်ချုပ်အခန်းသွားကာ ...

"အယ်ချုပ် ... ကျွန်မ တောင်းပန်ပါတယ်၊ နောက်ကိုဒီလို မဖြစ်စေရဘူး"

"နေပါဦး၊ ညည်း ဘာလို့ ဒီလိုတွေ ရေးတာလဲ"

"ကျွန်မ အိပ်ရေးပျက်တာတွေ များသွားလို့ပါ။ ညက အိပ်ချင်မူးတူးနဲ့ သတင်းကိုလည်း ပါချင်ဇောနဲ့ ရေးလိုက်မိလို့ပါ"

"အမှားကြီးပဲ ရာဇဝင်မေ။ ဘယ်အလုပ်မဆို အာရုံစိုက်ပါ။ ဘယ်လောကမှာမှ မှားတဲ့သူကို နေရာကောင်း မပေးဘူး"

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



အထာထွန်းနဲ့ ရွှေမြရောင်တို့ရဲ့ ရုပ်ရှင်ကားကြီး ပရက်ရှိုးပြတော့လည်း သူမကိုပဲ သတင်းသွားယူခိုင်းသည်။

သူတို့လိုပဲ တခြားသတင်းထောက်တွေလည်းသတင်း လာယူကြသည်။ ကားကလည်း ဟာသနဲ့ဒရာမာ ရောထားတာမို့ ရယ်လည်းရယ်ရ၊ ဇာတ်လမ်းကလည်း ဇာတ်လမ်းကောင်းလေး။

သူမတို့ကို ဖျူးခွင့်ရဖို့ တန်းစီနေရသည်။

ရာဇဝင်မေကတော့ ထိုကားထဲမှာ အထာထွန်းကို အကယ်ဒမီတွေ အထပ်ထပ် ပေးနေမိသည်။ ကြည့်သာကြည့် တာ။ ရွှေမြရောင်ကိုတော့ မြင်ကိုမမြင်။

ဒါပေမဲ့ ...

သူမရင်ထဲက အမုန်းတွေကို ကြိုးစားပြီး ဖျောက် နေရသည်။





သတင်းရဖို့ကို သတင်းထောက်တွေ တိုးကြိတ်နေ ရသည်။ ပြီးတော့ တစ်ယောက်ချင်းစီလည်း အဖျူးမခံပါ။ သူတို့ ပြောတာတွေကိုပဲ ကိုယ့်အသံဖမ်းစက်ထဲဝင်အောင် မနည်းကြိုးစား နေရသည်။ တစ်ခါတလေ အသံဖမ်းစက်ကြောင်ပြီး မမိတာတွေ လည်း ရှိတတ်သဖြင့် သူတို့စကားတွေကို ဦးနှောက်နဲ့လည်း မှတ်သားရသေးသည်။ မကြားရမှာစိုးလို့ နားလည်းအစွမ်းကုန် စွင့်ထားရတာပေါ့။ ထိုအချိန်မှာ သတင်းရဖို့တစ်ခုပဲ အာရုံကရှိ နေသည်။

ထိုစဉ်မှာပဲ ...

သူမလည်ပင်းက ဆွဲကြိုးကို ဆောင့်ဆွဲဖြုတ်တာ ခံလိုက်ရသည်။

“အား ... အမယ်လေး၊ ကျွန်မဆွဲကြိုး ဖြတ်သွားလို့”

ရုပ်ရှင်ရုံမှာဆိုတော့ လူကများသည်။ ပြေးသွားတဲ့ သူကို လူအုပ်က ဝိုင်းဖမ်းသဖြင့် မိသွားသည်။ ထိုလူက ဆွဲကြိုး ကို လွှင့်ပစ်သဖြင့် လိုက်ကောက်ရသေးသည်။

သူမဆွဲကြိုးကလေး ပြန်တော့ရလိုက်သည်။ ရုပ်ရှင် ထုတ်လုပ်ရေးကလူက ...



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလား ညီမ"

"ဟုတ်"

"လည်ပင်းရှသွားတာပဲ သွေးတွေထွက်နေတယ်"

"ဟုတ်တယ်၊ သူ့လည်ပင်းမှာ သွေးတွေ"

သွေးပူတုန်းမို့လို့ ရာဇဝင်မေက မနာသေး။ လည်ပင်းကို စမ်းကြည့်လိုက်တော့ စေးကပ်ကပ်နဲ့။

"ကျွန်တော်တို့ကားကို သတင်းလာယူရင်း ဖြစ်ရတာ စိတ်မကောင်းပါဘူး။ ဆေးခန်းလိုက်ပို့ပေးမယ်လေ"

"ရပါတယ်၊ ကျွန်မဘာသာ သွားလိုက်မယ်"

အထာထွန်း နဲ့ ရွှေမြရောင်ကလည်း လာကြည့်ကာ ရွှေမြရောင်က ...

"ဒဏ်ရာများသွားလား မသိဘူး၊ ဆေးခန်းသွားလိုက်ပါ။ သွေးထွက်လွန်သွားမှာစိုးလို့"

သူမမုန်းသော ရွှေမြရောင်က သူမကို စေတနာစကားတွေ လာပြောနေပေမယ့် အများရှေ့မှာ တမင်လုပ်ပြီး ပြောနေသည်ဟု ထင်နေမိ၏။ အထာထွန်းကလည်း ...

"ဆေးခန်းသွားလိုက် ညီမ။ ရော ... သွေးထွက်နေတယ်"





သူ့ပဝါလေး ကမ်းပေးတာကို လှမ်းယူရင်း လူက လေထဲမြောက်သွားသလို ခံစားလိုက်ရသည်။ ထုတ်လုပ်ရေးက အတင်းပင် ဆေးခန်းလိုက်ပို့သည်။ ဆေးဖိုးတွေ ရှင်းပေးလိုက်သည်။ သိပ်တော့ မများပါ။ ထိတယ်ဆိုရုံပါပဲ။ သွေးကြောနေရာ တည့်တည့်ကျပြီး သွေးထွက်လွန်နေတာပါ။

ဒါပေမဲ့ အထာထွန်းရဲ့ပဝါကလေး ရလိုက်တာ သူမအတွက် တန်ဖိုးမဖြတ်နိုင်စရာပါပဲ။ ပဝါက လည်ပင်းပတ်တဲ့ မာဖလာလေးပါ။ ထိုပဝါလေးကို ရင်ဘတ်ပေါ်တင်အိပ်ရင် ရင်ထဲမှာ နွေးထွေးပြီး အိပ်မက်ဆိုးလည်း မမက်တော့။ နှစ်ခြိုက်စွာလည်း အိပ်ပျော်သည်။ မင်းသားဆီက ပဝါလေးရလိုက်တာကို ကံကောင်းခြင်းဟု သူမ သတ်မှတ်လိုက်သည်။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ရှုတင်က ရွှေမြရောင်နဲ့ တခြားမင်းသား တစ်ယောက်ပါ။ သူမက ရှုတင်သတင်း သွားယူတာပါ။

သူမကို ရွှေမြရောင်က မမှတ်မိ။ ဒါက သဘာဝပါပဲ။ ယခုရှိသတ်ကသာ celebrity ကို မှတ်မိတာ။ celebrity ကတော့ ပရိသတ်ကို မမှတ်မိ။ တော်တော်လေး ရင်းနှီးပြီး တော်တော်လေးကို မျက်မှန်းတန်းမိမှသာ မှတ်မိတတ်တာပါ။

နာမည်ကြီးသတင်းထောက်တွေ ဆိုရင်တော့ ပျူငှာစွာ ဆက်ဆံတတ်ပါသည်။ သူမတို့လို အညတရ ပမွှားလေးတွေကိုသာ ဂရုမစိုက်တာ။

ထိုနေ့က မင်းသား မင်းသမီးကို မဗျူးရပါ။ ဒါရိုက်တာကိုပဲ ဗျူးရတာ။ ဇာတ်ညွှန်းရေးဆရာနဲ့ ဒါရိုက်တာကိုပေါ့။





မင်းသမီး မင်းသား မလာခင် ဒါရိုက်တာကို ဗျူးထားသည်။ မင်းသား မင်းသမီးလာလို့ ရိုက်ပြီး နောက်တစ်ကတ်အတွက် အဝတ်အစားလဲတော့ ဇာတ်ညွှန်းကို ဗျူးရသည်။

ဖြစ်ချင်တော့ သူမ ကြည့်နေတုန်း မင်းသမီးက အဝတ်အစားလဲပြီးလို့ ထွက်လာပြီး ကော်ဖီသောက်နေသည်။

ကော်ဖီကို သူမရဲ့ကော်ဖီဘူးလေးထဲကနေ ငှဲ့ထည့်ပြီး မှုတ်သောက်နေပုံလည်း လှနေတာပဲ။ ကော်ဖီမှုတ်နေတဲ့ နှုတ်ခမ်းလေးတွေကလည်း လှသည်။

သူမ အဲလိုလှနေလေ ရာဇဝင်မေက သဘောမကျလေပါပဲ။

ရာဇဝင်မေတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတိမထားမိခင်မှာ ရွှေမြရောင်နား ရောက်သွားသည်။ စိတ်ထဲမှာတော့ သူမ သောက်နေတဲ့ ကော်ဖီတွေ မှောက်ကျသွားအောင် တွန်းချပစ်လိုက်ချင်တာ။ ဒါပေမဲ့ သူမနားရောက်တော့ ...

"ဟိုနေ့က ဆွဲကြိုးပြုတ်ခံရတဲ့ တစ်ယောက်မို့လား"

"ဟုတ်ကဲ့"

"လည်ပင်းကဒဏ်ရာ သက်သာသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သက်သာသွားပါပြီ"

"တော်သေးတာပေါ့၊ ခုရော သတင်းလာယူတာလား"

"ဟုတ်ကဲ့"

"အိုခေ ... အိုခေ၊ လုပ်စရာရှိတာလုပ်၊ တို့လည်း ဒိုင်ယာလော့ခ် ကျက်လိုက်ဦးမယ်"

ရွှေမြရောင်က သူမကို မှတ်မိတဲ့အပြင် သူမဒဏ်ရာကိုတောင် သတင်းမေးလိုက်သေး၏။

ကြည့်စမ်း။

မုန်းတာက မုန်းတာပဲ။ သူမကိုယ်သူမ တော်တော်ရှက်သွားသည်။ သူမက ရွှေမြရောင်ကို စိတ်ထဲမှာ မကောင်းကြံနေတာ။ ရွှေမြရောင်က သူမကို စေတနာနဲ့ သတင်းတောင်မေးလိုက်သေးသည်။

သူမ တော်တော်ဆိုးရွားတာပါလား။ ကိုယ့်ကိုယ်ကိုယ် ဆိုးမှန်းလည်း သိပါသည်။ ထိုဆိုးဝါးမှုကလည်း ရွှေမြရောင်နဲ့ တိုက်ရိုက်မပတ်သက်ပါပဲ။ အထာထွန်းကို ချစ်ခင်မိသဖြင့် အထာထွန်းနားက ရွှေမြရောင်ကို မုန်းမိတဲ့ အင်ဒါရိုက်အမုန်း၊ တစ်ဆင့်ခံအမုန်းပါ။





ရွှေမြရောင်ကတော့ ဘာမှမသိ။ သူမကို မုန်းတီးနေမှန်းသာသိရင် ဘယ်လိုနေမလဲ။

"အိုး"

ကြည့်နေတုန်းမှာပဲ ရွှေမြရောင် လက်ထဲက ကော်ဖီခွက်က သူမကိုယ်ပေါ်ကို မှောက်ကျသွားသည်။

"ဟယ် ... ဆောရီးပါ။ မတော်တဆနော်။ ရွှေမြ ခလုတ်တိုက်မိသွားလို့ ဆောရီးနော်။ ကော်ဖီတွေပေကုန်ပြီ။ ဒီလိုလုပ် ရွှေမြမှာ မဝတ်ရသေးတဲ့ အကျႌအသစ်ပါတယ်။ လဲလိုက်နော်"

"ရပါတယ် မရွှေမြရောင်"

"မရနဲ့ လဲလိုက်၊ ကော်ဖီတွေ ပေနေတာ ဘယ်လိုသွားမလဲ။ စံစံရေ ... အစ်မအိတ်ထဲက အကျႌအညိုလေး ဒီတစ်ယောက်ကို ပေးလိုက်နော်"

"နေပါစေ ရတယ်၊ သိပ်မသိသာပါဘူး။ အကျႌကအနက်ဆိုတော့ မသိသာဘူး။ ရတယ် ... ရတယ်"

ရယ်ဖို့ကောင်းသေးတော့။ သူမ အတင်းငြင်းပြီး လှည့်ထွက်လာလိုက်သည်။

www.burmeseclassic.com



ဖြစ်ချင်တာက တစ်မျိုး။ ဖြစ်သွားတာကပြောင်းပြန်။ ကိုယ့်စေတနာ ကိုယ့်ဆီပြန်လာတယ်ဆိုတာ ဒါမျိုးမှအစစ်။

ဒီတစ်သက်တော့ မင်းသမီး ရွှေမြရောင်ကို မီမယ် မထင်ပါဘူး။ သူမက စိတ်ထဲမှာ မကောင်းတာလုပ်ဖို့ တွေးနေပေမယ့် မင်းသမီးကတော့ စိတ်ထားကောင်းလိုက်တာ။ ရုပ်ချော သဘောကောင်းဆိုတာ ရွှေမြရောင်မှအစစ်။ ဘာလို့အဲလောက် ပြည့်စုံနေရတာလဲ။ အဲလို ပြည့်စုံလေ မုန်းလေပဲ။

သူမထက် အစစအရာရာ သာနေလေ မုန်းလေပဲ။ ရာဇဝင်မေ တစ်ယောက် ကိုယ့်ဒုက္ခကိုယ်ရှာနေတာပါလေ။

တကယ်တော့ အမှားဆုံးက အထာထွန်းကိုမှ ချစ်မိတဲ့ သူမနှလုံးသားပါလေ။

♥ ❖ ♥





မနူးတစ်ယောက် တဟားဟား ရယ်ချလိုက်သဖြင့် အဆောင်သူအားလုံး မနူးဆီ အကြည့်ရောက်သွားသည်။

"ဟီး ဟီး ... ငါ စမ်းကြည့်လိုက်ရမလားဟေ့"

"ဘာလဲ မနူးရဲ့။ အေးလေ ... အစမရှိ အဆုံးမရှိ"

"ဟုတ်ပ အရင်းမရှိ အဖျားမရှိ"

"တော်ကြစမ်း ... ဒီမှာ ငါဖတ်ပြမယ် သဘောကျလို့ပါ အေ ... ဟေဟေ့။ တစ်စုံတစ်ယောက်ကို သဘောကျရင် တဲ့ အဲဒီတစ်စုံတစ်ယောက် မျက်နှာလေးဖြစ်ဖြစ်၊ ဓာတ်ပုံရှိရင် ဓာတ်ပုံပေါ့ဟာ၊ အဲဒါလေးကြည့် အာရုံစိုက်ပြီး မေတ္တာသုတ်ရွတ်ပေးရင်တဲ့ ကိုယ့်ကို ပြန်စိတ်ဝင်စားတယ် တဲ့"

"ဒါဆို ကျွန်မ လီမင်ဟို ဓာတ်ပုံကြည့်ပြီး ရွတ်မယ်။ လီမင်ဟိုက ကျွန်မကို စိတ်ဝင်စားမလား ... တဲ့"

www.burmeseclassic.com



တစ်ယောက်က ထဖောက်တော့ feel တက်နေတဲ့ မခူးက ဆဲပါတော့သည်။

"ကောင်မ ဖြစ်နိုင်တာပြောလေအေ။ နိုင်ငံခြားနေတဲ့ မင်းသားက ညည်းကို ဘယ်လိုလာပြီး စိတ်ဝင်စားမှာလဲ... ဟွန်း"

"သိဘူးလေ ... မခူး ပြောလို့ ပြောတာ"

"ဖြစ်နိုင်ချေရှိတာ စမ်းကြည့်ပေါ့ဟဲ့"

"မခူးမှာ စမ်းချင်စရာကြီး ရှိနေတယ်ပေါ့"

"ဩော် အေ ... အသည်းနှလုံး ဆိုတာတော့ ရှိတာပေါ့ အေ။ ရတာမလို လိုတာမရလို့ အပျိုကြီးဖြစ်နေရပေမယ့် စိတ်ကူးထဲက ပုံရိပ်ဆိုတာတော့ ရှိတာပေါ့"

"ဘယ်သူလဲ မခူးတို့ရှုံးကလား"

"တော်တိတ် ... ဆက်မပြောပြနိုင်ဘူး။ ဘာပဲဖြစ်ဖြစ် စမ်းတော့ စမ်းကြည့်မယ် ... ဟေ ဟော့"

ရာဇဝင်မေ ပြုံးစိစိနဲ့ နားထောင်နေရင်း သူမပါ စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

မခူးကတော့ ချောင်ထိုးထားသော ပရိတ်ကြီး(၁၁) သုတ်စာအုပ်ကို အသည်းအသန် လိုက်ရှာနေသည်။





ရာဇဝင်မေကတော့ ဘုရားရှိခိုးတိုင်း မင်္ဂလာသုတ်နဲ့ မေတ္တာသုတ်ကို ရွတ်နေကြပါ။ အလွတ်ရပြီးသား။ မျက်လုံးစုံမှိတ်ပြီး အလွတ်ရနေသော မျက်နှာလေးကို အာရုံပြုရင်း အလွတ်ရတားသော ဂါထာကို ရွတ်လိုက်သည်။

ဟုတ်,မဟုတ်တော့ မသိပေမယ့် စွဲလမ်းရသူအတွက်တော့ ဖြေဆေးပါပဲ။

ရာဇဝင်မေ သတင်းလိုက်ရင် အထာတွန်းရှိတဲ့ ရှုတင်တွေကိုပဲ ရောက်နေတော့သည်။ အားလူတွေ မရိပ်မိလို့သာ တော်တော့သည်။

တကယ်တော့ သူမရဲ့စွဲလမ်းခြင်းဟာ။

ဆယ်ကျော်သက်တစ်ယောက်ရဲ့ စိတ်ကူးယဉ်ဒဏ်ရာပါ။ ဆယ်ကျော်သက်တိုင်းမှာတော့ စိတ်ကူးထဲမှာ စွဲလမ်းရတဲ့သူ ရှိတတ်တာပါပဲ။ အထူးသဖြင့် ရုပ်ရည်ဆွဲဆောင်မှုရှိတဲ့ အနုပညာသမားတွေကို ရင်ခုန်စွဲလမ်းမိတာမျိုးတော့ ဆယ်ကျော်သက်တိုင်း ဖြစ်ဖူးမှာပါပဲ။

အရူးအမူး အားပေးကြတာပါပဲ။ ဒါပေမဲ့ ရာဇဝင်မေတစ်ယောက်ကတော့ အရူးအမူးထက်ကို ပိုရှုံစွဲလမ်းတာ။ တစ်နည်း

www.burmeseclassic.com



ပြောရရင် မင်းသားကို တကယ်ကြီးကို မြတ်မြတ်နိုးနိုးကြီးကို ချစ်ခင်မြတ်နိုးသွားပါသတဲ့။

မမြင်ဘူးခင်တည်းက ကြင်ရတဲ့အချစ်။ တီဗီဖန်သား ပြင်ပေါ်က ရုပ်သွင်ကိုမှ စွဲလမ်းမိခဲ့တဲ့ အချစ်။

ထိုအချစ်ကို အားကိုးပြီး မင်းသားနားကို တရွေ့ရွေ့ တိုးမိနေတဲ့ အဖြစ်။

တကယ်တမ်း မင်းသားကို အပြင်မှာ မြင်တွေ့ရတဲ့ အခါ မင်းသားက တီဗီထဲမှာ တွေ့ရတာထက် အများကြီးပိုပြီး ချောမောကြည့်ကောင်းနေတော့ စွဲလမ်းမှုဝေဒနာတွေပို။

ပြီးတော့ သူမနဲ့ မင်းသားတို့ရဲ့ အနေအထားက လည်း တော်တော်ကို ပေခြားလွန်းပါတယ်ကွယ်။

♥ ❖ ♥





"မောင်မပါဘဲ မသွားပါနဲ့လား ရွှေမြ"

"ဘာလို့လဲ အထာ။ တစ်ခါမှမကန့်ကွက်စဖူး"

"ဒီလူ့အကြောင်း မောင် ကောင်းကောင်းသိလို့ပါ"

ဒီတစ်ခါတော့ ဖုန်းထဲမှာပြောတာမဟုတ်။ ရွှေမြ ရောင် အမေရိကားကို ကြော်ငြာသွားရိုက်မယ့် ကိစ္စအတွက် အထာထွန်း လူကိုယ်တိုင် ရွှေမြရောင်ဆီ လာပြောတာပါ။

စီးနေကြမဟုတ်တဲ့ကားနဲ့ ရုပ်ဖျက်ပြီး ရွှေမြရောင် အိမ်ကို လာတာပါ။ တစ်ခါတလေ ဒီလိုပဲ လာတတ်ပါတယ်။ ရွှေမြရောင်တို့ အိမ်သားတွေကလည်း သူတို့နှစ်ဦးအကြောင်း သိထားပြီးသားဆိုတော့ လာလို့ရပါ၏။

ရွှေမြရောင်က အထာထွန်းကို အထာထွန်းအကြိုက် သံပရာရည်ချိုချဉ်လေး ဖျော်တိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် ... မောင်စိုးရိမ်နေတာက ရွှေမြရဲ့သိက္ခာတရားကိုစော်ကားသလို ဖြစ်နေပြီကွယ့်။ ရွှေမြကိုယုံရင် ဒီစကားမျိုး မပြောသင့်ဘူးလေ"

"ရွှေမြကို ယုံပါတယ်။ ဒါပေမဲ့ မောင် အဲဒီလူကိုကြောက်တယ်။ မောင့်အဆင့်က သူလိုလူကို မယှဉ်နိုင်ဘူး။ သူ့သိပ်ချမ်းသာတာက သူ့ဆီမှာရှိတဲ့ အင်အားအကြီးဆုံးလက်နက်ပဲ။ ပြီးတော့ သူက မော်ဒယ်လ်တွေ၊ မင်းသမီးတွေ၊ အဆိုတော်တွေ တစ်ယောက်ပြီးတစ်ယောက် နိုင်ငံခြားခေါ်သွား။ ကြော်ငြာရိုက်တယ်ဆိုပြီး ထွက်မလာတဲ့ကြော်ငြာတွေ တစ်ပုံကြီး။ ကြော်ငြာတွေသာ ထွက်မလာတာနော်။ ပါသွင်းတဲ့သူတိုင်းတော့ သူ့ရဲ့နံပါတ်စဉ်တစ်ခု ဖြစ်သွားတာချည်းပဲ"

"ဟင်း ဟင်း ... သူ့ရဲ့နံပါတ်စဉ်ဖြစ်ဖို့ဆိုတာ အဖြစ်ခံတဲ့သူရှိလို့ ဖြစ်တာပါ။ ရွှေမြရောင်က ဘယ်တော့မှ နံပါတ်စဉ်အဖြစ်ခံမှာ မဟုတ်ဘူး။ မောင် တားချင်ရင် တခြားနည်းလမ်းနဲ့ တားသင့်တယ်။ ခုလို တားပုံမျိုးက ရွှေမြသိက္ခာကို အရမ်းကို ထိခိုက်တယ်။ မောင်မယုံရင် ရွှေမြနဲ့လမ်းခွဲလိုက်။ ရွှေမြကတော့ ဒီခရီးကိုသွားမှာ။ ဟုတ်ပြီနော်"





"ရွှေမြ"

"ပိုက်ဆံရှိတဲ့သူတိုင်းကို ဦးနိုက်မယ့်ထဲမှာ ရွှေမြ မပါဘူး မောင်။ ရွှေမြ သိက္ခာကို မစော်ကားနဲ့"

"မင်းကို စိတ်ပူခွင့်တောင် မရှိရဘူးလား"

"စိတ်ပူခွင့်ရှိပါတယ် မောင်။ ဒါပေမဲ့ မောင် ဖြစ်နေပုံက ရွှေမြ လိုက်သွားရင်ပဲ ပျက်စီးသွားတော့မယ့် အတိုင်းပဲ"

"မင်ကို ယုံတယ်။ ဟိုလူကို မယုံတာ။ ရေခြားမြေခြားမှာကွာ။ သူ့လက်ခုပ်ထဲကရေ ဖြစ်သွားရင် ဆိုယ်လိုလုပ်မလဲ။ ပြီးမှ အရှက်ကို အသက်နဲ့ လဲပြမှာလား။ ဟင်း ... မင်းတော်တော်ဒုံးဝေးတဲ့ မိန်းမပဲ။ မသွားသင့်တဲ့နေရာဆိုတာ မသွားရဘူး ရွှေမြရောင်"

"သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက်ဟာ ငွေနဲ့ဖြားယောင်းချင် ဖြားယောင်းမယ်။ အတင်းကာရောတော့ သိက္ခာအကျခံမှာ မဟုတ်ပါဘူး။ ကိုယ်ပါမှဖြစ်မှာ"

"ဘာလူကြီးလူကောင်းလဲ။ အဲဒီ မျက်နှာဖုံးကြီးအောက်မှာ ဘယ်လောက် ပုပ်သိုးနေမလဲ မင်း သိလား"

"သိစရာ မလိုဘူး။ အလုပ်လုပ်ရုံပဲ သွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘောက် ... မင်းကွာ"

"မောင် ရွှေမြကို ချစ်ပုံချစ်နည်းလေး ပြင်လိုက်ပါဦး"

"မင်းသာ လဲသေလိုက်တော့ကွာ"

♥ ❖ ♥

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများ ပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ဧ-လွှာ(၈)၊ ဧယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





ခုဆို ရှုတင်တော်တော်များများကို သတင်းလိုက်ယူနေရသဖြင့် သူမနဲ့ မျက်မှန်းတန်းမိသူတွေ တော်တော်များလာပါပြီ။

ဟိုရိုက်ကွင်းမှာ ဒီမင်းသား၊ ဒီရိုက်ကွင်းမှာ ဒီမင်းသမီး၊ စက်အဖွဲ့၊ ကင်မရာမင်းတွေဆိုတာလည်း လက်ချိုးရေလို့ရသည်လေ။

ဒီတော့လည်း တစ်ခါက်ကနေ နှစ်ခေါက်။ နှစ်ခေါက်ကနေ အခေါက်နှစ်ဆယ်လောက် ဖြစ်လာတော့လည်း မျက်မှန်းတန်းမိလာ၊ မှတ်မိလာတာပေါ့။

အဲဒီမှာ ဆိုးဂိုးတာတစ်ခုက မျက်နှာအရမ်းပြောင်ကာ ရှက်ကြောပြတ်နေသည့် ဟာသ သရုပ်ဆောင်တစ်ယောက်က သူမကို သဘောကျနေတာ ဆန္ဒမအာရုံက သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘောကျတာက ရွှေမင်းသား။ အနားရောက်လာတာက ဟာသလူရွှင်တော်။ လွဲတာတော့ တော်တော်ကြီးကိုလွဲပြီ။ အကြီးကြီးကိုလွဲပြီ။

ဟာသ သရုပ်ဆောင် ဆိုတာကလည်း ရိုက်ကွင်းပေါ်မှာ ပြောင်တာပါ။ အပြင်မှာတော့ ခပ်တည်တည်။ ရုပ်ကလည်း အဆိုးကြီးမဟုတ်ပါ။ သာမန်ရွက်ကြမ်းရေကျိုပါပဲ။ ဒါပေမဲ့ ဇာတ်ကားတွေထဲမှာနဲ့၊ စင်မြင့်ထက်ကို ရောက်သွားရင်တော့ တော်တော်မျက်နှာပြောင်သည်။ စကားတစ်လုံးမှ မပြောဘဲ အမူအရာနဲ့တင် ရယ်အောင်သရုပ်ဆောင်နိုင်သည်။

ရာဇဝင်မေဆို မရယ်ချင်ဘဲ အမြင်ကတ်မှုကတ်။ ကြည့်လို့ကိုမရ။ ဒါပေမဲ့ အပြင်မှာတွေ့တော့ အေးဆေးနေတာတွေ့ရသဖြင့် အလုပ်သဘောအရပါလားဟု အမြင်ကတ်တာတွေ ပျောက်ရုံရှိသေး။ သူမကို စိတ်ဝင်စားပုံ ပြလာသော လူရွှင်တော်ကြောင့် စိတ်ညစ်ရသည်။

ဘာကြီးလဲကွာ။ ကံကြမ္မာက ဒီလိုကြီးတဲ့လား။

ဒီနေ့လည်း ရှူတင်ကိုရောက်တော့ သူ့ကို တွေ့ရပြန်သည်။





"ညီမလေး သတင်းလာယူတာလား"

"ဖြေစရာမလိုတဲ့ မေးခွန်းတွေ မမေးနဲ့လေ"

"အေး ... ဟုတ်သား ... ဟဲ ဟဲ"

သူ့နာမည်ကလည်း စိတ်ပျက်စရာပါ။ ကြွက်ပေါက်တဲ့။ (တိုက်ဆိုင်မှုရှိရင် တိုက်ဆိုင်မှုသက်သက်ဟုသာ)။ ရှေ့သွားလေးနှစ်ချောင်းက တခြားသွားတွေထက် ကြီးနေလို့ ဒီနာမည်တွင်ခဲ့သတဲ့။ ကြွက်ပေါက်ဆိုတာ အိမ့်နာမည်၊ ငယ်နာမည်တဲ့။ နာမည်အရင်းကတော့ ချမ်းသာထွန်း ဆိုလား ဘာလား။ ခုတော့ ချမ်းသာထွန်းဆိုတာ မှတ်ပုံတင်ထဲမှာပဲ ရှိမည်။

တစ်နိုင်ငံလုံးသိတဲ့ သူ့နာမည်က ကြွက်ပေါက်ပဲ။ လူရွှင်တော်ကြွက်ပေါက်၊ ဟာသ သရုပ်ဆောင်ကြွက်ပေါက်။ ဒါပေမဲ့ ကြွက်ပေါက်ကို အထင်တော့မသေးနဲ့နော်။ ဟာသ သရုပ်ဆောင်ဆိုပေမယ့် ဇာတ်ပို့နဲ့ အကယ်ဒမီတစ်ဆု ရထားသည်။

သူမ ကြွက်ပေါက်ကို စိတ်မဝင်စား။ ဒါပေမဲ့ တစ်ခုတော့ရှိသည်။ အနုပညာသမားတစ်ယောက် သူမကို စိတ်ဝင်စားလာတာနဲ့ သူမစိတ်ထဲမှာ မယုံကြည်မှု သံသယတွေက ကိန်းဝပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွက်ပေါက်ဟာ သူမကို လွယ်လွယ်ထင်တာလား။ တစ်ရွာတစ်ကျိဆောက်တတ်သူလား။ ကြုံလို့အီသလား။ စသဖြင့် လားပေါင်းများစွာသော သံသယတွေ ဟန်းစီလာပြီ။

မနှစ်သက်သောကြွက်ပေါက်အတွက်တောင်သံသယ မေးခွန်းတွေ တန်းစီပေါ်ပေါက်လာရင် နှစ်သက်မိသော အထာ ထွန်းအတွက်ဆို ဘယ်လောက်များ ပူပန်ရမလဲမသိ။

သူမ ဗျူးစရာရှိတာဗျူးပြီး ရိုက်ကွင်းခေတ်ပုံတွေ ရိုက်သည်။

"ကိုယ့်ပုံရော ရိုက်ဦးမလား ညီမလေး"

"ဘာလို့ ရိုက်ရမှာလဲ"

"ကိုယ့်ကိုလည်း ဗျူးလေ။ ဖြေချင်လွန်းလို့ပါ"

"ကိုကြွက်ပေါက်ကို ခဏ ခဏ ဗျူးထားပြီးပြီဆိုတော့ ဒီ တစ်ခါ မဗျူးတော့ဘူး"

"ရက်စက်တာဟယ်။ ဖြေချင်လို့ပါဆို"

"သွားစရာရှိသေးလို့ သွားတော့မယ်"

"ရွှတင်သတင်းတွေ ပေးချင်လို့ ဖုန်းဆက်မယ်နော်"

"ရပါတယ် မဆက်နဲ့"





"ဘာလို့လဲ"

"ရွှတင်သတင်းက တိုက်တွေက အော်တိုရပြီးသား။ သွား လိုက်ဦးမယ်"

"တာ့တာ ... ဘိုင့်ဘိုင် ဆီးယူ၊ မယူရင် အီးယူ"

ပြောင်စပ်စပ်နဲ့ နှုတ်ဆက်တာကို မရယ်ချင်ဘဲ အမြင်တွေဘဲ ကတ်နေသည်။

စိတ်တိုလိုက်တာနော်။

လွဲရက်တဲ့ ကံကြမ္မာကိုပဲ အပြစ်ဖို့ရမယ်။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြရောင်က ခရိုနီတစ်ယောက်ရဲ့ ကြော်ငြာကို သွားရိုက်သည်။

တားမရတဲ့ အထာထွန်း ဒေါ်သတွေ တစ်လှေကြီးနဲ့ ကျန်ခဲ့သည်။

သူ့စကားကို တစ်ချက်တောင် အဖက်မလုပ်သွား။

"အမေရိကားမှာ ကြော်ငြာသွားရိုက်ခွင့်ရတာ မဟာအခွင့်အရေးပဲ မောင်။ ရွှေမြကိုယ် ရွှေမြ ယုံတယ်။ ရွှေမြ အလုပ်သွားလုပ်တာ လိပ်ပြာလည်းသန့်တယ်။ ရွှေမြကတော့ သွားမှာပဲ"

ဖွတ်ထွက်သွားသဖြင့် သူမနဲ့သူ အစာမကြေပါ။ ရွှေမြရောက်ရောက်ချင်း သူ့ဆီ ဖုန်းလှမ်းဆက်ပါသည်။

"ရွှေမြ ချောချောမောမော ရောက်တယ် မောင်"



သူ ဖုန်းချပစ်လိုက်သဖြင့် သူမလည်း ထပ်မဆက်တော့ပါ။ သူမ ဘယ်နေ့ပြန်လာမယ်ဆိုတာ သိပေမယ့် သူ ပြန်လာတဲ့နေ့ကိုလည်း ဖုန်းမဆက်ပါ။ စိတ်တိုလို့ပါ။

ရွှေမြနဲ့ အဆင်မပြေသဖြင့် စိတ်ကမကြည်။ အရွဲ့တိုက်ပစ်ချင်စိတ်တွေလည်း ပေါက်နေသည်။

သူက ရုပ်မင်းသား တစ်ယောက်ပါ။ သူ့ကိုသဘောကျနေသော ကြီးငယ်ရွယ်လတ် မိန်းကလေးတွေလည်း အများကြီးပါ။

ဒါပေမဲ့ သူ အနုပညာအဖွဲ့ရော သိက္ခာအရပါ မရှုပ်ခဲ့ပါ။ တည်တည်ကြည်ကြည်ပဲ နေခဲ့ပါသည်။

ရှုပ်စရာမရှိအောင်ကို ခပ်ရှင်းရှင်း နေခဲ့တာပါ။

သူမကတော့ ထိုသို့မဟုတ်ပါဘဲ နာမည်ပျက်ဖြင့် ကျော်ကြားသော ခရိုနီကြီးနှင့်အတူ ပြည်ပမှာ ကြော်ငြာရိုက်ဖို့ လိုက်သွားခဲ့သည်။

သူမတို့သွားတာကို သတင်းအနံ့ရသော မီဒီယာမှဆိုးတို့က ဖွကြပြီ။ ဟိုလိုလို ဒီလိုလို နှစ်ဖက်ချွန် နှစ်ဖက်ခွ သတင်းတွေ ရေးကြပြီ။

www.burmeseclassic.com



သူ့မှာတော့ ဂျာနယ်ပုံကြီး ရှေ့ချပြီး ဒေါသတွေ တစ်လှေကြီး ထွက်လို့ပေါ့။

ဒါပေမဲ့လည်း ...

သင်းကတော့ သိမှာတောင် မဟုတ်။ တစ်ခါမှ မရောက်ဘူးတဲ့ အမေရိကားဆိုတဲ့ နိုင်ငံကြီးမှာ ပျော်ရွှင်ခဲ့မှာပေါ့။

ဘာပဲပြောပြော အနုပညာလောကမှာ နာမည်ကောင်းနဲ့ ကျော်ကြားတဲ့သူထက် နာမည်ဆိုးနဲ့ ကျော်ကြားတဲ့သူက ပိုများပါသည်။

အနေအထိုင် တတ်ပါမှ နာမည်ကောင်းရမှာပါ။ တချို့ကျတော့လည်း ကျော်ကြားချင်လို့ ဆိုးပြကြတာတွေ ရှိပါသည်။

အကောင်းနဲ့အဆိုး အချိုးချရမယ် ဆိုရင်တော့ ဆိုးတဲ့ဘက်က မဲသာသွားမလားမသိ။

အထာထွန်းကလည်း သူမကို မဆက်သွယ်။ သူမကလည်း မဆက်သွယ်ပါ။ ရုပ်မင်းသားနဲ့ ရုပ်မင်းသမီးတို့ မာနချင်းပြိုင် အထာကိုင်နေကြပါပြီ။





တစ်ခါတစ်ရံ မာနဆိုတာကြီးက ချစ်သူတွေကို သွေးခွဲတတ်ပါသည်။ သင်းကြောင့် ကွဲကွာခွဲခွာသွားကြတဲ့ ချစ်သူစုံတွဲတွေလည်း များလှပြီ။ မာနကြီးတယ်ဆိုတာ မကောင်းမှန်းသိရက်နဲ့ မာနကြီးတာကို အရသာတွေ့နေကြတာပါ။

အထာထွန်းတစ်ယောက် ညစ်နေသော်လည်း လက်ခံထားသော ဗီဒီယိုကားတွေ ရှိနေတာမို့ စိတ်မပါသော်လည်း အလုပ်လုပ်နေရပါသည်။

ဒီလိုပါပဲ။ သူသည် ကိုယ်မဟုတ်သောကြောင့် ကိုယ့်အကြောင်းတော့ ကိုယ်သာအသိဆုံးပါပဲ။ အထူးသဖြင့် သရုပ်ဆောင်တစ်ယောက်အဖို့ စိတ်ပါပါ မပါပါ အလုပ်ကိုတော့ ပီပြင်အောင် လုပ်ရပါ၏။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



မာနက အချစ်ထက်ပို၍ တန်ခိုးကြီးပါ၏။ အချစ်ရဲ့စွမ်းအားတက် မာနရဲ့စွမ်းအားက ပို၍တန်ခိုးထွားသွားသော အခါ အချစ်က မာနရဲ့ကျွန် ဖြစ်သွားပါတော့သည်။ အချစ်က အင်အားချည့်နဲ့ကာ မာနရဲ့ စေညွှန်အမိန့်ပေးမှုကို ခံရပါတော့သည်။

မာန်မာနဆိုသော အရာမှာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုပေးလေ့ရှိ၏။ ထို့ကြောင့် မာနဖုံးလွှမ်းခံရတဲ့ အချစ်ကလည်း ကောင်းသောအကျိုးသက်ရောက်မှုထက် ဆိုးသော အကျိုးသက်ရောက်မှုကိုသာ ပို၍ပေးတတ်တာပေါ့။

အခုလည်း အထာထွန်းနဲ့ ရွှေမြရောင်တို့ အချစ်ကြားသို့ မာနဝင်နေပါပြီ။ နှစ်ယောက်စလုံးက မာနတံခွန်လွှင့်နေကြသဖြင့် နားလည်မှုဆိုသောစည်းက တဖြည်းဖြည်း ကျိုးပျက်လာသည်။





အထာထွန်းကလည်း ရွှေမြရောင် သူ့စကား နားမထောင်သဖြင့် မကျေနပ်သလို ရွှေမြရောင်ကလည်း သူမရဲ့အချစ်ကို မယုံကြည်ရကောင်းလားဟု အထင်လွဲ။ အမှန်တရားကို ဘယ်သူမှ လက်မခံ။

အဓိက အဆင်ပြေပြေ ချစ်ကြဖို့ မစဉ်းစားဘဲ မာနတွေထား၊ နားလည်မှုတွေလွဲပြီး တဖြည်းဖြည်း ဝေးကွာသွားတဲ့ ချစ်သူတွေ တစ်ပုံကြီး။

နောက်တစ်မျိုးလည်း ရှိသေးသည်။

အဲဒါကကျတော့ ပိုချစ်ရသူက အလျှော့ပေးအလိုလိုက် နားလည်မှုပေးတာကို မသိသားဆိုးရွားစွာနဲ့ ရောင့်တက်၊ ဟန်းတက်ရင်း နောက်ဆုံး ပြတ်ကြလေသတည်း ဖြစ်သွားတာတွေလည်း တစ်ပုံကြီးပါ။

တကယ်တော့ ချစ်သူဘဝဆိုတာ အဆင်ပြေပြေ ချစ်ကြဖို့ပဲ အရေးကြီးတာပါ။ အဆင်မပြေတာတွေရှိရင်တောင် ချစ်ခြင်းအားဖြင့် ရင်ဆိုင်ကျော်ဖြတ်ရမှာပါ။ အဆင်မပြေ ပြေအောင်နေကြရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ထစ်ခနဲရှိ စိတ်ဆိုး စိတ်ကောက် လုပ်ချင်တဲ့သူတွေလည်း ရှိတတ်ပါ၏။ စိတ်ဆိုး စိတ်ကောက်တတ်ရင် စိတ်လည်း ပြေတတ်ရပါမည်။ မဟုတ်ဘဲ အားတိုင်းကောက်နေရင်တော့ ဘယ်သူမှ စိတ်ရှည်မှာမဟုတ်။ ပုထုဇဉ်တွေကိုး။ ထို့ကြောင့် အချစ်ရေး အဆင်ပြေလိုလျှင် ချစ်စရာကောင်းရုံလောက်ပဲ ကောက်သင့်ပါသည်။ သဝန်တိုတတ်ရင်လည်း ချစ်စရာကောင်းရုံ၊ စွဲဆောင်မှုရှိရုံလောက်ပဲ သဝန်တိုသင့်ပါသည်။

ဤအချက်လေးတွေကို လိုက်နာမှလည်း သာယာဖြောင့်ဖြူးသော အချစ်ရေးကို ပိုင်ဆိုင်ရမှာပါ။

ခုတော့ အထာထွန်းနဲ့ ရွှေမြရောင်တို့ မာနပြိုင်ပွဲကြားမှာ အချစ်က မြေဇာပင် ဖြစ်သွားနိုင်ပါသည်။

မာနတွေနဲ့ အလျှော့မပေးနိုင်ဘဲ ကိုယ်စီကျိတ်ပြီး ပူဆွေးနေကြပါသည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်တကယ်ချစ်ကြတာမို့ အလျှော့သာမပေးနိုင်တာ။ တစ်ဖက်က စလျှော့ဖို့ကို မျှော်လင့်နေပါသည်။





စိတ်ဆင်းရဲနေ၍ အလုပ်လုပ်ရတာလည်း အဆင်မပြေ။ စိတ်မပါ ဖြစ်နေပါသည်။

ချစ်နေရတဲ့အချိန်မှာ ကြည်နူးစရာကောင်းသလောက် အဆင်မပြေတဲ့အချိန် ဆိုရင်လည်း ရင်ထဲမှာ နေဆယ်စင်းတစ်ပြိုင်တည်း ကိန်းဝပ်နေသလိုပါပဲ။

စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်နဲ့ စားမဝင် အိပ်မပျော်လည်း ဖြစ်နေပါသည်။

ဘာအလုပ်ပဲလုပ်လုပ်ပါ စိတ်ချမ်းသာနေရင် အလုပ်လုပ်ရတာ မပင်ပန်းဘူး။ အခုလို စိတ်မချမ်းသာနေတဲ့ အချိန်မှာ သရုပ်ဆောင်လုပ်ရတာ ပိုပြီးပင်ပန်းပါတယ်လေ။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



ဟာသမင်းသား ကြွက်ပေါက်က သတင်းထောက်မလေးကို ကြိုက်နေတာကို တော်တော်များများ သိကုန်ကြသည်။ သိမှာပေါ့။ ကြွက်ပေါက်ဆိုတာက ပေါဖို့လောက် ပြောင်ဖို့လောက်ပဲသိတာ။ မိန်းမတွေကို ပြက်လုံးထုတ်ဖို့၊ သရော်ဖို့လောက်ပဲ စိတ်ဝင်စားတတ်တဲ့ လူပိုကြီး။ အမေအိုကြီးကို လုပ်ကျွေးနေတာပြီးတော့ ကြွက်ပေါက်က သဘောဖြူအူစင်း၊ ကပ်စေးတော့နဲသည်။

အဝတ်အစား ဘယ်တော့မှ ဝယ်မဝတ်။ မင်းသားတွေပေးတဲ့ အကျ်ီတွေပဲဝတ်သည်။ ရသမျှပိုက်ဆံ သူ့အမေအကုန်ပြန်အပ်တာ။ ဒီကြားထဲ ကြိုကြား ကြိုကြားဆိုသလို ပွဲစားလေးဘာလေးလဲ လုပ်သေးသည်။ အသောက်အစားမရှိ။ မသောက်မစားဘဲ မျက်နှာပြောင်ရဲတာပါ။



အလုပ်ကိုလည်း ကြိုးစား။ တန်ဖိုးထားသောကြောင့် ကြွက်ပေါက်ကို သဘောကျကြသည်။ ကပ်စေးနဲတာကလွဲရင် လူအားနဲ့တော့ လူမှုရေးပြည့်သည်။ ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းသည်။

ထို့ကြောင့် ပရိုဂျူဆာတွေ ဒါရိုက်တာတွေကလည်း ကြွက်ပေါက်ကို သဘောကျသည်။

ထိုသို့ လူချစ်လူခင်များသော၊ မိန်းကလေးကိစ္စ ကင်းရှင်းသော ကြွက်ပေါက်က မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားပြီ ဆိုတော့ သူတို့လောကမှာ သတင်းဖြစ်သွားတာပေါ့။

ကြွက်ပေါက် စိတ်ဝင်စားနေတဲ့သူကို စနည်းနာကြရင်း ရာဇဝင်မေကို သတိထားမိလာကြသည်။ ကြွက်ပေါက်ကို စနောက်ကြရင်းနဲ့ ကြွက်ပေါက်က ရာဇဝင်မေကို ကြိုက်နေတယ်ဆိုတာ မင်းသား မင်းသမီးတွေနားအထိပါ ရောက်ကုန်ကြသည်။ ကြွက်ပေါက် ဆိုတာလည်း နာမည်ကြီး ဟာသ သရုပ်ဆောင်ကိုး။

ထိုသတင်းကို အထာထွန်းလည်း သိသွားသည်။ အထာထွန်းက ရာဇဝင်မေကို မှတ်မိနေပါသည်။ သူ့တို့ ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



အထူးပွဲပြတုန်းက ဆွဲကြိုးဖြတ်ခံရတဲ့ သတင်းထောက်မလေး အဖြစ် သိထားပြီးသား။ ပြီးတော့ ရှုတင်သတင်းတွေ လာယူတိုင်း ခဏ ခဏ တွေ့ရတတ်တဲ့ ကောင်မလေး။

အထာထွန်းနဲ့ ကြွက်ပေါက် ရှုတင်တစ်ခုမှာဆုံတော့ တောင် ပြောမိသေးသည်။

"ကိုကြွက်ပေါက် စွံနေပြီဆို"

"ဟာဂျာ ... ဖွင့်တောင်ပြောရသေးဘူး ... ဟီး ဟီး"

"မဆိုးပါဘူး။ ကောင်မလေးက ရိုးရိုးအေးအေးလေးပါ"

"ဟင်း ဟင်း ... ရိုးအေးလေး ဆိုတော့ ရေခဲချောင်းတုတ် တံလေးပေါ့"

"ကိုကြွက်ပေါက်တို့ကတော့ ကိုယ့်ကောင်မလေးတောင် မချန်ဘူးနော်"

"သူ့ရှေ့တော့ ပြောရဲပါဘူး။ ညာတာပါတေးနဲ့ ရည်းစား စကား ပြောမလို့ဟာ တော်မကလည်တယ်။ ရှောင်ရှောင် ထွက်သွားတာ"

"အံမယ် ... ကိုကြွက်ပေါက်လို နာမည်ကြီး သရုပ်ဆောင် ကို ငြင်းချင်သေးတယ်"





"နာမည်ကြီးဆိုပေမယ့် ကျွန်တော်က မင်းသားမှမဟုတ် တာ မင်းသားရဲ့။ ကျွန်တော်တို့ကို ပြောင်လို့ဆိုပြီး တချို့ ကောင်မလေးတွေက မကြိုက်ဘူး မင်းသားရေ"

"ဘာပြောင်တာလဲ"

"ထိပ်"

"ဘာထိပ်လဲ"

"ငယ်ထိပ်ပါဗျာ"

"ကိုကြွက်ပေါက်က မပြောင်ပါဘူး"

"ဟင်း ဟင်း ... နောက်တာပါ။ ကျွန်တော်တို့က ဇာတ် လမ်းရိုက်ရင် ပရိသတ်မရယ်,ရယ်အောင် တင်ဆက်ရတယ် လေဗျာ။ ဒီလိုလူမျိုးကို တချို့မိန်းကလေးတွေက လက်တွဲ ရမှာ ရှက်ကြတယ် ဆရာ။ သူလည်း ကျွန်တော့်ကိုသဘော ကျပုံမရဘူး"

"အစမို့လို့ပါ။ မရ,ရအောင်လိုက်ရင် ရမှာပါ။ မေတ္တာဆို တာ ရောင်ပြန်ဟပ်တယ်"

"အဲဒါက ဇာတ်လမ်းထဲက စကားလုံးတွေပါ မင်းသား ရယ်။ အပြင်လောကမှာ ရောင်ပြန်မဟပ်တဲ့ မေတ္တာတွေ တစ်ပုံကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်း မစရသေးဘူး။ စိတ်ဓာတ်ကျနေပြီ"

"ဒါပေမဲ့ ယောက်ျားတို့ဖွဲ့ပါ ဆရာရဲ့၊ သူ လင်ရသွားမှ လျှော့မယ် ... ဟီး ဟီး"

"ခင်ဗျားကတော့လေ။ မိန်းကလေးက မသိသေးလို့ပါ။ ခင်ဗျားလိုလူနဲ့ တစ်သက်လုံး အတူနေရရင် သူတစ်သက်လုံး ချယ်နေရမှာ"

"မိန်းမတွေက ရယ်ရတာကို သဘောမကျဘူး ဆရာရဲ့။ သူတို့က ငိုချင်ကြတာ။ အားနဲ့ပြ၊ ငိုပြရတာကို သဘောကျနေကြတာ။ သူတို့က မသိလို့။ ယောက်ျားတွေက တငိုငို လုပ်တတ်တဲ့ မိန်းမတွေကို သနားဖို့ နေနေသာသာ စိတ်ပျက်စိတ်ကုန်တာ။ သူတို့က သူတို့ကို သနားမယ်ထင်ပြီး ငိုပြရတာ အမော ... ဟီး ဟီး"

"ကိုကြွက်ပေါက်က အဲလိုသဘောတရားတွေလည်း နားလည်တယ်နော်။ အဲဒါကြောင့် နာမည်ကြီးတာ"

"မင်းသားကများ ပြန်ပြော မင်းသားရေ။ ကျွန်တော် အောင်မြင်တာ မင်းသားအဖျားအနားတောင် မရှိပါဘူး"





"မဟုတ်ဘူး။ ကျွန်တော်တို့ အောင်မြင်တာက ရုပ်ချော လို့။ စွဲဆောင်မှုရှိအောင် နေတတ်လို့။ သရုပ်ဆောင်တတ်လို့၊ ကိုကြွက်ပေါက်တို့ကျတော့ ရုပ်ချောစရာ မလိုဘူး။ ရုပ်ဆိုးရင်တောင် လူတွေက ပိုချစ်ကြသေး။ ဘယ်လောက် ကံကောင်းတဲ့ ဘဝလဲ"

"အဲဒါကြောင့်လည်း မင်းသားအထာထွန်းရယ်လို့ နာမည်ကြီးတာပေါ့ဗျာ။ ကျွန်တော့်လို အညာတရကိုတောင် ချီးကျူး နေတယ်"

"ဩော် ... တကယ်။ လူဆိုတာ သူ့နေရာနဲ့သူ တန်ဖိုး ရှိတာပဲ။ ကျွန်တော် ဟာသလုပ်ရင် ကိုကြွက်ပေါက်ကို ဘယ်မီမလဲ"

"မင်းသားချီးကျူးတာခံရတယ်။ ဒီလ ထိုထိုးမယ်။ ပေါက် ရင် ရေခဲချောင်း ဝယ်ကျွေးမယ်။ တုတ်တံလေး ကျွန်တော့် ပြန်ပေး"

"ဟား ဟား ... ခင်ဗျားကတော့"

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ရာဇဝင်မေ သူဌေးတစ်ယောက်ကို အင်တာဗျူးရမည်။ သူမတို့ဂျာနယ်က အနုပညာဂျာနယ် ဆိုပေမယ့် တစ်ခါတစ်ရံ ပေါ်ပြူလာဖြစ်တဲ့ သူဌေးတွေအကြောင်းကိုလည်း လူတွေ အားကျအတုယူနိုင်အောင် ထည့်တတ်ပါသည်။ အထူးသဖြင့် သူဌေးမျိုးရိုးမရှိဘဲ အောက်ခြေကတက်ပြီး ချမ်းသာလာတဲ့ သူဌေးမျိုးတွေပေါ့။

appointment ကြိုယူထားပြီးသားပါ။ အရေးပေါ် အစည်းအဝေးရှိလို့ဆိုပြီး စောင့်နေရသည်။

သူတို့ရုံးက လူတွေကတော့ အစည်းအဝေးပြီးချိန်လောက်မှ ပြန်လာခဲ့ဖို့ ပြောပေမယ့် မသွားရဲပါ။ တော်ကြာကိုယ်ပြန်မလာခင် အစည်းအဝေးပြီးသွားပြီး သူဌေးအပြင်ထွက်သွားမှာ စိုးလို့ပါ။



သူဌေးဆိုတဲ့ လူစားတွေက သူတို့အကျိုးအမြတ်ရမယ့် စီးပွားရေးကိစ္စနောက်ပဲ လိုက်နေကြတာလေ။ သူမလိုသတင်းသမားတစ်ယောက်ကို စောင့်နေမှာမဟုတ်။ appointment ရဖို့တောင် တော်တော်ချိတ်ထားရတာလေ။

သူဌေးအစည်းအဝေးခန်းကထွက်တော့လည်း ထမင်းစားနေသဖြင့် ဆက်စောင့်နေရသည်။ သူဌေးကသာ ထမင်းစားနေတာ။ သူမမှာတော့ ဗိုက်ဆာတာ ရှင်ထောင်တုန်နေပြီ။ ဒီလိုနဲ့ပဲ အလုပ်နောက်လိုက်ရင်း အစာအိမ်ရောဂါတွေ ရကြတာပေါ့။

ပြီးမှ သူမကို သူဌေးအခန်းထဲ လိုက်ပို့သည်။

"လာ ... ထိုင်"

သူဌေးနဲ့ သူမကြားမှာ စားပွဲတစ်လုံး ခြားပါသည်။ သူမ ဝင်ထိုင်ပြီး အသံဖမ်းစက်လေး ထုတ်လိုက်သည်။ မေးခွန်းတွေက ရေးလာပြီးသား။ သူဌေးဖြေတဲ့အပေါ် မူတည်ပြီးတော့သာ လိုတာလေး နည်းနည်းထပ်ဆောင်းမေးလိုက်ရင်ရပြီ။

သူမနဲ့ သူဌေး အပြန်အလှန် အမေးအဖြေတွေ လုပ်ပြီးတော့ သူမလည်း အသံဖမ်းစက်ကို ပြန်စစ်။ အသံတွေ မိ,မမိ။ အိုခေ။

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ရှင်။ ခွင့်ပြုပါဦး"

"ခွင့်မပြုဘူး"

"ရှင်"

"မင်းမေးတာ ကိုယ်ဖြေပြီးပြီ။ ကိုယ်မေးတာလေးတွေ ဖြေသွားဦး"

"ဪ ... ဟုတ်ကဲ့။ ဘာမေးမှာလဲ အန်ကယ်"

"မင်း သတင်းထောက်လုပ်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ်။ အဆင်ပြေပါတယ်"

"အဆင်မပြေရင် ပြောလေ။ အလုပ်ပြောင်းပေးမယ်"

"ရှင်"

"မင်းက ချစ်စရာကောင်းလို့ပါ။ တိုက်ခန်းရမယ်။ လစဉ် အသုံးစရိတ်ကလည်း အခု မင်းတစ်လဝင်ငွေရဲ့ဆယ်ဆ"

"ရှင် ဘာတွေ ပြောနေတာလဲ"

"သဘောမပေါက်ဘူးလား"

"ရှင် မိုက်ရိုင်းလှချည်လား"

"ကျစ် ... မင်းက ငပိန်းပဲ၊ ဈေးကွက်စီးပွားရေးကို နားမလည်ဘူး။ အိုခေ ... ပြန်လို့ရပြီ"





"ဟုတ်ကဲ့ပါ။ ကျွန်မက စီးပွားရေးသမား မဟုတ်လို့ ဈေးကွက်စီးပွားရေးကို နားမလည်ဘူး။ ဒါပေမဲ့ ကိုယ်ကျင့်တရားတော့ ရှင့်ထက် အများကြီး ချမ်းသာတယ်။ မိန်းကလေးတိုင်းကို ရှင့်သမီးတွေလို စာရိတ္တမျိုးချည်းပဲလို့ ထင်မနေနဲ့"

"ဘာ"

သမီးသုံးယောက်ရှိသော သူဌေးဆိုသူကြီး မျက်နှာမည်းကြီးနဲ့ ကျန်ခဲ့သည်။

သူမလည်း ထိုရုံးခန်းထဲကနေ အပြင်ကို ဘယ်လို ရောက်လာမှန်းပင် မသိတော့။

ထိုအင်တာဗျူးကို ထည့်တောင် မထည့်ချင်တော့။ ဒါပေမဲ့ မထည့်ရင် အယ်ချုပ်က ကြိမ်းဦးမည်လေ။ ခုလိုမျိုး ပထမဆုံးကြုံရတာ ဆိုပေမယ့် ဒီလိုမျိုးတွေ ရှိတတ်တယ်ဆိုတာ စီနီယာတွေဆီက ကြားဖူးထားပါသည်။

လုတပတဆေးတွေဆို အခုလို ထိကပါး ရိကပါး လုပ်ခံရတတ်သတဲ့။ တချို့ဆိုလည်း ငါးမျှားချိတ်စာ မိသွားကြသတဲ့။ ထို့ကြောင့် တစ်နေ့နေ့တော့ တစ်နည်းနည်းနဲ့ ကြုံရနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ သိထားပြီးသားပေမယ့် တကယ့်လက်တွေ့ ကြုံလာတော့ စိတ်တွေကို ဒေါသတွေထွက် ဝမ်းလည်းနည်း။ ဒီအလုပ်လုပ်နေတာဟာ အထာထွန်းနား သွားချင်လို့။ တကယ်ဆို အမေ့အိမ်ပြန်ပြီး စီးပွားရေးလုပ်ရင် သာသာယာယာ နေလို့ရမှာလေ။

လူက ငူငေါင်ပြီး အထာထွန်းရဲ့ ရှုတင်ကို ဘယ်လိုရောက်သွားမှန်းမသိ။ ဘယ်အချိန် အထာထွန်း ဘယ်နေရာမှာ ရှိမယ်ဆိုတာ သူမက အလွတ်ရနေပြီးသား။ ရှုတင်မှာ အထာထွန်း ရိုက်နေတာကို ကြည့်နေမိသည်။ ဝမ်းနည်းမှုတွေကို ဖြေပြချင်လိုက်တာ။

♥ ❖ ♥



ဒီတစ်ခါတော့ သူမနဲ့ ရွှေမြရောင် ထိပ်တိုက်တွေ့ပြီ။ အယ်ချုပ်က ...

"ရာဇဝင်မေ လုပ်သက်လည်း ရင့်လာပြီး ရှုတင်သတင်းယူတာလောက်၊ အင်တာဗျူးတာလောက်ပဲ လုပ်မနေနဲ့တော့။ ဒီတစ်ခါ ခပ်ကြီးကြီးရေးမယ်"

"ဟုတ်ကဲ့ ဆရာ"

"ခုစာလော့ ဟိုရီနီနဲ့ ရွှေမြရောင် ကိစ္စလေး နည်းနည်းရေးကြည့်"

"ဆရာရယ် ကျွန်မ ပါးရိုက်ခံနေရဦးမယ်"

"ဩော် ... ညည်းကလည်း တည့်တည့်ကြီးတော့ မရေးနဲ့လေ။ ဆင်ဖေ့ရန်ရှောင်လေးပေါ့"

"ဖြစ်ပါ့မလား ဆရာရယ်"

www.burmeseclassic.com



"ညည်း အဲလိုရေးနိုင်မှ ဒီလောကမှာ ရပ်တည်နိုင်မှာ ရာဇဝင်မေ။ သူတို့ရဲ့သတင်းအချက်အလက်တွေကို လိုက်လေ။ ပြီးတော့ ရွှေမြရောင်ကိုလည်း အချစ်အကြောင်းဖျူး ကြည့်"

"သူက personal မဖြေဘူး ဆရာရဲ့"

"မဖြေတာက သူ့အလုပ်၊ ရအောင်မေးရမှာက ညည်းအလုပ်လေ။ လုပ်ပါ ညည်း ရွှေမြရောင်နဲ့ အဆင်ပြေတယ်မဟုတ်လား"

"ပြေအာလေး ပျက်သွားဦးမယ် ဆရာရယ်"

"တစ်ခါတလေ အမုန်းခံရေးသင့် ရေးရတာပဲ ရာဇဝင်မေရဲ့"

"ဟင်း"

"ညည်းကို ပညာရအောင် ရေးခိုင်းတာ။ ငါ ဒီလိုဘဝရောက်အောင် ဒီလိုပဲ ဖြတ်သန်းခဲ့ရတာပဲ။ ဘယ်အလုပ်မဆို ရိုးသားနေလို့ကတော့ တိုးတက်မှာ မဟုတ်ဘူး။ ဘဝဆိုတာ အဆိုးအကောင်း ဟန်ချက်ညီမှ တိုးတက်တာ။ ရိုးသားနေရင် လူတောတိုးလို့ မရဘူး။ ဘာဖြစ်လို့လဲ သိလား။ ဒီခေတ်ကြီးမှာ ဘယ်သူမှ မရိုးသားတော့လို့ပဲ။ အဆိုးတွေကို



မလုပ်ချင်ရင်တောင် တတ်သိနားလည်ထားမှ ကိုယ်မခံရမှာ။ ကဲပါ ... စမ်းကြည့်ပါ။ ရာဇဝင်မေမှာ မီးခဲပြာဖုံးနေတဲ့ အရည်အချင်းတွေ ရှိပါတယ်"

"ရွှေမြရောင်ကို ချောက်ချရမှာပေါ့နော်"

"မဟုတ်ဘူး၊ မသိမသာ ဖွရေးရုံပဲ။ ဂျာနယ်စောင်ရေတက်အောင်ပေါ့ဟယ်။ မနွယ်တို့ ရေးသလိုပေါ့"

ရာဇဝင်မေ မသိမသာ သက်ပြင်းချလိုက်ပါ၏။

အပြောင်းအလဲ ဆိုတာကြီးကတော့ စိန်ခေါ်နေပြီ။

မနွယ်ဆီရောက်တော့ ...

"အစမို့လို့ပါ။ နောက်တော့လည်း ထမင်းစားရေသောက် ဖြစ်သွားမှာပါ။ ရာဇဝင်မေရယ်"

"ဒါပေမဲ့ ကိုယ့်ဂျာနယ် ရောင်းအားတက်အောင် သူတစ်ပါး ဂုဏ်သိက္ခာကို ထိပါးရမှာမျိုး မလုပ်ချင်ဘူး မနွယ်ရယ်"

"လောကကြီးမှာ ရိုးသားနေလို့ မရဘူး ရာဇဝင်မေရေ၊ သူ့နေရာနဲ့သူတော့ မရိုးမသားလေးတွေ ကိုယ်စီရှိတတ်ပါတယ်ဟယ်။ တို့အလုပ်မှ မဟုတ်ဘူး။ တခြားအလုပ်တွေမှာလည်း 100% ရိုးသားလို့ မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး။ အဲဒါတွေက တစ်ခဏာစံတွေလေ။ ကိုယ့်ဂျာနယ်ကို ကွာလတီတက်အောင် မလုပ်ဘဲ ကောလာ ဟာလတွေနဲ့ဖွဖို့ ကြိုးစားနေတာ မဟုတ်သေးပါဘူး"

"ဟင်း … ညည်း ဒီလောက်ရိုးသားချင်နေရင် တရား စခန်းသာ တစ်သက်တာ သွားဝင်လိုက်တော့ ရာဇဝင်မေ ရေ"

"ကျွန်မ ဒီအလုပ်ကို အကြောင်းရှိလို့ စလုပ်ခဲ့တာ။ လုပ် ရင်းနဲ့ အလုပ်ကို သဘောကျခဲ့တာ မနှယ်။ ဒါပေမဲ့ ကျွန်မရိုးသားချင်တယ်။ ရိုးသားလို့ မရဘူး။ ပညာပြ ရမယ်ဆိုတော့လည်း လုပ်ရမှာပေါ့လေ"

"ပေါ်ပြီ။ ဘာအကြောင်းရှိလို့လဲ

"ပြောပြဘူး။ စီးကလိပ် ဖြစ်နေလို့"

"စီးကလိပ်ဆိုလေ သိချင်လေပဲ"

"မသိချင်နဲ့ သောက်ချင်ဝယ်ပေးမယ်"

"မသောက်ချင်ဘူး။ သိပဲ သိချင်တာ"

"ကဲပါ … လုပ်ရမယ်ဆိုတော့လည်း လုပ်မှာပေါ့"



ထိုသတင်းအတွက် ရွှေမြရောင်ကို အင်တာဗျူးစရာ မလိုသလို ရာဇဝင်မေ နာမည်လည်း တပ်စရာမလို။ အစ်ကို,က နှစ်ရာ သက်သေအထောက်အထားရရင် ရပြီ။

ထိုအတွက် ရာဇဝင်မေကို ကံတရားက ကူညီလိုက် ပါသည်။ ရာဇဝင်မေတို့ မော်ဒယ်လ်တစ်ယောက်ရဲ့ မွေးနေ့ပွဲကို သတင်းသွားယူရင်း ဓာတ်ပုံတချို့ ရလိုက်ပါသည်။

ထိုပွဲမှာ အထာတွန်းနဲ့လည်း တွေ့ရပါသည်။

ရာဇဝင်မေအတွက် တန်ဖိုးမဖြတ်နိုင်သော ပျော်ရွှင် မှုတွေလည်း ရခဲ့ပါသည်။

ရာဇဝင်မေကို ချစ်နေတဲ့ ကိုကြွက်ပေါက်နဲ့လည်း တွေ့ခဲ့သေးသည်။

ကဲ … ပွဲလေးမှာ သူတို့ ဘယ်လိုတွေ့ကြလဲဆိုတာ…။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



Miss ဆုတွေ ရထားသော နာမည်ကြီး မော်ဒယ်တစ်ယောက်ရဲ့ပွဲ။ မွေးနေ့ပွဲ။ အနုပညာလောကသားတွေ စုတဲ့ပွဲ။ ဟိုတယ်မှာ ခမ်းခမ်းနားနား ကျင်းပတဲ့ပွဲ။

မီဒီယာတွေလည်း ဖိတ်ထားသည်။ အခမ်းအနားအပြင်အဆင်ကလည်း ရှယ်ပဲ။ ပူဖောင်းတွေ၊ ပန်းတွေကိုလည်း လှလှပပ ပုံဖော်ထားသည်။ မွေးနေ့ကိတ်ကလည်း အဆင့်ဆင့် အထပ်အထပ်တွေနဲ့ လှမှလှ။

ပွဲက ခမ်းနားသလို ပွဲလာတဲ့ ဧည့်ပရိသတ်တွေကလည်း ခမ်းနားတောက်ပနေကြပါသည်။ ဖက်ရှင်ပြပွဲကြီးအလား အလှပေါင်းစုံ အကြွားပေါင်းစုံတွေနဲ့ သူ့ထက်ငါ အပြိုင်အဆိုင် ဝတ်စားလာကြတာ ကြည့်လို့ပင် ကောင်းသေးတော့။



ရာဇဝင်မေတို့ မီဒီယာတွေရဲ့ စားပွဲဝိုင်းလေးတွေကတော့ မီးရောင်လည်း ခပ်မှိန်မှိန်။ ဝတ်စားထားတာလေးတွေလည်း ခပ်မှိန်မှိန်ပေါ့လေ။ ဒါပေမဲ့ ရာဇဝင်မေတို့မှာ စားပွဲမှာ ထိုင်မနေအားပါဘူး။ သတင်းဓာတ်ပုံတွေ ရသလောက် လိုက်ယူနေရတာလေ။

ထိုပွဲမှာ ရွှေမြရောင် သူ့နဲ့သတင်းထွက်နေသော ခရိုနီကြီးနဲ့ တစ်ဝိုင်းတည်းထိုင်ကာ စကားပြောနေတာကို ရာဇဝင်မေက သတင်းဓာတ်ပုံ အမိအရ ရိုက်ယူလိုက်နိုင်သည်။ ထည့်စရာလုံလုံလောက်လောက် ရလိုက်သဖြင့် ကျေနပ်သွား၏။ မွေးနေ့ပွဲမှာရတဲ့ပုံဆိုတော့ ဂျာနယ်တိုင်း မဂ္ဂဇင်းတိုင်း ထည့်ကြမှာ သေချာသလောက် ဖြစ်နေပြီလေ။ မီဒီယာတိုင်း မွကြမယ်မှန်းသိသိနဲ့ ခုလို အတူထိုင်တာ သူတို့ဘာသာ ထိုင်တာလား။ ပွဲရှင်ကပဲ Sitting Plan ချထားတာလား။

အထာထွန်းကတော့ တခြားအကယ်ဒမီမင်းသားမင်းသမီးတွေနဲ့အတူ ထိုင်နေပါသည်။

မော်ဒယ်မွေးနေ့ရှင်က မွေးနေ့ကိတ်ခွဲတော့ အထာထွန်းကို အရင်ခွံ့သည်။ ရာဇဝင်မေ့ ရင်ထဲ စစ်ခနဲ နာသွားသည်။

www.burmeseclassic.com



မုန်းလိုက်တာ။ ထိုမွေးနေ့ရှင်နေရာမှာ သူမသာ ဖြစ်လိုက်ချင်ပါ ရဲ့။

ပွဲခင်းတစ်ခုလုံး ဓာတ်ပုံအထပ်ထပ်အခါခါ လိုက်ရိုက်ရသည်။ အထာထွန်းကို ဓာတ်ပုံသွားရိုက်တော့ အထာထွန်းက ပြုံးပြသည်။ ရင်တွေခုန်လိုက်တာ။ ပြီးတော့ အထာထွန်းက သူမကို မှတ်မိတဲ့ပုံစံမျိုး ပြတာကြောင့်လည်း ဝမ်းသာရပါသည်။

ရွှေမြရောင်ရဲ့ဓာတ်ပုံတွေ ရလိုက်တာက ပွဲရှင်ရဲ့ ဓာတ်ပုံတွေ ရတာထက်တောင် ပို၍အဖိုးတန်နေပါသေးသည်။ ကိုယ်လိုချင်တာကို မဲနေ၍ ပွဲရှင်ဓာတ်ပုံတွေတောင် မရိုက်ရသေး။ ပွဲရှင်ဓာတ်ပုံတွေကို အသည်းအသန် လိုက်ရိုက်ရသေးသည်။

အထာထွန်းလည်း အမှတ်မထင် ထိုသတင်းထောက်မလေးကို လိုက်ကြည့်နေမိ၏။

ကြွက်ပေါက်လည်း ထိုပွဲကို လာပါသည်။

ကြွက်ပေါက်က ရာဇဝင်မေကို စကားလိုက်ပြောနေသည်။

"ဆောရီးနော် ကိုကြွက်ပေါက်။ ရာဇဝင်မေ သတင်းဓာတ်ပုံလေးတွေ အပြေးအလွှား ယူနေရလို့"



ကြွက်ပေါက်ကတော့ ခွင့်လွှတ်ပြုံးကြီးနဲ့။ အထာထွန်းက ကြည့်ရင်း သဘောကျနေ၏။

ရာဇဝင်မေက ပွဲရှင်ကို အပြေးအလွှား သွားဗျူးနေသေးသည်။

အများကြီးတော့ မဗျူးနိုင်ပါဘူး။ တစ်ခွန်းနှစ်ခွန်းပဲ ပြန်ဖြေပေးသွားလို့။

စိတ်ကြိုက်သတင်းဓာတ်ပုံတွေ ရတော့မှ အေးအေးဆေးဆေး စားသောက်နိုင်တော့သည်။ ဒါတောင် ကြွက်ပေါက်က လာထိုင်ပြီး စကားပြောနေ၍ စားရတာ မလွတ်လပ်။

"စားနော် ညလေး အားမနာနဲ့"

ပြောင်စပ်စပ်နဲ့ လာပြောနေသော ကြွက်ပေါက်ကို သူမတို့ဝိုင်းက လူတွေကပါ စနောက်နေကြသည်။ တခြားသူတွေ ဝိုင်းဗျူးတာနဲ့ ကြွက်ပေါက်လည်း သူမကို စကားပြောခွင့်မသာတော့ဘဲ တခြားသူတွေဘက် အာရုံရောက်သွားသည်။

စားသောက်ပြီး ရာဇဝင်မေ သန့်စင်ခန်းဘက်သွားဖို့အတွက် အပြင်မှာ အထာထွန်း တစ်ယောက် ဆေးလိပ်သောက်နေတာ တွေ့လိုက်ရသည်။

www.burmeseclassic.com



အထာထွန်းက လှမ်းပြုံးပြသည်။ အထာထွန်းအပြုံးတွေက သူမကို ညှို့ငင်ခေါ်ယူသွားသလိုပဲ။

"ဘာလဲ ... အင်တာဗျူးဦးမလို့လား"

"မဟုတ် ... မဟုတ်ပါဘူး။ ဟိုလေ ... ကျွန်မက ကိုအထာထွန်းကို အရမ်းသဘောကျ အားပေးတာပါ"

"ဟုတ်လား ... ကျေးဇူးပါ"

"ဟိုလေ ... ကျွန်မကို သီချင်းတစ်ပုဒ်လောက် ရေးပေးပါလား။ ကျွန်မအတွက်ပေါ့။ အမှတ်တရ သိမ်းထားချင်လို့"

"ဟင်"

မင်းသားမျက်နှာမှာ အံ့ဩရိပ်တွေ ထင်ကျန်၏။ သူမလည်း ဘာလို့အဲလိုပြောလိုက်မိမှန်း မသိ။

♥ ❖ ♥



ထိုနေ့က အထာထွန်းက ...

"ကျွန်တော် သီချင်းရေးပေးဖို့ အချိန်မရဘူး ညီမရဲ့"

"ရှင်"

သူမ ဝမ်းနည်းသွားသည်။ ကောင်မလေး မျက်နှာမျက်သွားတာကိုကြည့်ပြီး အထာထွန်းလည်း အားနာသွားသည်။

"ဒီလိုလုပ်ပါလား။ ညီမအတွက် ဒီကောင်မလေး သီချင်းရေးပေးတယ်လို့ သဘောထားပြီး ကိုယ့်ဘာသာ နားထောင်လိုက်"

"ဒီကောင်မလေးအတွက်လား"

"အင်း ... သိလား။ ဒီဖြုံး ဆိုထားတာလေ"

"ဘယ်သူဆိုတာလဲတော့ မသိဘူး။ ကြားဖူးတယ်"

"အိုခေ ... အဲဒီသီချင်းရေးပေးတယ် သဘောထားလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျေး ... ကျေးဇူးပါနော်"

"ရပါတယ်ကွာ"

အထာထွန်းက ပြုံးပြပြီး အထဲပြန်ဝင်သွားသည်။ သူမမှာသာ ထိုနေရာမှာတင် ရပ်တံ့၍ ရင်တွေခုန်ကာ ကျန်ရစ်ခဲ့သည်။

"ဒီကောင်မလေးအတွက်"

အထာထွန်းက သူမကို ထိုသီချင်လေး လက်ဆောင်ပေးသတဲ့။ ပါးစပ်လေးနဲ့ ပေးသွားတဲ့ လက်ဆောင်ကိုဆောင် သူမမှာ အဖိုးထိုက်တန်တဲ့ အရာကြီးတစ်ခု ရလိုက်သလို ပျော်ရွှင်နေမိသည်။ အဲဒါ အချစ်တဲ့လား။ အချစ်ဆိုတာ အဲဒီလိုတန်ခိုးရှိသတဲ့လား။ နှလုံးသားတစ်ခုလုံး ကပြောင်းကပြန် ဖောက်ထိုးမိုးမျှော်ဖြစ်အောင် ဖန်တီးတတ်သတဲ့လား။ သူမ ဖုန်းထဲမှာ ဒီကောင်မလေး သီချင်းတစ်ပုဒ်ပဲ သွင်းထားပြီး အားတိုင်း နားထောင်ဖြစ်သည်။

သူမမှာ စိတ်ညစ်စရာပဲရှိရှိ ဝမ်းသာစရာပဲရှိရှိ ဒီကောင်မလေးသီချင်းလေး နားထောင်လိုက်ရင် သက်သာသလိုလို။



အထာထွန်းက ဘာရယ်မဟုတ်။ သီချင်းအဓိပ္ပာယ်ကိုတောင် သေချာမစဉ်းစားဘဲ ကောင်မလေးကိုကြည့်ကာ ဒီကောင်မလေးသီချင်းကို အလွယ်ပြောလိုက်တာပါ။ ရာဇဝင်မေကတော့ အတည်ကြီးကို ခံစားနေသည်။

အထာထွန်းကတော့ ဆူးတစ်ချောင်းကို မရည်ရွယ်ဘဲ အမှတ်တမဲ့ ပစ်လိုက်တာပါ။ ရာဇဝင်မေမှာ နှလုံးသားအလယ်ဗဟိုချက်ကို တည့်တည့်ထိသွားသည်။ ရာဇဝင်ဘဝကလည်း သနားစရာပါကွယ်။

(ဒီကောင်မလေးအတွက် ခံစားရတော့မယ် ပြောပါစေ
ဒီကောင်မလေးအတွက် ငါ အပျော်င်းအသင်းများစွာ ဘယ်လိုတားလဲ
ဒီကောင်မလေးအတွင် ငါ အရှုံးပေးချစ်ပြမယ်
ဒီကောင်မလေးအတွက် ငါ ပေးဆပ်နိုင်လို့)

(ဒီကောင်မလေးအတွက် ငါရူးသွပ်လိမ့်မယ် ပြောပါစေ
ဒီကောင်မလေးအတွက် ငါ အသိုင်းအဝိုင်းထဲမှာ ဘယ်လိုကဲ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးအတွက် ငါ ဟစ်ဖက်သတ် အရှုံးအမှုးပဲ
ဒီကောင်မလေးအတွက် ငါအတိုင်းထက်အလွန်ပဲ)

Cho: (ဒီကောင်မလေးအတွက် ငါဒိုချင်ဒိုရမယ်
ဒီကောင်မလေးအတွက် ငါရယ်ချင်ရယ်ရမယ်
ဒီကောင်မလေးအတွက် ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲသွားပစေ
ဒီကောင်မလေးအတွက် ငါပေးဆပ်မှာပဲ)

(ဒီကောင်မလေးရဲ့ ရင်တွင်းကမီး လောင်ကျွမ်းနေတယ်
ဒီကောင်မလေးရဲ့ ကြေကွဲခြင်း အတိတ်တွေ ဘယ်သူသိခဲ့
ဒီကောင်မလေးရဲ့ ငိုကြွေးခြင်း သမိုင်းဟောင်းတွေ
ဒီကောင်မလေးရဲ့ကိုယ်စား မျှဝေလို့)

(ဒီကောင်မလေးရဲ့ ရင်ထဲကမီး လောင်ငြိမ်းစေမယ်
ဒီကောင်မလေးရဲ့ နာကြည်းခြင်း ငါ့အပေါ်ပုံချလို့
ဒီကောင်မလေးရဲ့ မကျေသေးတဲ့ နှလုံးကြွေးတွေ
ဒီကောင်မလေးရဲ့ကိုယ်စား မျှဝေလို့)





Cho: (ဒီကောင်မလေးအတွက် ငါပေးဆပ်မှာပဲ)၂
(ဒီကောင်မလေးအတွက် ငါပေးဆပ်မှာပဲ)

သီချင်းလေးကို အမှတ်တမဲ့ လက်ဆောင်ပေးခဲ့မှန်း သိပါတယ် မင်းသားရယ်။ ဒါပေမဲ့ ရလိုက်သူအတွက်ကျတော့ ရင်ဘတ်ကြီးနဲ့ရင်းပြီး ခံစားလိုက်ရတာပါ။ ဒီသီချင်းလေးဟာ တစ်သက်တာ ထာဝရဘဝအဖော်လေးလည်း ဖြစ်သွားနိုင်ပါတယ်။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မေ ထည့်တဲ့ အဖွဲ့သတင်းကြောင့် သူတို့ ဂျာနယ် လှုပ်လှုပ်ခတ်ခတ်ကလေး ဖြစ်သွားသည်။

ရာဇဝင်မေကို အယ်ဒီတာချုပ်က ချီးကျူးနေသည်။

"ညည်းမှာ talent ရှိတာ ငါကသိပြီးသား ရာဇဝင်မေရဲ့။ ညည်းရေးချက်တွေ အရမ်းကောင်းတယ်။ ရွှေမြရောင်ကို ဖွဲ့ချက်တွေလည်း ပီပြင်တယ်"

ရာဇဝင်မေကတော့ ကိုယ့်အကြောင်း ကိုယ်သာသိမို့ မချိပြုံးနှင့်။ အယ်ဒီတာချုပ် ချီးကျူးပေမယ့် သူမ ဝမ်းမသာ။ တကယ်ဆို သူမ ရွှေမြရောင်ကို ထိထိနိုက်နိုက်နစ်နာစေချင်တယ်လေ။ ဝမ်းသာရမှာလေ။ တစ်ဖက်သားကို ထိခိုက်နစ်နာအောင် လုပ်ရပေမယ့် မုန်းနေသူမို့ ပိုပိုသာသာ ရေးမိသွားတယ်။ သူမရဲ့စိတ်ရင်းအမှန်က လုပ်ချင်ခဲ့တာ မဟုတ်ဘူးလေ။ ထို့ကြောင့် အယ်ဒီတာချုပ်ချီးကျူး





ပေမယ့် သူမ မပျော်ဘူး။ သူမမှာ နဂိုအခံစိတ်ရင်းကလေးက ကောင်းပြီးသားပါ။ အချစ်ကြောင့် အမှောင်ဖုံးနေတာပါ။ အချစ်ကြောင့် မုန်းရတဲ့ အမုန်းပါ။ တခြားဂျာနယ်တွေ မဂ္ဂဇင်းတွေလည်း ရွှေမြရောင်နဲ့ခရိုနီရဲ့ ဓာတ်ပုံတွေက ပလူပျံနေသည်။ အဖွဲ့သတင်းတွေနဲ့တစ်မျိုး၊ ဓာတ်ပုံတွေချည်း ထည့်တာတစ်မျိုးပေါ့။

ထို့အတွက် ရွှေမြရောင်ဘက်က ဘာဖြေရှင်းချက်မှ မထုတ်တာဟာ ဟုတ်လို့ငြိမ်နေသလားဟုတောင် ထင်ချင်စရာပါ။ တော်တော်များများကလည်း ဟုတ်တယ်ဟုပဲ ယူဆကြသည်။

ခရိုနီဘက်ကလည်း ဘာသတင်းမှ မထွက်ပါ။

ရာဇဝင်မေတောင် ခရိုနီနဲ့ တကယ်ဟုတ်နေပါစေဟု ကျိတ်ပြီး ဆုတောင်းမိသည်။ သူမ ရှုံးတာပါလေ။ ဒီမင်းသမီးနဲ့မဟုတ်လည်း တခြားကောင်မလေးတွေ ရှိချင်ရှိနိုင်တာပဲကို။

တစ်ရက်တော့ ရာဇဝင်မေနဲ့ ကြွက်ပေါက်တို့ တည့်တည့်တိုးပါတော့သည်။ ရာဇဝင်မေ နားရက်မို့လို့ အိမ်အတွက် အမေမှာတာလေးတွေဝယ်ပြီး အိမ်ဆေးပြေးဂိတ်ကို သွားပို့ပေးတာပါ။ အဲဒီမှာ ကြွက်ပေါက်ကလည်း ဘယ်ကပြန်လာတာလဲမသိ။ တည့်တည့်တိုးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ရာဇဝင်မေ"

"ဟင် ... ကိုကြွက်ပေါက်"

"ဘယ်လာတာလဲ"

"အိမ်ကို ပစ္စည်းလာပို့တာ"

"ဟုတ်လား၊ ကိုယ်က နယ်ကားသွားရိုက်ပြီး ပြန်လာတာ၊ ရာဇဝင်မေ ကိုယ် စကားနည်းနည်းလောက် ပြောချင်လို့ အချိန်ပေးပါလား"

ရာဇဝင်မေလည်း နားထောင်ပေးပြီး အပြတ်ငြင်းဖို့ ဆုံးဖြတ်ကာ ခေါင်းညိတ်လိုက်သည်။

သူတို့ အဝေးပြေးဝင်းထဲက အအေးဆိုင်မှာပဲ ထိုင်ဖြစ်သည်။ ကြွက်ပေါက်ကို သိနေတဲ့လူတွေက ကွက်ကြည့် ကွက်ကြည့်ပေါ့။

"ညီမလေး ... ညီမလေးကို ကိုကြွက်ပေါက် ချစ်နေမိတယ်"

"ဟုတ်ကဲ့"

"ညီမလေးလည်း ရိပ်မိမယ် ထင်ပါတယ်"

"ဟုတ်ကဲ့"



"ကိုယ်က အညတရ လူရွှင်တော်ပါ၊ ပိုက်ဆံချမ်းသာပေမယ့် ညီမလေးကို လူတန်းစေ့နေနိုင်အောင် ထားမှာပါ၊ တစ်သက်လုံး စိတ်ချမ်းသာအောင်ထားမှာ၊ ကိုကြွက်ပေါက်ရဲ့မေတ္တာကို လက်ခံနိုင်မလား"

"ကျွန်မ စိတ်မကောင်းပါဘူး ကိုကြွက်ပေါက်ရယ်၊ ကိုကြွက်ပေါက် နောက်ကျသွားပြီ"

"ဟင်"

"ဟုတ်တယ်၊ ကျွန်မမှာ ချစ်ရမယ့်သူ ရှိပြီးသား"

"လူရွှင်တော်ကို ငိုအောင်လုပ်တော့မလို့လား"

"လူရွှင်တော်ဖြစ်တိုင်း ပျော်စရာတွေချည်း ပိုင်ဆိုင်ထားတာမှ မဟုတ်တာ၊ ကိုကြွက်ပေါက်က ပိုနားလည်မှာပါ၊ လူရွှင်တော်တွေ ကန့်လန့်ကာနောက်ကွယ်မှာ ဘယ်လိုရုပ်တည်နေရသလဲဆိုတာ၊ လူရွှင်တော်မှ မဟုတ်ပါဘူးလေ၊ ဘယ်သူမဆို ဘဝချိုချဉ်ဖန်ခါး အရသာတွေထဲက ပြေးမလွတ်ပါဘူး"

"ညီမလေးမှာ ချစ်သူရှိတယ်ပေါ့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်မယ်ပေါ့"

"ဘာလို့ မေးတာလဲ"

"စောင့်ခွင့်ရရင် စောင့်ချင်သေးလို့"

"သူနဲ့မှ လက်မထပ်ဖြစ်ရင် ဘယ်သူနဲ့မှ လက်မထပ်တော့ဘူး၊ ကိုကြွက်ပေါက် မစောင့်ပါနဲ့ စောင့်လို့ကောင်းတဲ့အရာလည်းမဟုတ်ပါဘူး၊ အချစ်ဆိုတာ ကံစမ်းမဲနှိုက်သလို ဒီတစ်ယောက်နဲ့မပေါက် နောက်တစ်ယောက်လို့ ပြောင်းကောင်းတဲ့အရာ မဟုတ်ပါဘူး၊ သူ ကျွန်မကို ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ၊ လက်ထပ်သည်ဖြစ်စေ လက်မထပ်သည်ဖြစ်စေ ကျွန်မကတော့ သူသာ တစ်သက်တာ ထာဝရပါ"

"အေးလေ ဘယ်တတ်နိုင်မလဲ၊ ကိုယ်နားလည်ပါတယ်၊ ကိုယ် ညီမလေးကို စူးနင့်စွာချစ်သလို ညီမလေးမှာလည်း ချစ်ရတဲ့သူ ရှိနိုင်တာပဲလေ၊ အချစ်ချင်းမညီတာ ကိုယ့်ကံပေါ့၊ ကိုယ်ကံမကောင်းပေမယ့် ညီမလေးကိုတော့ ကံကောင်းစေချင်တယ်"



"ကိုကြွက်ပေါက်ရယ် ... ကိုကြွက်ပေါက်က ကျွန်မထက်ပိုပြီး စိတ်ကောင်းရှိပါတယ်၊ ကျွန်မကတော့လေ သူ့ကို ကျွန်မကလွဲရင် ဘယ်မိန်းမနဲ့မှ တွဲမမြင်ချင်ဘူး၊ သဘောထားလည်းမကြီးချင်ဘူး၊ ဒါပေမဲ့ ကံတရားပေါ့လေ၊ မတတ်သာလို့ အရှုံးကို လက်ခံရရင်တောင် ဆုတောင်းမပေးနိုင်ဘူး"

"လူတစ်ကိုယ် အချစ်တစ်မျိုးစီပေါ့၊ ကဲ ... ညီမလေး"

"အား ... အား ... အမလေး"

"ဟင် ... ဘာဖြစ်တာလဲ ညီမလေး"

ရုတ်တရက် ဗိုက်ကိုဖိကာ ရှုံ့မဲ့ညည်းညူနေသောကြောင့် သူ ကြောင်သွားသည်။

"အား ... ဗိုက်ထဲက အောင့်လိုက်တာ နာတယ်"

ချွေးသီးချွေးပေါက်တွေ ထွက်နေတဲ့ ရာဇဝင်မေကို ကြည့်ကာ သူ လန့်သွားသည်။

"အား ... သေပြီ"

"ဆေးခန်း ဘယ်နားရှိလဲဗျာ"

"ဝင်းထဲက ဆေးခန်းကို ပို့ပေးမယ်"

www.burmeseclassic.com



ကားသမားတစ်ယောက် လိုက်ပို့လို့ အဝေးပြေးဝင်း ထဲက ဆေးခန်းကို ရောက်သွားသည်။

"လူနာက အူအတက်ပေါက်တဲ့ လက္ခဏာပဲ၊ ဆေးရုံ မြန်မြန်သွားပါ"

ဒီလိုနဲ့ ဆေးရုံတင်လိုက်ရတော့သည်။ ဆေးရုံမှာ ချက်ချင်း ခွဲခန်းသွင်းသဖြင့် သူပဲ လိုအပ်တာအားလုံး လုပ်ပေးလိုက်ရသည်။ သူ့သူငယ်ချင်းတွေဖုန်းကိုဆက်တာ မှားပြီး အထော ထွန်းဖုန်းကို ဆက်မိသွားသည်။

"ဟဲလို ... ပြော ကိုကြွက်ပေါက်"

"ဟာ... မင်းသား ဆောရီး ဖုန်းမှားဆက်မိတာ၊ အရေးကြီးရင် အဲလိုမှားတယ်"

"ဘာဖြစ်နေတာလဲ ကိုကြွက်ပေါက်၊ ဘာဖြစ်လို့လဲ"

"ကောင်မလေးကို ဆေးရုံတင်လိုက်ရလို့"

"ဗျာ ... သတင်းထောက်ကောင်မလေးလား"

"ဟုတ်တယ်"

"ဟာ ... ခင်ဗျား ဘာလုပ်လိုက်တာလဲ"



"ဘာမှ မလုပ်ရပါဘူး မင်းသားရယ်၊ သူ့ဘာသာ အူအတက် ပေါက်တာပါဗျာ"

"အူအတက်ပေါက်လို့"

"ဟုတ်တယ်၊ ကျွန်တော်နဲ့ စကားပြောနေရင်း ဗိုက်အောင့်တယ်ဆိုလို့ ဆေးရုံတင်ပေးလိုက်ရတာ၊ အခု ခွဲခန်းထဲမှာ၊ ကျွန်တော်လည်း စိတ်ပူလို့သေတော့မယ်၊ သူ့ဂျာနယ်တိုက်ကိုပဲအကြောင်းကြားရမလား၊ ဘာလုပ်ရမှန်းမသိဘူး၊ ကျွန်တော်က နယ်ကပြန်လာတာ ပိုက်ဆံလည်းမပါဘူး၊ အဲဒါ သူငယ်ချင်းကို ပိုက်ဆံလာပို့ခိုင်းမလို့ဆက်တာ၊ မင်းသား ဆီ မှားဆက်မိတာ၊ ဒါပဲနော် မင်းသား"

"နေဦး ကိုကြွက်ပေါက်၊ ကျွန်တော် လာပို့ခိုင်းလိုက်မယ်၊ ဒီနေ့ ကျွန်တော် နားတာ၊ ကျွန်တော့်ကောင်လေး လွှတ်လိုက်မယ်"

"ကျေးဇူးပါ မင်းသားရာ၊ ကျွန်တော် ပြန်ဆက်ပါ့မယ်"

"ရပါတယ် အေးအေးပေါ့၊ လောလောဆယ် ကျွန်တော့် ကောင်လေး ခေါ်ထားလိုက်၊ ညနေမှ ပြန်လွှတ်လိုက်ပေါ့"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ မင်းသားရယ်"

www.burmeseclassic.com

www.burmeseclassic.com



အထာထွန်း ဖုန်းချသွားတော့ ခွဲခန်းထဲက ချစ်ရသူအတွက် ရသမျှ ဘုရားစာတွေ ရွတ်ပေးနေမိသည်။

ကိုယ်မပင်ရဘူးဆိုပေမယ့်လည်း ပန်းကလေးကိုတော့ မနွမ်းကြွေစေချင်ဘူးကွယ်။

♥ ❖ ♥



အထာထွန်း တပည့်ကောင်လေး ရောက်လာသည်။ အထာထွန်းကိုယ်တိုင် ကားနဲ့ လာပို့ပေးသွားတာပါ။

သူကတော့ ခွဲခန်းရှေ့က မခွာနိုင်။ ကောင်လေးရောက်လာမှ လိုတဲ့ဆေးတွေ ထပ်ဝယ်ရသည်။

ခွဲခန်းထဲက ထွက်လာတော့ နာတဲ့အရှိန်နဲ့ ကယောင်ကတမ်းတွေ ပြောနေသည်။

"အထာ ... အထာရယ် ... ချစ်တယ် ... ချစ်တယ်"

"ဟင်း ... ရှူးတော့မယ်၊ ရှူးပဲရှူးလိုက်ချင်တယ်"

"ရွှေမြရောင်ကို မုန်းတယ်၊ ဟင်း ... အထာထွန်း ရင်ခွင်ထဲ ဝင်သမျှ မိန်းမတိုင်းကို မုန်းတယ်"

"သတင်းထောက် မလုပ်ချင်ဘူး၊ မလုပ်ချင်ဘူး ... မလုပ်ချင်ဘူး ... ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ငါ သတင်းထောက် လုပ်ရမယ်၊ ဟင်း ... အဲဒါမှ အထာ့ကို ငါချစ်တဲ့ အထာ့ကို ခဏခဏတွေ့ရမှာ"

ကြွက်ပေါက် သက်ပြင်းချလိုက်သည်။ အထာထွန်းတပည့်လေးက ပြုံးစိစိနဲ့။

"ဒီအစ်မကြီးက ရယ်ရတယ်နော်၊ ကျွန်တော်တို့မင်းသားကို ကျိတ်ခိုက်နေတာကိုး ... ဟား ဟား"

သူမ ငြိမ်ကာ အိပ်ပျော်သွားတော့မှ သူမ အိတ်ထဲက ဆက်သွယ်စရာများ ရမလား ရှာကြည့်တော့ အထာထွန်းဓာတ်ပုံအယ်လ်ဘမ်လေးတွေ့ရသည်။ ဖုန်းထဲမှာလည်း အထာထွန်းပုံကလွဲရင် သူမပုံတောင်မရှိ။ ဒီအယ်လ်ဘမ်ကို သူမ သွားလေရာသယ်နေတဲ့ပုံပဲ။

ကြော် ... သူမချစ်နေတာ အထာထွန်းများလား။

ကြွက်ပေါက် ခေါင်းယမ်းလိုက်မိသည်။ သူမအဖြစ်က ကိုယ့်ထက်ဆိုးနေတာပါလား။

သူမ ကောင်းကောင်းသတိရလာတော့ သူမအမေဆီဖုန်းဆက်ခိုင်းသည်။ သူမရဲ့အဆောင်က အဒေါ်ဆီလည်း ဖုန်းဆက်သည်။ သူမအဒေါ် အရင်ရောက်လာကာ သူ့ကို ဆေးဖိုးတွေပြန်ရှင်းပေးသည်။



"ကျညီတာ ကျေးဇူးပါကွယ်၊ မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေကွယ်"

"ကိုကြွက်ပေါက် ကျေးဇူးတင်ပါတယ်"

"ရပါတယ် ညီမလေး၊ ကိုယ် ဒီည ရှူတင်ရှိသေးလို့ သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ပါ"

အပြန်လမ်းမှာ အထာထွန်းရဲ့တပည့်လေးကို ပိတ်ရသေးသည်။

"ဟိတ်ကောင် ... ကောင်မလေး ယောင်တာတွေ မင်းလျှောက်ပြောမနေနဲ့နော်"

"ဟာ ... ပြောမှာပဲ ပြောမှာ၊ ကျွန်တော်တို့မင်းသားရဲ့အောင်မြင်မှုဗျ"

"မပြောပါနဲ့ဆို မိန်းကလေးသိက္ခာ ရှိသေးတယ်ကွ"

"ပြောမှာပဲဗျာ"

"မပြောပါနဲ့ဆိုကွာ"

"ပြောမှာပဲ၊ အိမ်ရောက်တာနဲ့ ဂျိုထာ့ကို တန်းပြောမှာ ... ဟီး ဟီး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းမပြောနဲ့ ငါပြောမယ်"

"မရဘူး ကျွန်တော်လည်း ပြောချင်တယ်"

"ဒုက္ခပဲကွာ၊ တကယ့်ကောင်နဲ့မှ လာတွေ့နေတယ်"

အိမ်လည်းရောက်ရော အထာထွန်းကို တန်းပြောတော့တာပဲ။

"ဆရာ ... ဟီး ဟီး၊ အဲဒီသတင်းထောက်အစ်မကြီးကလေ ဆရာ့ကို ကျိတ်ခိုက်နေတာဗျ၊ ခွဲခန်းထဲက ထွက်တော့ ကယောင်ကတမ်းနဲ့ ဆရာ့ကို တလိုက်တာဗျာ၊ ဆရာ့ကိုချစ်တာတွေရော ရှုးတော့မှာတွေရော သတင်းထောက်လုပ်တာ ဆရာ့နားကပ်လို့ရအောင် လုပ်တာတွေရော၊ နေပါဦး ... ဆရာနဲ့ အတွဲများတဲ့ မင်းသမီးရွှေမြရောင်ကိုတောင် မုန်းသေးတယ်တဲ့ ... ဟီး ဟီး ဟီး"

အထာထွန်းက ကြွက်ပေါက်ကို အားနာသလိုကြည့်ကာ ...

"ဟိတ်ကောင် မင်းကလည်း စွတ်ပြောနေတာပဲ"

"စွတ်မပြောဘူးဗျ၊ တကယ်ပြောတာ၊ မယုံရင် ကိုကြွက်ပေါက်ကြီး မေးကြည့်ပါလား"



"ဟာ ... ဒီကောင် ပြောလေကဲလေပါလား"

"ဆရာကလည်း ကျွန်တော် သဘောကျလာလို့ပါ ... ဟီး ဟီး၊ ကိုယ့်ဆရာ အောင်မြင်တာ မြင်ရတော့ ပျော်လို့ပါ"

"ကဲ ... သွားပါတော့ကွာ၊ သွား ...အအေးဘူး သွားယူခဲ့"

အထာထွန်း မထုတ်လိုက်မှ ထွက်သွားတော့သည်။

"ဆောရီး ကိုကြွက်ပေါက်၊ ဒီကောင်က ဘာမသိ ညာမသိနဲ့ စွတ်ကိုထင်နေတော့တာ"

"ရပါတယ်ဗျာ၊ ဒီကောင်ပြောသွားတာတွေအားလုံး အမှန်တွေချည်းပဲ"

"စိတ်ထဲမထားပါနဲ့ဗျာ၊ မင်းသားကိုအားပေးတဲ့ ပရိသတ်အနေနဲ့ ဒီလောက်တော့ ရှိတတ်ပါတယ်"

ကြွက်ပေါက်က မချိပြုံးဖြင့် ...

"အဲလိုပဲဖြစ်ပါစေ ဆုတောင်းရမှာပဲ"

"ခင်ဗျားကလည်း အတည်ကြီး ခံစားနေပြန်ပြီ၊ စိတ်ရှည်သည်းခံလမ်းကြောင်းမှန်တဲ့၊ ကိုယ့်ရှေ့ဆက်စရာရှိတာသာဆက်"

ကြွက်ပေါက်မှာ မအီမလည်ကြီး။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



“ရွှေမြ”

ရွှေမြရောင်နဲ့ အထာထွန်းတို့ သန်လျင်ဘက်မှာ ကားသွားရိုက်ရင်း ဆုံပါသည်။ ရှုတင်ထမင်းစားနားချိန် သူ ရွှေမြနား စကားသွားပြောဖြစ်သည်။

ချစ်သူကိုတွေ့တော့လည်း မနေနိုင်ဘူးလေ။ ချစ်သူဘက်က တင်းထန်နေချိန်မှာတော့ သူကပဲ စခေါ်လိုက်ဖို့ စဉ်းစားလိုက်သည်။

“ပြော”

“ခုတလော ရွှေမြအကြောင်းတွေ အရမ်းပွနေတယ်နော်”

“အဲဒီတော့”

“ရွှေမြ ဘာလို့ ဒီလိုတွေ လုပ်နေတာလဲ”





“ကျွန်မ ဘာမှ မလုပ်ဘူး၊ မီဒီယာတွေက သူတို့ဘာသာ ဖွနေကြတာ၊ ရှင်းရင်ပိုဆိုးနေမယ်၊ အဲဒါကြောင့် ရေးချင်တာရေးကြဆိုပြီး ဥပေက္ခာပြုထားလိုက်တာ”

“ထား … မီဒီယာကို ဂရုမစိုက်လို့ရတယ်၊ ဒါပေမဲ့ ကိုယ်နဲ့ သတင်းထွက်နေတဲ့သူကို ရွှေမြ ရှောင်သင့်တယ်၊ သတင်းဖြစ်မယ့်ကိစ္စမျိုးတွေ ရွှေမြ မလုပ်သင့်ဘူး၊ ဥပမာ ကိုနဲ့ ရွှေမြ ချစ်သူတွေဖြစ်တာတွေတောင် ရွှေမြ ဖုံးကွယ်ထားသေးတာပဲ”

“အဟင်း … အဲဒီတော့ အထာက ဘာဖြစ်စေချင်တာလဲ”

“မင်း ကိုကိုချစ်လား”

“ချစ်သားပဲ”

“ချစ်ရင် ကိုယ်စိတ်ချမ်းသာအောင် မနေပေးနိုင်ဘူးလား”

“အဲဒါတွေ နောက်မှ ဆက်ဆွေးနွေးကြတာပေါ့၊ အခု ဒိုင်ယာလော့ခ် ကျက်လိုက်ဦးမယ်”

“ရွှေမြ”

“အထာ … အထာ့ကို ရွှေမြ ချစ်တယ်ကွယ်၊ ခုလောလော ဆယ် ရွှေမြ ဒီလောက်ပဲ ပြောနိုင်ဦးမယ်၊ သွားတော့”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော ... ဟင်း"

သူတို့ တိုးတိုးကြိတ်ကြိတ် ပြောနေရတာမို့ အထာလည်း မကျေမနပ်နဲ့ ပြန်ထွက်ခဲ့ရသည်။

"ရွှေမြ ... ကိုယ် ညနေ အိမ်လာခဲ့မယ်"

ရွှေမြရောင်က ဘာမှ ပြန်မပြော။ ရှုတင်မှာဆက်ရိုက်ရင်း ညနေစောင်းသွားသည်။

"ကိုယ် နောက်က လိုက်ခဲ့မယ် ရွှေမြ"

ဒါပေမဲ့ ကားတွေက မီးပွိုင့်တွေဖြတ်ရင်း အဆက်ပြတ်သွားသည်။ သူ ရွှေမြတို့အိမ်ရောက်တဲ့အထိ ရွှေမြကရောက်မလာသေး။

"ရွှေမြ ... ကိုယ် မင်းအိမ် ရောက်နေပြီ"

"ဆောရီး အထာရေ၊ ရွှေမြ ညောင်းကိုက်နေလို့ Spa ဝင်စိမ်နေတယ်"

"ရွှေမြရောင်"

အထာထွန်း စိတ်တိုတိုနဲ့ အော်ပစ်လိုက်သည်။

"ဆောရီး အထာရယ်၊ ရွှေမြ အရမ်းညောင်းကိုက်နေလို့ ဒါပဲနော်၊ ရွှေမြ ဖုန်းချလိုက်တော့မယ်"



ဖုန်းချရုံတင်မကဘူး။ ဖုန်းပါပိတ်ပစ်လိုက်သည်။

"တောက် ... ကွာ"

ရွှေမြရောင်တို့အိမ်သားတွေက နားမလည်နိုင်သောမျက်ဝန်းတွေနဲ့။ သူမသွားနေကြ Spa ကိုတော့သိပေမယ့် လိုက်သွားဖို့က အဆင်မပြေ။

သူမပြန်လာတဲ့အထိ ခြံရှေ့မှာကားရပ်ပြီး စောင့်နေဖို့ စဉ်းစားကာ ကားကို ခြံပြင်မောင်းထွက်ပြီး စောင့်နေလိုက်သည်။

ထိုညက သူမ ပြန်မလာခဲ့ပါ။

"တောက်"

ဖုန်းကလည်း ဆက်မရ။ ရွှေမြရောင် ဘာအထာတွေချိုးနေတာလဲ။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရွှေမြရောင် သူ့ကို ကြာကြာရှောင်လို့မရပါ။ သူလည်း တော်တော်တင်းနေပြီ။

နောက်နေ့ ရှုတင်မှာဆုံတာပါပဲ။ သူ ရှုတင်ဖျက်ရမှာအားနာလို့သာ။ Moodက ဘယ်လိုမှမဝင်။ ခဏခဏပြန်ရိုက်နေရသည်။ ရွှေမြရောင်ကတော့ ခပ်ပြုံးပြုံးပဲ။

"မင်းသား နားရင်နားလိုက်ပါလား၊ မင်းသမီး တစ်ခြမ်းရိုက်ထားလိုက်မယ်"

"ကောင်းတာပေါ့"

သူ စိတ်တွေ ငြိမ်အောင်စုစည်းလိုက်သည်။ မျက်လုံးမှိတ်ပြီး မေတ္တာသုတ်ကို ကြိုးစားရွတ်နေလိုက်သည်။

မင်းသမီးကို ရိုက်လို့ပြီးတဲ့အချိန် သူလည်းစိတ်ထိန်းလို့ရသွားပြီ။





သူ့ကတ်တွေရိုက်ဖို့ကို မင်းသမီးက မစောင့်။

"သွားစရာရှိသေးတယ်၊ မင်းသား ကတ်တွေ နောက်မှရိုက်လိုက်၊ ရွှေမြကို အရင်ရိုက်ပေး"

သူနဲ့ ရွှေမြရောင် ထိပ်တိုက်ရိုက်ရတဲ့အခန်း။ လင်းမယားခန်း။ လင်မယားခန်းဆိုတော့ ဖက်ထားရင်း စိတ်တိုတိုနဲ့ ခါးကို ဖိညှစ်ပစ်လိုက်သည်။

"အ ..."

"ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး"

ရှုတင်အဖွဲ့သားတွေအားလုံးရှေ့မှာဆိုတော့ ဘာမှ ပြောလို့မရ။ ပြီးတော့ ရွှေမြရောင် ပြန်သွားပြီ။ ဘာမှ မတတ်နိုင်။

ဒါပေမဲ့ ထိုနေ့က ရှုတင်ပြီးတော့ သူ ရွှေမြရောင်ဆီ ဖုန်းဆက်လိုက်သည်။ ဒီတစ်ခါတော့ ဖုန်းပိတ်မထားဘဲ ကိုင်သည်။

"ရွှေမြရောင် ... မင်း ဘာအချိုးတွေ ချိုးနေတာလဲ"

"သဘောမပေါက်သေးဘူးလား အထာရဲ့"

"မင်းက ဒီလိုလား၊ ကောင်းပြီ ရွှေမြရောင်၊ ငါကလည်း မိန်းမတစ်ယောက်ကို ဒီထက်ပိုပြီး ဒူးထောက်ဖို့ စိတ်ကူးမရှိဘူး၊ မင်းနဲ့ ငါ ပြတ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အိုးခေ"

"မင်းနဲ့ အဲဒီခရိုနီက တကယ်ပေါ့ ဟုတ်လား"

"အဲဒါက ကိုယ့်သမိုင်း ဖြစ်သွားပြီလေ"

"ဟင်း … မင်းတို့မိန်းမတွေက ဒါပဲ၊ နောက်ဆုံး ငွေနောက်ကောက်ကောက်ပါအောင် လိုက်တာပဲ"

"ရွှေမြ ဝန်မခံထားဘူးနော်"

"သိသာပါတယ်၊ ဒီအဆင့်မှမသိရင် ငါ တော်တော်တုံးလို့ပေါ့ … ဟ ဟ၊ စေတနာနဲ့ အသိပေးလိုက်မယ်၊ မျက်ရည်စက်လက်နဲ့ နံ့ပါတ်လေးတစ်ခုကိုင်ပြီး မကျန်ရစ်ပါစေနဲ့"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ ရွှေမြရောင်ကလေး မပိုင်ရင် ခြင်မပြောနဲ့၊ ယင်ကောင်တောင် မရိုက်ဘူး၊ တစ်ချက်ရိုက် တစ်ချက်မိမှ … ဟင်း ဟင်း"

"တောက်"

သူ အသည်းထဲမှာ ခါးသက်စူးရှသွားသည်။ ချစ်သလောက်လည်း အဲဒီ အချစ်အတိုင်းအဆနဲ့ ထပ်တူအောင် မုန်းသည်။



ချစ်တာကလည်း ပက်ပက်စက်စက်ကို ချစ်နေတာပါ။ မုန်းတာလည်း ခါးတူးနေအောင် မုန်းနေသည်။ သူ့ကို သူမ တကယ်ချစ်တယ်ဆိုတာလည်း သိနေသည်။ အခု သူ့ကိုထားရစ်ခဲ့တာဟာ ခရိုနီကို ချစ်လို့မဟုတ်။ ပိုက်ဆံကိုချစ်လို့။ ငွေကိုမက်လို့။ ငွေနောက်ကောက်ကောက်ပါအောင် လိုက်သွားတာပါ။

ငွေတဲ့။ ခရိုနီတွေလောက် မချမ်းသာပေမယ့် သူ့မှာလည်း ရှိသင့်သလောက်တော့ရှိပါသည်။ လူတန်းစေ့တော့နေနိုင်ပါသည်။

ဒါကို မရောင့်ရဲနိုင်ဘဲ ငွေနောက်လိုက်တဲ့မိန်းမ။ ကြောက်စရာကောင်းလိုက်တဲ့ မိန်းမ။ ရွံစရာကောင်းလိုက်တဲ့မိန်းမ။ သော်သေးတာပေါ့။ မြွေဟောက်လို လျှာနှစ်ခွနဲ့ လှေနံ့နှစ်ဖက်မနင်းလို့။ သူ့ကို ရှင်းရှင်းကလေးဖြတ်သွားလို့ ကျေးဇူးတင်ရမလိုပဲ။

♥❖♥

www.burmeseclassic.com



ရာဇဝင်မေ နေကောင်းသွားပါပြီး အလုပ်မဆင်းသေးဘဲ အဆောင်မှာပဲ နားနေသေးသည်။ အမေက အိမ်ကို ပြန်ခေါ်ပေမယ့် ပြန်မလိုက်။ သူမ အထာထွန်း ရှိနေတဲ့မြေကနေ မခွာချင်ဘူးလေ။

ဆေးရုံကို ကြွက်ပေါက်က နေ့တိုင်းလာကြည့်သည်။ စိုးရိမ်နေတာမှ ပျာလို့။ အမေရော အဒေါ်ပါ ရိပ်မိတဲ့အထိ။

"ငါ့သမီးရယ် ... ငါ့သမီးက မင်းသားကိုကြိုက်၊ ငါ့သမီးကို လူရှင်တော်ကြိုက်တော့ ဖြစ်နေပြီ"

"မပြောပါနဲ့ အမေရယ်"

"ညည်း ရောဂါကလည်း မသေးပါလားအေ"

"မင်းသားက အပြင်မှာ အရမ်းချောတာ အမေရဲ့"

"စိတ်ကူးမယဉ်စမ်းပါနဲ့အေ၊ ကိုယ့်အနေအထားနဲ့ အလျှော်လေးလွန်းပါတယ်၊ အမေနဲ့ပဲ ရွာကို ပြန်လိုက်ခဲ့ပါ"



"အလုပ်ကလည်း အဆင်ပြေနေမှ မလိုက်ချင်တော့ဘူး အမေ၊ ပြီးတော့ ဒီမှာက မျက်စိပွင့် နားပွင့်ရှိတယ်"

"ညည်း အကြောင်းပြနေတာပါအေ၊ ဒီမှာ ခုလို ကျန်းမာရေးမကောင်းတော့ ငါ့သမီး ဒုက္ခရောက်တာပေါ့"

"မရောက်ပါဘူး အမေရယ်၊ ဒီမှာက ဆေးရုံဆေးခန်းနဲ့နီးတော့ ပိုတောင် အဆင်ပြေသေးတယ်"

"ညည်း ခေါင်းမာတာက ညည်းကိုယ်ညည်းပဲ ထိခိုက်မှာသမီးရဲ့၊ အင်း ... ပြောမယ့်သာ ပြောတာ၊ မောင်ကြွက်ပေါက်က သဘောမနောပြည့်မယ့်ပုံလေး၊ သမီးကိုလည်း ဂရုစိုက်တယ်၊ အမေတော့ သဘောကျသား"

"ဟာ ... မကြိုက်ပါဘူး အမေရယ်"

"ညည်းက မင်းသားမှန်းနေလို့ပါ သမီးရယ်၊ သူ့ဟာနဲ့သူ မဆိုးပါဘူး၊ လူကြီးမျက်စိနဲ့ကြည့်ရတာလည်း အဆင်ပြေသား၊ မိန်းကလေးဆိုတာ ပန်းလေးလိုပဲ၊ အချိန်အခါရှိတုန်း ရောင်းရတာ သမီး၊ နှမြင့်သွားရင် ဘယ်သူမှမလိုချင်တော့ဘူး၊ အမေကတော့ အမေ့သမီးကို နေလောင်ပန်း မဖြစ်စေချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သမီးက ယောက်ျားယူဖို့ စိတ်ကူးမရှိပါဘူး အမေ"

"ဘာလဲ မင်းသားကိုမရလို့လား၊ မရွေးစမ်းပါနဲ့ သမီးရယ်၊ ညည်း ယောက်ျားမယူရင် ညည်းမှာ ညီအစ်ကိုမောင်နှမ ရင်းချာ မရှိတော့ ဒုက္ခရောက်မှာပေါ့"

"အဲတော့လည်း ဘိုးဘွားရိပ်သာသွားမှာပေါ့ အမေရယ်"

"ဒီကောင်မလေးတော့ ခက်တော့တာပဲ"

သူမ ကောင်းကောင်းနေကောင်းသွားတော့မှ အမေ ပြန်သွား၏။ အမေပြန်ပြီး သူမလည်း အလုပ်ဆင်းရပြီ။

ထုံးစံအတိုင်း ရှုတင်တွေကို ရောက်ပြန်တာပေါ့။ အဲဒီမှာ အထာထွန်းရဲ့ တပည့်လေးက သူမကို စကားလာပြော သည်။

"အစ်မ နေကောင်းသွားပြီလား"

"ကောင်းသွားပြီ ကူညီတာ ကျေးဇူးနော်"

"ရပါတယ်၊ ဒါနဲ့ အစ်မက ကျွန်တော့်ဆရာကို တော်တော် အားပေးတယ်နော်"

"ဟင်"

"ဟီး ဟီး"





ဘာလို့ရယ်နေတာပါလိမ့်။

"မောင်စိုး ဟိုနေ့ကဝတ်တဲ့ အနက်ရောင်လက်ပြတ် ပြန် ဝတ်မယ်၊ အဆင်သင့်ထုတ်ထား"

"ဟုတ်ကဲ့ ဆရာ"

အထာထွန်းက သူမကို ...

"နေကောင်းသွားပြီလား"

"ဟုတ်ကဲ့"

သတင်းမေးဖော်ရတာလေးကိုအောင် ပီတိဖြစ်လိုက် ရတာလေ။ သူမ ငေးနေတာကို အထာထွန်း သတိထားမိလိုက် သည်။ တစ်မျိုးပါလား။ တစ်မျိုးတော့ တကယ်တစ်မျိုးပဲ။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ဘာရယ်မဟုတ် ကောင်မလေးကိုတွေ့ရင် သတိထားမိနေသည်။ သတိထားမိတိုင်းလည်း သူ့ကို အမြဲငေးနေတတ်တဲ့ ကောင်မလေးအကြည့်တွေကို သတိထားမိ၏။ သူသိပ်တော့ မခံစားရပါ။ မင်းသားကို အရူးအမူး သဘောကျတတ်တဲ့ မိန်းမပျိုလေးတွေ ရှိတတ်တာပဲလေ။ ဒါပေမဲ့ သူ့တပည့် မောင်စိုး လိုက်ဖွတာကြောင့် သူမ သူ့ကို ကြိုက်နေတာက သူတို့ ရပ်ကွက်မှာ သတင်းဖြစ်သွားသည်။ သူ့အတွက် ဘာမှ မထိခိုက်ပေမယ့် ကောင်မလေးအတွက်တော့ နစ်နာတာပေါ့။

ထို့ကြောင့် သူ မောင်စိုးကိုလည်း ဆူထားသည်။ လျှောက်မပြောဖို့။ ပြီးတော့ ကိုကြွက်ပေါက်ကိုလည်း အားနာစရာ။ တကယ်တော့ ဘာမဟုတ်တာလေးကို လိုက်ဖွတာကြောင့် တစ်ဖက်သား ထိခိုက်နစ်နာတာမျိုးလည်း မဖြစ်စေချင်။ စွဲလမ်းသူကို ရူးသွပ်စေတဲ့ အပြုအမူမျိုးတွေနဲ့လည်း တွန်းမပို့ချင်။



ပြီးတော့ သူကိုယ်တိုင်လည်း အချစ်အတွက် စိတ်လေနေသည်။ မာနတွေနဲ့ တင်းလိုက်ရပေမယ့် သူ့ရင်ထဲမှာ ရွှေမြရောင်ကို ချစ်နေတုန်းလေ။ ရွှေမြရောင်များ သူ့ကို ဆက်သွယ်လာနိုးနဲ့ မျှော်လင့်နေမိတုန်း။ ဘာလို့ မျှော်ရတာလဲဆိုတော့ ခရိုနီနဲ့ ရွှေမြရောင်တို့ ဇာတ်လမ်းတွေက ငြိမ်သက်နေတာကိုး။

အပြတ်ဖြတ်ခဲ့တာမို့ ပြန်မဆက်သွယ်ချင်တော့ပေမယ့် သူ တိတ်တနိုးတော့ မျှော်နေမိသည်။

ခုလို အချစ်ရေး အဆင်မပြေချိန်မှာ သူ့ဘက်ကလည်း ဘာကောလာဟလမှ မထွက်ချင်ပါ။

ပြီးတော့ ရွှေမြရောင်နဲ့ သတင်းထွက်တာက ထိပ်တန်းသူဌေးကြီး။ သူနဲ့ သတင်းထွက်တာက ဘာမဟုတ်တဲ့ သတင်းထောက်မလေး။ ရွှေမြရောင်သာသိရင် ဟားမှာ။ ရွှေမြရောင်ရဲ့စိတ်ဓာတ်ကို သူ အသိဆုံး။ ဘာမဆို အကောင်းဆုံးဆိုတာကိုပဲ ရွေးချယ်တတ်သူ။ သူ့ကိုတောင် ထိပ်တန်းမင်းသားမို့လို့ ပြန်ချစ်ခဲ့တာ။ သူ့ထက်သာတဲ့သူတွေ့တော့လည်း အရောင်ပြောင်းသွားခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



သူသာ သတင်းထောက်မလေးနဲ့ ကောလာဟာလ ထွက်မှန်းသိရင် ရွှေမြရောင် ဟားတိုက်မယ့်ဖြစ်ချင်း။ ထို့ကြောင့် သူ့မှာ သတင်းလည်းအဖြစ်မခံနိုင်။ ကောလာဟာလလည်း အဖြစ်မခံနိုင်။

စိတ်တော့မကောင်းပါ။ ကိုကြွက်ပေါက်အတွက်လည်း တွေ့တိုင်း အားနာနေရသည်။

တစ်ရက်တော့ ရှုတင်မှာ သူမနဲ့ ဆုံပြန်သည်။ ရှုတင်မှာ ကားဘက်ခ်ဆုတ်တဲ့အခန်း။ သူမက ငေးနေသည်။

"ဟော့ ... ဟိုတစ်ယောက် ဖယ်ဦး၊ မလွတ်ဘူး"

စက်အဖွဲ့သားတွေအားလုံး ပြုံးစိစိ။ ကြာတော့လည်း သူမ ရိပ်မိလာပုံပဲ။ သူ့ရှုတင်ကို မလာတော့။ အကြာကြီးပျောက်သွား၏။ သူမတို့ဂျာနယ်ကလာတဲ့ သတင်းထောက်လည်း ပြောင်းသွားသည်။

မတွေ့တာကြာတော့ သူလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။

သိပ်မကျယ်ပြန့်လိုက်တဲ့ အသေးစား ကောလာဟာလလေးတစ်ခုလည်း မှေးမှိန်သွားပြီပေါ့။





သတင်းထောက်မလေးရဲ့အခန်းပြီးဆုံးသွားပေမယ့် အသည်းကွဲဇာတ်လမ်းကတော့ ခရီးဆက်နေတုန်းပဲ။

လူတိုင်းက သူချစ်ထက် ကိုယ်ကချစ်ရတာကိုပဲ ပိုပြီး တပ်မက်ကြသည်။ ကိုယ့်ကိုလာပြီး ချစ်မြတ်နိုးတာကို တန်ဖိုးထားရကောင်းမှန်းမသိဘဲ ကိုယ့်ကို တန်ဖိုးမထားတဲ့သူကိုမှ စွဲလမ်းတသတတ်ကြသည်။

အဲဒါ အကြီးဆိုတဲ့ ကဍေကြီးရဲ့ အကြီးမားဆုံး ပြုစားမှုကြီးပဲ။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာ ရာဇဝင်မေ တစ်ယောက် သူမ မင်းသားကို ကြိုက်နေတာကို စက်အဖွဲ့တွေ ရိပ်မိသွား၍ ရှက်သွားတာပါ။ ရှက်ပြီးမလာတော့တာ။ နောက်တော့ သတင်းထောက် အလုပ်ကပါ ထွက်လိုက်သည်။ သတင်းထောက် လုပ်နေသရွေ့ ရှောင်လို့ရမှာ မဟုတ်ဘူးလေ။

ပြီးတော့ သူမ တခြားအလုပ်တစ်ခု ရှာနေသည်။ အလုပ်ကမရသေး။ တစ်နေ့ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုမှာ CV သွားတင်တာ။ ဖြစ်ချင်တော့ အဲဒီကုမ္ပဏီမှာ ရှုတင်လာရိုက်တာနဲ့ တည့်တည့်တိုးတော့သည်။

ကိုကြွက်ပေါက်နဲ့ သူမ စကားပြောဖြစ်ပြန်၏။ ကိုကြွက်ပေါက်အခန်း ပြီးသွားတာမို့ သူမနဲ့ အအေးဆိုင်ထိုင်ရင်း စကားပြောဖြစ်ကြသည်။



"ညီမလေး အလုပ်လာလျှောက်တာ"

"ဘာဖြစ်လို့လဲ၊ သတင်းထောက် မလုပ်တော့ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မလုပ်ချင်တော့လို့"

"ကိုယ်ဝါသနာပါတာတစ်ခုခုကို ဇောက်ချလုပ်ကိုင်သင့်တယ် ညီမလေး၊ စမ်းတဝါးဝါးနဲ့ ဟိုအလုပ်ပြောင်းလိုက် ဒီအလုပ်ပြောင်းလိုက်ဆို ဘယ်တိုးတက်မလဲ"

"ကိုယ့်ကိုယ်ကိုယ် ဘာဝါသနာပါမှန်းတောင် မသိဘူး"

"ညီမလေး"

"ကိုကြွက်ပေါက်လည်း တစ်ခုခုကို သိထားတယ်မို့လား"

"ဘာကိုလဲ"

"အဟင်း ... ကျွန်မက မင်းသားကို ကြိုက်နေတယ်ဆိုတာလေ"

ကြွက်ပေါက်က ဘာမှ ပြန်မဖြေ။

"ကျွန်မ အမူအရာတွေက သိပ်သိသာသွားတယ်ထင်တယ်၊ ရှက်လည်း ရှက်မိပါတယ်၊ ရှုတင်တွေနဲ့ မတော်တဆတောင် မဆုံချင်ဘူး"

www.burmeseclassic.com



"ညီမလေး ခွဲခန်းဝင်တဲ့နေ့က ခွဲခန်းက ထွက်လာတော့ မင်းသားကိုပဲ တစ်ချိန်လုံးတ,နေတာ"

"ဪ"

"ကိုဖွဲတာ မဟုတ်ဘူး၊ မောင်စိုး ဖွဲတာ"

"ဒါကြောင့်ကိုး၊ အဟင်း ... မင်းသားလည်း သိတယ်ပေါ့၊ ပက်ပက်စက်စက် အထင်သေးနေလောက်ရောပေါ့"

"အထင်မသေးပါဘူး၊ သူက မောင်စိုးကို ဆူနေတာ၊ မင်းသားကို ပရိသတ်ကကြိုက်တာ သဘာဝပဲတဲ့၊ ဒီလို အရူးအမူးအားပေးတဲ့ ပရိသတ်တွေလည်း ရှိနိုင်တာပဲတဲ့၊ နားလည်ပေးပါတယ်"

ရာဇဝင်မေက ပြုံးကာ ...

"အေးပေါ့လေ ကျွန်မလိုလူမျိုးတွေလည်း ဘယ်လောက်တောင်ရှိနေလဲမှ မသိတာ၊ ဒါပေမဲ့ ကျွန်မလောက်ရူးသွပ်တဲ့သူတော့ ရှိမယ်၊ ကျွန်မထက် ပိုရူးတဲ့သူတော့ ရှိမှာမဟုတ်ဘူး"

ကြွက်ပေါက်က ပြုံးပြီးကြည့်နေသည်။

"ကိုကြွက်ပေါက်ကို အစ်ကိုတစ်ယောက်လို ရင်ဖွင့်လို့ရမလား"





"ပြောပါ ညီမလေး"

"ကျွန်မကလေ သူ့ မအောင်မြင်ခင်ဘဝထဲက စွဲလမ်းမိခဲ့တာပါ၊ ဒါပေမဲ့ အဲဒီထဲက ကံမကောင်းပါဘူး၊ သူ့ဆီ မိတ်ဆက်စာရေးတိုင်း ဘယ်တော့မှ စာမပြန်ခဲ့ဘူး၊ ကျွန်မလောက်အားမပေးတဲ့ ကျွန်မသူငယ်ချင်းတွေဆီကိုကျတော့ စာပြန်တယ်၊ အဟင်း ... ကျွန်မမှာတော့ စာရွက်လှလှလေးတွေနဲ့ မွှေးပျံ့နေအောင် ရေမွှေးတွေဆွတ်ပြီး လက်ရေးလှလှနဲ့ ဖျက်ရာမပါအောင်ရေးပို့တာ၊ သူက ပေစုတ်စုတ်လာတဲ့ စာလေးတွေမှ ပြန်တာတဲ့၊ လွဲတာလေ၊ အဲဒီ ပေစုတ်စုတ်ရေးတဲ့သူတွေက တွေ့တဲ့စာရွက်ဖြဲပြီး ဖြစ်သလို ရေးပို့တာ၊ ကျွန်မမှာတော့ စာရွက်လှလှလေးတွေ ဝယ်ရတာနဲ့ မုန့်ဖိုးတောင် မသုံးရဘူး၊ သူ့ကိုတွေ့ချင်လွန်းလို့ ရန်ကုန်တက်ခဲ့တာ၊ သူ့နားသွားချင်လွန်းလို့ သတင်းထောက်လုပ်ခဲ့တာ၊ သူကလေ ကျွန်မကို မှတ်မိနေပြီး သီချင်းလက်ဆောင်လေးပေးတယ်၊ ဒီကောင်မလေးအတွက်တဲ့၊ အဲဒီသီချင်းလေးနဲ့ပဲ၊ သူ့ဓာတ်ပုံလေးတွေနဲ့ပဲ၊ သူ့ဓာတ်ကားလေးတွေ ကြည့်ရင်းနဲ့ပဲ တစ်သက်လုံး ရှင်သန်သွားတော့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကြွက်ပေါက်က သက်ပြင်းချလိုက်သည်။

"ကျွန်မ သိပါတယ်၊ ကျွန်မဘဝနဲ့ သူ့ဘဝက အဝေးကြီးပါ၊ ဘယ်လိုမှ စပ်ဆက်လို့မရပါဘူး၊ မိုးနဲ့မြေ မဆုံနိုင်မှန်းသိရက်နဲ့ ကျွန်မ သူ့နားဆက်သွားနေရင် ကျွန်မပဲ နေမြင့်လေ အရှုံးရင့်လေ ဖြစ်ရတော့မှာပေါ့၊ အဲဒါကြောင့် သတင်းထောက်မလုပ်တော့တာ၊ ကျွန်မကြောင့်လည်း သူ့ကိုမထိနိုက်စေချင်ဘူးလေ"

"အချစ်ဆိုတာ ဆန်းကြယ်ပါတယ် ညီမလေးရယ်"

♥ ❖ ♥





ရွှေမြရောင်ရဲ့မွေးနေ့။ ထိုမွေးနေ့မှာ မွေးနေ့နဲ့စေ့စပ်ပွဲ တစ်ခါတည်း တွဲလုပ်တာပါ။ သူမနဲ့ သတင်းထွက်နေသော ခရိုနီကြီးနဲ့ စေ့စပ်တာ။ ပြီးတော့ နောက်တစ်ပတ်နေရင် လက်ထပ်ပွဲကျင်းပမှာ။ အားလုံး စီစဉ်ပြီးပြီဆိုပဲ။

ထိုမွေးနေ့ပွဲကို အထာတွန်း သွားခဲ့ပါသည်။ မွေးနေ့ခန်းမထဲမှာ မွေးနေ့ပွဲအပြင်အဆင်တွေနဲ့ပါပဲ။

ဒါပေမဲ့ အခမ်းအနားစတော့ စေ့စပ်ပွဲနဲ့စပြီး မွေးနေ့ကိတ်လှီးတော့ ထိုခရိုနီကြီးကို အရင်ဆုံး မွေးနေ့ကိတ်ခွဲ့ကျွေးပါသည်။

ခရိုနီကြီးရဲ့ နံပါတ်တွေဖြစ်ခဲ့ဖူးသော မင်းသမီးအွေ၊ မော်ဒယ်လ်တွေ၊ အဆိုတော်တွေလည်း ထိုမွေးနေ့ပွဲမှာ ရှိနေကြပါသည်။ လှူပျိုအမည်ခံထားသော ခရိုနီကြီးကို ကြည့်ကာ ရွံလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြရောင်ကတော့ ပြုံးနေတာပဲ။ ခရိုနီကြီးကလည်း မျက်နှာပြောင်တိုက်ပါသည်။ မထိန်းနိုင်သော သူ့ရဲ့နံပါတ်တချို့ကတော့ မျက်စိမျက်နှာတွေ ပျက်ကာ ထပြန်သွားသည်။ မခံစားနိုင်ရင် ပြန်ရုံပဲလေ။ ဘာမှ မတတ်နိုင်တာ။ ရွှေမြရောင်ကတော့ ရွှေတံဆိပ်ဆုရသူအဖြစ် အောင်ပွဲခံလို့ပေါ့။

အထာတွန်းလည်း ဆက်မနေနိုင်တော့ပါ။ ဒါပေမဲ့ သူ ရွှေမြရောင်ကို နှုတ်ဆက်ချင်သည်။

"မင်းကသိပ်ရှုံစရာကောင်းတဲ့ မိန်းမပဲ ရွှေမြရောင်"

ထိုစကားကို သူ အားရပါးရပြုံးကာ ရွှေမြရောင်နားကပ်ပြီး တိုးတိုးကလေးပြောလိုက်၏။ ဘေးလူတွေ အမြင်မှာတော့ ကွန်ဂရက်ကျူလေးရှင်းလို့ ပြောတယ်ထင်မှာပဲ"

"အဟင်း ... ရွှေမြရောင်က နံပါတ်တစ်ခုဖြစ်ရမယ်ဆိုရင်တောင် နံပါတ်(၁)ပဲဖြစ်အောင်လုပ်တတ်တယ် အထာရဲ့"

"ငါက only one မဟုတ်တဲ့ အများထဲက (၁)ကို အထင်မကြီးဘူး ရွှေမြရောင်"

"လူအထင်ကြီးခံရဖို့ထက် ကိုယ့်ဘ၀ အကြီးကြီးဖြစ်လာဖို့ပဲ လိုအပ်တာပါ"



ပြုံးပြုံးလေးပြောပြီး လှည့်ထွက်သွားတဲ့ သူမကို ကြည့်ကာ ဒေါသတွေ ဖြစ်လိုက်တာ။

သူ အဲဒီခန်းမထဲမှာ ထပ်မနေနိုင်တော့လို့ ထွက်ခဲ့လိုက်သည်။ ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေပေမယ့် မျက်နှာကိုတော့ ပြုံးထားရသည်။ အဲဒါလည်း တစ်ဒုက္ခ။

ဒေါသတွေ ပေါက်ကွဲမှုတွေနဲ့ ကားကို မောင်းလာမိသည်။

စိတ်ညစ်ညစ်နဲ့ တန်တော်ကြီးထဲကွေ့အဝင် မိန်းကလေးကို တိုက်မိမလိုဖြစ်သွားသဖြင့် ဘရိတ်ခ်ကို အမြန်အုပ်ကာ ဟွန်းကိုလည်း ဆောင့်တီးမိသွားသည်။

"ဟင်"

သူ့ကားနဲ့ မတိုက်မိအဲ လန့်ပြီး ရှောင်လိုက်ရာက နေ လဲသွားတာတွေ့ရသည်။ ကျွတ် ... သူ့ကားနဲ့ မတိုက်မိတာမို့ ထားခဲ့မလို့ စိတ်ကူးလိုက်သေးသည်။ မဖြစ်ပါဘူး။ တော်ကြာ ဘာမဟုတ်တဲ့ ပြဿနာကို အကြီးကြီး အရှာခံနေရဦးမည်။

စိတ်ပျက်ပျက်နဲ့ ကားပေါ်က ဆင်းကြည့်တော့ ကောင်မလေးက ထော့ကျိုး ထော့ကျိုးနဲ့ သူမပစ္စည်းတွေ လိုက်ကောက်နေသည်။

www.burmeseclassic.com



"ဟင် ... မင်းပါလား"

"အစ်ကိုကားနဲ့ တိုက်မိတာ မဟုတ်ပါဘူး၊ ဘာမှလဲမဖြစ်ပါဘူး၊ သွားတော့မယ်နော်"

သူမဖုန်းလေး ကွဲကြေသွားတာတွေ့ရသည်။ သူမဘာသာ လန့်ပြီးလဲရင်း ပြုတ်ကျတာပါ။

"မင်း ဖုန်းခဏပြ"

ရာဇဝင်မေက ဖုန်းလေးကို အိတ်ထဲထည့်လိုက်ကာ...

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ကျွန်မဘာသာ ပြုတ်ကျတာပါ၊ သွားတော့မယ်နော်"

လူက နဂိုကမှ စိတ်တိုလာတာမို့ သိပ်စိတ်မရှည်ပါ။

သူမအိတ်ကို ဆွဲယူကာ ဖုန်းကိုထုတ်ယူလိုက်သည်။

"ဟင်"

သူမအိတ်ထဲမှာ သူ့ဓာတ်ပုံတွေ မနည်းပါလား။ သူမမျက်နှာ ပြုံတော့မည့်မိုးလို မည်းမှောင်နေသည်။

"ရော့"

အိတ်ကိုပြန်ပေးလိုက်သည်။ ဖုန်းက အပေါ်ယံမှန်ကွဲသွားတာပါ။ ဖွင့်ကြည့်လိုက်တော့ အကောင်း။ Touch လည်း ကစားလို့ရသေးသည်။





"ဟင်"

ဖုန်းထဲမှာလည်း သူ့ပုံတွေချည်းပါလား။ ဘာရယ် မဟုတ်ပါ။ သူက ဖုန်းပြန်လျော်ပေးချင်လို့ ယူစမ်းကြည့်တာပါ။ ဒါပေမဲ့ အခြေအနေက တစ်မျိုးဖြစ်သွားသည်။

သူမက ရှက်ရှက်နဲ့ လှည့်ထွက်သွားပါပြီ။

"ဟာ ... ဟီတ် နေဦးလေ"

သူမက တက္ကစီငှားစီးသွားပြီ။ သူ မလိုက်သွားတော့ဘဲ သူမဖုန်းကို စုံစမ်းရေး ဆင်းဖြစ်သွားသည်။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



သူ အသည်းကွဲလာတာပါ။ ဒါပေမဲ့ ရာဇဝင်မေနဲ့ အမှတ်မထင်ဆုံလိုက်တော့ အသည်းကွဲတာတောင် မေ့သွားတယ်။

သူမဖုန်းထဲမှာ သူ့ပုံတွေချည်းပါလား။ သူမဖုန်း Ringtone က ဒီကောင်မလေးအတွက်သီချင်း။ ဖုန်းထဲမှာ သီချင်းဆိုလို့ ဒီတစ်ပုဒ်တည်းရှိသည်။

သူ့ဓာတ်ပုံတွေကို ပိုစ်အမျိုးမျိုးနဲ့ကိုရှိသည်။ ခိုးရိုက်ထားတဲ့ပုံတွေရော။

ဒီကောင်မလေး သူ့ကို တော်တော်စွဲလမ်းနေတာပါလား။

သူမဖုန်းရဲ့ Note book ထဲမှာ သူမ သူ့ကို ဘယ်လောက်စွဲလမ်းရကြောင်းတွေလည်း ရေးထားသည်။

ဖုန်းတစ်ခုလုံးက သူမ ကိုယ့်ကို စွဲလမ်းကြောင်းတွေချည်းပဲ ရေးထားသည်။





အသည်းကွဲနေတဲ့ သူ့အတွက် စိတ်ဖြေစရာတစ်ခု ရလိုက်တာပါပဲ။

ပြီးတော့ ရွံ့ချင်သည်။ အချစ်ကို ဥပေက္ခာပြုပြီး ငွေနောက်လိုက်တဲ့ ရည်းစားအဟောင်းကြီးကို ရွံ့ကာ သူ့ကို အင်မတန်ချစ်သော ဒီကောင်မလေးနဲ့ လက်တွဲပြီး ပျော်ရွှင်စွာနေပြလိုက်ချင်သည်။ ကောင်မလေးက မချောပေမယ့် ချစ်စရာကောင်းပါသည်။ သူ့ကိုချစ်တာလည်း ခံစားလို့ရပါသည်။

တစ်ခုပဲ။ သူမကို ကိုကြွက်ပေါက်က သဘောကျနေတာဆိုတော့ ကိုကြွက်ပေါက်ကိုတော့ အားနာဖို့ကောင်းသည်။

သူမ ဖုန်းကတ်လေးကိုထုတ်ကာ i-Phoneလေးထဲ ပြောင်းထည့်ပေးလိုက်သည်။ ပြီးတော့ သူမ ဖုန်းနံပါတ်မှတ်ထားတာတွေ ပြန်ကူးပေးလိုက်သည်။

ဖုန်းထဲမှာ သူ့ဓာတ်ပုံအသစ်ကလေးတွေ ကူးထည့်ပေးလိုက်သည်။ ဖုန်းရဲ့ Note book မှာလည်း ...

"ကိုယ့်ဘေးမှာ နေ့တိုင်း နေပေးနိုင်မလား"

သူ ဘာတွေလုပ်နေမိမှန်းမသိ။ သူ အသည်းကွဲနေတဲ့အတွက် လုပ်မိလုပ်ရာ လုပ်နေမိတာလား။ တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ချစ်နိုင်ပါ့မလား။ ထိုကောင်မလေးဟာ စာတ်ပို့မင်းသမီးတွေလောက်တောင် မပြင်တတ် မဆင်တတ်ဘူးလေ။ ရေရှည်မှာ အဆင်ပြေပါ့မလား။ သူ မချစ်ဘဲ ယူရမှာလေ။

သူ ကိုကြွက်ပေါက်ကို ဖုန်းဆက်လိုက်သည်။

"ကိုကြွက်ပေါက် အားရင် ကျွန်တော့်အိမ် လာခဲ့ပါလား၊ ဘီယာကလေးဆွဲရင်း စကားပြောရအောင်"

"ဟင် ... ထူးထူးဆန်းဆန်း ကျွန်တော် ဒီလ ထိပေါက်မယ်ထင်တယ်၊ ကိစ္စရှိလို့လား မင်းသား"

"ဆိုပါတော့ဗျာ"

"ဟုတ်ကဲ့ ... ကျွန်တော် အခု လာခဲ့မယ် မင်းသား"

ကိုကြွက်ပေါက် ရောက်လာတော့ သူတို့နှစ်ယောက် ဘီယာဘူးဖွင့်ရင်း စကားပြောဖြစ်သွားကြသည်။

"ကိုကြွက်ပေါက် ကောင်မလေးဖုန်း ကျွန်တော် ရထားတယ်"

"ဗျာ ... ရာဇဝင်မေ လား"

"ဟုတ်တယ်"

"ဘယ်လိုလုပ်"





သူ ရှင်းပြလိုက်သည်။

"ဩော် ..."

"အဲဒီတော့ ကျွန်တော် နည်းနည်းတော့ Heart ထိသွားတယ်ဗျာ၊ ကောင်မလေးက ကျွန်တော့်အနေအထားနဲ့ဆိုရင်တော့ မခမ်းနားဘူးပေါ့ဗျာ၊ ဒါပေမဲ့ သူ့အချစ်တွေက ခမ်းနားနေတယ်"

"ကျွန်တော့်ကို သူပြောတဲ့အကြောင်းတွေ မင်းသားကို ဖောက်သည်ချရဦးမယ်"

သူက ကြွက်ပေါက် ပြောပြတဲ့အကြောင်းတွေ နားထောင်ပြီး သူမအပေါ် ကရုဏာမိုးတွေ ရွာသွန်းဖြိုးသွားသည်။

"မင်းသားသာ သူ့ကိုစောင့်ရှောက်ပေးမယ်ဆိုရင် ကျွန်တော့်လောက်ပျော်မယ့်သူ ရှိမှာမဟုတ်တော့ဘူး မင်းသားရယ်"

"ပြောတော့ ခင်ဗျား သူ့ကို ချစ်တယ်ဆို"

"ချစ်တာပေါ့ မင်းသားရယ်၊ ချစ်လို့ သူ့ကို စိတ်ချမ်းသာစေချင်တာလေ၊ သူစိတ်ချမ်းသာရင် ကျွန်တော် ပျော်တယ်။ သူ့ကို နမြောရအောင် သူကမှ ကျွန်တော့်ကိုမချစ်ဘာ မင်းသားရယ်၊ ဒီတော့ သူချစ်တဲ့သူနဲ့ ပျော်စေချင်တာပါ"

www.burmeseclassic.com



"ခင်ဗျား တော်တော်ချစ်တတ်တယ်နော်၊ ဥပမာ ခင်ဗျားနဲ့ ကြိုက်နေပြီးမှ ခင်ဗျားထက်ပိုက်ဆံရှိတဲ့သူနောက် ပါသွားတာဆိုရင်ရော ခင်ဗျားကိုချစ်ရက်နဲ့ ပိုက်ဆံမက်ပြီးထားခဲ့တာ ဆိုရင်ရော"

"ဟား ဟား ... အဲဒါဆိုရင်တော့ စိတ်နာကောင်းနာနိုင်ပါတယ်၊ ဒါပေမဲ့ ပိုမြင့်သွားတဲ့သူ့ဘဝအတွက် ဝမ်းတော့သာပေးမှာပဲ"

"သူ ကျွန်တော့်ကို တော်တော်ချစ်တယ်နော်၊ အဲလိုအချစ်မျိုးကို မဆုံးရှုံးချင်ဘူး"

"ဟာ ... ဝမ်းသာလိုက်တာ မင်းသားရယ်"

"တကယ်နော် ကိုကြွက်ပေါက်"

"အဲလိုသာဖြစ်ခဲ့ရင် အပျော်ဆုံးက သူဖြစ်လိမ့်မယ်၊ ပြီးရင် ကျွန်တော်ပဲ မင်းသား"

"ကောင်းပြီ၊ ကျွန်တော် သူ့ကို လက်ထပ်မယ်၊ သူ့အချစ်ကို မြတ်နိုးလို့"

♥ ❖ ♥





ရာဇဝင်မေ တစ်ယောက် အရှက်ကြီး ရှက်သွား၏။ သူမဖုန်းလည်း မင်းသားလက်ထဲမှာ ကျန်ခဲ့ပြီ။ သူမရဲ့လျှို့ဝှက်ချက်တွေလည်း အားလုံးပေါ်ကုန်ပြီ။ ခုလောက်ဆို ဘယ်လောက်တောင် ဟားတိုက်ရယ်မောနေမလဲမသိ။

မိန်းမတစ်ယောက်ရဲ့ တစ်ဖက်သတ်အချစ်က သိပ်ကို ရုပ်ဆိုးပါသည်။ ဒီနိုင်ငံယဉ်ကျေးမှုနဲ့ အထင်သေးစရာကြီးကိုဖြစ်လို့။ ကိုယ့်အချစ်ကို လုံခြုံအောင် သိမ်းမထားနိုင်ရင် ကဲ့ရဲ့ခံရမည်။

ကိုယ့်အတတ်ကိုယ်စူး။ ကိုယ့်အထုပ်ကိုယ်လာဖြေပြ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း။ ဒီထက်ဆိုးဝါးတဲ့စကားပုံတွေရှိရင် ခိုင်းနှိုင်းချင်သေးသည်။

ကိုယ့်အရှက် ကိုယ်ခွဲမိတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်မေ ပစ္စည်းတွေ အကုန်သိမ်းကာ ရွာပြန်ဖို့ ပြင်လိုက်သည်။

တကယ်တော့ အဆင့်အတန်းတူရင် ကမ္ဘာ့အရှေ့ခြမ်းနဲ့ အနောက်ခြမ်းတောင် ပေါင်းစပ်လို့ ရနိုင်သည်။ အဆင့်အတန်းချင်း ကွာနေရင်တော့ ခြေတစ်လှမ်းအကွာမှာ ရှိနေရင်တောင် ဘယ်တော့မှ ပေါင်းစပ်လို့ရမှာမဟုတ်။

မခူးက အံ့သြနေသည်။

"ရာဇဝင်မေ ဘာလို့ ပြန်မှာလဲ"

"ဘာမှ မဖြစ်ပါဘူး မခူးရယ်၊ မနေချင်တော့လို့"

"ရာဇဝင်မေတစ်ယောက်က ဂေါက်တယ်တော့၊ အားလုံး အဆင်ပြေနေမှ ကောက်ကာငင်ကာ ထပြန်တယ်၊ မပြေလည်ခင်ကတော့ ရုန်းကန်နေခဲ့ပြီးတော့"

"အဲဒါ ဘဝပဲ မခူးရဲ့"

"ဘာ ဘဝလဲ ရှင် ဂေါက်တာ"

"ဟင်း ဟင်း"

"သတင်းထောက်လုပ်နေတာလည်း တော်တော်ခရီးပေါက်နေတာကို ထွက်ပစ်တယ်၊ ရှင့်ကိုလေ ဘယ်လိုနားလည်ရမှန်းကို မသိဘူး သိလား"





"မခူး ... မခူးချစ်သူကို မခူး အရမ်းချစ်လား"

"အဟင်း ... ချစ်လားဆိုတော့ အစကတော့ မချစ်ဘူး၊ ကိုယ့်ကိုလာကြိုက်တဲ့သူထဲက အကောင်းဆုံးတစ်ယောက်ကို ရွေးထားတာဆိုတော့၊ နောက်တော့လည်း သံယောဇဉ်ဖြစ်ပြီး ချစ်သွားတာပဲ"

"ဟင်း ... မခူးအချစ်ကလည်း မမိုက်ပါဘူး၊ မခူးက ချစ်ရတဲ့သူ မရှိဘူးလား၊ မခူးကစပြီး သဘောကျတဲ့သူလေ"

"ရှိတာပေါ့ဟဲ့၊ ကိုယ့်ထက်သာတဲ့၊ ချစ်စရာကောင်းတဲ့ သဘောကျတဲ့ယောက်ျားမျိုးတွေ ရှိတာပေါ့"

"ယောက်ျားတစ်ယောက်ကို စွဲလမ်းဖူးလား"

"ငယ်ငယ်တုန်းကတော့ ကိုရီးယားမင်းသားတွေကို စွဲလမ်းဖူးတယ် ဒီလောက်ပဲ၊ ရာဇဝင်မေ ညည်း အချစ်နဲ့တွေ့နေပြီမို့လား"

"မဟုတ်ပါဘူး မခူးရဲ့ မေးကြည့်တာ"

"ညည်း ရည်းစားနဲ့ အဆင်မပြေလို့ ပြန်မှာတော့မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး မခူးရယ်၊ ကျွန်မမှာ ဘာရည်းစားမှမရှိပါဘူး၊ ကျွန်မအကြောင်းနဲ့ ကျွန်မပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါအေ၊ ဒါပေမဲ့ ငါက ညည်းကို သံယောဇဉ်ဖြစ်နေပြီအေ့"

"ဒီလိုပါပဲ ဘဝတစ်ကွေ့မှာ ဒီလူတွေနဲ့ ခင်ကြ၊ နောက်တစ်ကွေ့ရောက်တော့ နောက်ထပ်လူသစ်တွေ ထပ်တွေ့ကြ၊ တွေ့ဆုံကြုံကွဲဆိုတာ တစ်ဘဝတည်းမှာတောင် ခဏခဏ ဖြစ်နေတာလေ"

"ဘာပဲဖြစ်ဖြစ်အေ ကျုပ်ကတော့ စိတ်မကောင်းဘူး၊ ညည်းသွားရင် ကျုပ်ကို နှုတ်မဆက်နဲ့၊ ကျုပ်အလုပ်သွားတဲ့အချိန် ပြန်သွား"

"မရူးရယ်"

ကိုယ့်ခံစားချက်အတိုင်း ပြုမူဆောင်ရွက်တတ်တဲ့သူမ၊ ခံစားချက်ကို ရှေ့တန်းတင်တဲ့သူမ တစ်ပါးသူရဲ့ခံစားချက်တွေကို ထည့်မတွက်မိခဲ့ပါလား။

ရွာကနေ ရန်ကုန်ကိုတက်လာတုန်းကလည်း အမေ့ခံစားချက်ကို သူမ ထည့်မတွက်ခဲ့ဘူး။

ကိုကြွက်ပေါက်ကို အထာတွန်းအကြောင်း ရင်ဖွင့်တုန်းကလည်း ကိုကြွက်ပေါက်ရဲ့ခံစားချက်ကို ထည့်မတွက်ခဲ့ဘူး။

အခု မရူးလည်း သူမအတွက် ခံစားနေသည်။





သူမဟာ သူမခံစားချက်ကိုပဲ သိတဲ့သူ။

ဒါပေမဲ့ သူမ ရွှေမြရောင်ကို မုန်းခဲ့ပေမယ့် မယုတ်မာမိအောင်တော့ ထိန်းခဲ့ပါတယ်။

နောက်ဆို ကိုယ့်ကြောင့် သူတစ်ပါး မထိခိုက်အောင် ပိုပိုပြီး ဆင်ခြင်ပါ့မယ်။

သူမကိုယ်သူမ ပိုပြီးရင့်ကျက်လာသလို ခံစားရသည်။

သူမပြန်သွားရင် အမေ့ ပျော်မှာပါ။ ပိုပြီးရင့်ကျက်လာတဲ့ သူမကို အမေ သဘောလည်း ကျမှာပါ။

အထူးသဖြင့် စိတ်ကူးယဉ်အိမ်မက်ထဲက နိုးထလာတဲ့အတွက် အမေဝမ်းသာမှာပါ။

မနှုတ်ဆက်တော့ပါ။

အကယ်ဒမီမင်းသားကိုရော ကိုကြွက်ပေါက်ကိုပါ ဘယ်သူ့ကိုမှ နှုတ်မဆက်တော့ပါဘူး။

သူ့ဆီမှာကျန်ခဲ့တဲ့ ဖုန်းကတ်ကလေးကိုလည်း ပြန်မလျှောက်တော့ဘူး။ ဘယ်တော့မှလဲ မသုံးတော့ဘူး။ အရာအားလုံး ထားခဲ့တော့မယ်။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



ရွှေမြရောင်ရဲ့ မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပပါသည်။ စေ့စပ်ပွဲ၊ မင်္ဂလာဆွမ်းကျွေး၊ လက်ထပ်ပွဲ၊ ဒင်နာစသဖြင့် ခမ်းခမ်းနားနားကြီးကို ကျင်းပတာပါ။

အလှပဆုံးဝတ်စုံ၊ တန်ဖိုးအကြီးဆုံး လက်ဝတ်လက်စားတွေနဲ့ ရွှေမြရောင်တစ်ယောက် တအားကို ပျော်ရွှင်နေခဲ့တာပါ။

မီဒီယာတွေက ကောင်းသတင်းတွေ ရေးလိုက်ကြတာ။ ရွှေမြရောင်ဟာ ဘယ်သူနဲ့မှ ဘာသံမှ မထွက်တဲ့ ခြောက်ပစ်ကင်း သဲလဲစင်လေးပေါ့လေ။

ရွှေမြရောင်ရဲ့ ဖြေချက်တွေကလည်း မျက်နှာပြောင်ပါသည်။

ခုချိန်ထိ ရည်းစားတောင် မထားခဲ့ဘူးပါတဲ့။ ဒီတစ်ယောက်နဲ့တွေ့ပြီး ဒီတစ်ယောက်နဲ့ပဲ လက်ထပ်ခဲ့တာပါတဲ့။





အကြောင်းသိနေတဲ့သူ့မှာ ဒေါသတွေ ထွက်လိုက်ရတာ။ ဒီအချိန်ကျမှ ထဖွတော့လည်း ကိုယ်အောက်ကျပဲ ရှိတော့မှာလေ။

ဒီတိုင်းဆို ပိုချစ်ရတဲ့သူ ကိုယ်ပဲဖြစ်နေပြီလား။ ဟင့်အင်း … မုန်းတယ်။ သူမလုပ်ပုံတွေကို။ ဒါပေမဲ့ သူ့မင်္ဂလာပွဲ မနွှဲပြန်ရင်လည်း ရိပ်မိကုန်ကြဦးမည်။ ဒီတော့ မဖြစ်မနေ သွားခဲ့ရပြန်သည်။

ရွှေမြရောင်ကတော့ အောင်ပွဲတွေခံပြီးရင်း ခံရင်းပေါ့။

ရွှေမြရောင်ရဲ့ အပြုံးတွေကို ရွံနေမိသည်။ သူမပျော်နေတာကိုလည်း မုဒိတာ မပွားနိုင်။ ကိုကြွက်ပေါက်ကတော့ ရာဇဝင်မေနဲ့ သူ လက်ထပ်ရင် ပျော်မယ်တဲ့ ဒါဆို ကိုကြွက်ပေါက်က သူ့ထက် ပိုချစ်တတ်တာလား။

သူနဲ့ရာဇဝင်မေ့ မင်္ဂလာပွဲက ရွှေမြရောင်ရဲ့မင်္ဂလာပွဲထက် ခမ်းနားချင်မှ ခမ်းနားမယ်။ ဒါပေမဲ့ သူတို့ထက်ပိုပြီး ပျော်စရာကောင်းမှာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ ရွှေမြရောင်ကို ဘယ်လိုဆက်သွယ်ရမလဲမသိ။ သူမတို့ ဂျာနယ်တိုက်ကို ဖုန်းဆက်တော့ သူမအလုပ်ထွက်သွားပြီတဲ့။ ကိုကြွက်ပေါက်ကို စုံစမ်းခိုင်းရမှာကျတော့ အားနာသည်။

ရင်ကိုခွဲပြီး အသည်းနှလုံး ထုတ်ပေးထားတဲ့သူကို ထပ်နှိပ်စက်သလို ဖြစ်မှာစိုးလို့ပါ။

သူ့သူငယ်ချင်းအရင်း တစ်ယောက်ကို စုံစမ်းခိုင်းလိုက်သည်။

ရာဇဝင်မေတို့ ဂျာနယ်တိုက်ကို သွားမေးတော့ အဆောင်လိပ်စာရလာသည်။ အဆောင်ကို စုံစမ်းတော့ ရာဇဝင်မေ ရွာပြန်သွားပြီတဲ့။ သူ့သူငယ်ချင်း တပ်ခေါက်ကာ ပြန်လာသည်။

အဆောင်ကို ထပ်လွှတ်ကာ ရာဇဝင်မေရဲ့ရွာကို မေးခိုင်းတော့ သူငယ်ချင်းက အံ့ဩနေသည်။

"ဖိုးထာ ... မင်း ပုံမှန်ရော ဟုတ်ရဲ့လား။ တောသူတစ်ယောက်ကို ဘာလို့ သဲကြီးမဲကြီး ရှာနေတာလဲ။ ရန်ကုန်မှာမတွေ့ဘူးဆိုရင် တော်ပြီပေါ့ကွာ"

"မတော်နိုင်ဘူး။ ငါ သူ့ကိုတွေ့မှ ဖြစ်မှာ"

"နားစမ်းပါကွာ။ မင်းအနေအထားနဲ့ အဲဒီထက်သာတာတွေ အများကြီးရနိုင်တယ်။ ဘာလုပ်ဖို့လဲ"





"ငါ သူ့အချစ်ကိုပဲ လိုချင်တာ။ သူ့ထက်သာတာတွေက သူ့လောက် ငါ့ကိုချစ်နိုင်မှာ မဟုတ်ဘူး။ သူက သနားစရာကောင်းလောက်အောင် ငါ့ကိုချစ်ရှာတာ"

"မရူးစမ်းပါနဲ့ကွာ"

"ငါလည်း ဒီလိုမထင်မရှား ဘဝကပဲ ကြိုးစားလာရတာပါ။ မယားတောသူတဲ့။ ငါ့ကို ဆရာပြန်လုပ်မယ့် မိန်းမထက် ငါ့ကို ချစ်မြတ်နိုးတဲ့ မိန်းမကိုပဲ လိုချင်တယ်။ သူ ရှက်သွားတာ ဖြစ်မယ်။ ငါ့ကို သူ့အဆောင်မှာ သွားစုံစမ်းပေးပါကွာ"

"မင်း အဲဒီကောင်မလေးကို ချစ်လို့လား"

မချစ်ပါ။ သူ ချစ်ခဲ့တာ ရွှေမြရောင်ကို။

"ငါမဖြေနိုင်တဲ့ မေးခွန်းတွေ မမေးပါနဲ့ကွာ။ သူနဲ့လက်ထပ်လိုက်ရင် ငါတစ်သက်လုံး စိတ်ချမ်းသာမှာ သေချာတယ်။ ဒါပဲ ပြောနိုင်တယ်"

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ကို သွားစုံစမ်းတော့ မရွှေနဲ့ တိုးသည်။

"ဟယ် ... ရာဇဝင်မေကို လာစုံစမ်းတာ နှစ်ခါရှိပြီနော်။ ဘာကိစ္စလဲဟင်။ ကျွန်မက သူနဲ့ ညီမတွေလို နေတာပါ"

"အဲဒါက ပြောပြဖို့ အဆင်မပြေဘူးဗျ။ အဓိက သူနဲ့တွေ့ချင်တာ။ သူ့လိပ်စာ ဒါမှမဟုတ် သူ့ကိုဆက်သွယ်လို့ရတဲ့ဖုန်းပေါ့ဗျာ။ ဟို သူ့ဖုန်းက ပိတ်ထားတော့ တခြားနံပါတ် တစ်ခုခုပေါ့ဗျာ"

"ဒါဆိုလည်း တစ်ခုတော့ပြောရှင်၊ ကောင်းတဲ့ကိစ္စလား မကောင်းတဲ့ကိစ္စလား၊ မပြောရင်တော့ ကျွန်မ မကူညီနိုင်ဘူး"

"ကောင်းတဲ့ကိစ္စပါဗျာ၊ မင်္ဂလာကိစ္စဗျ"

"ရှင်က သူ့ရည်းစားလား"



"မဟုတ်ပါဘူးဗျာ၊ တွေ့တောင်မတွေ့ဖူးဘူး"

"ဟင် ... ဒါဆို ဘာလို့တွေ့ချင်တာလဲ"

"ကျွန်တော့်သူငယ်ချင်းက လာစုံစမ်းခိုင်းလို့ဗျ။ ခင်ဗျားကလည်းဗျာ၊ ကူညီစမ်းပါ။ ဒါမျိုးက ကူညီကောင်းပါတယ်"

"ဒီအဆောင်ပိုင်ရှင်က ရာဇဝင်မေ့ အဒေါ်လေ။ အဆောင်ပိုင်ရှင်ဆီမှာ စုံစမ်းရင်တော့ရမယ်။ ဒါပေမဲ့ ရှင် ကျွန်မကို လာမေးသလိုတော့ မေးလို့ရမှာ မဟုတ်ဘူးနော်။ ဘာကြောင့် စုံစမ်းတာလဲဆိုတာ ပြောပြမှရမှာ"

"ဒါဆို အစ်မပဲ သွားမေးပါလားဗျာ။ လူငယ်ကိစ္စဆိုတော့ ပြောလို့မကောင်းလို့ပါ"

"ဟင်း ... ဒါဆို ရှင့်ဖုန်းနံပါတ် ပေးခဲ့၊ ကျွန်မ မေးပြီးဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့။ အခု မေးပေးလို့ မရဘူးလား"

"အန်တီ အပြင်သွားလို့ရှစ်"

"အော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



မချူးလည်း စိတ်ဝင်စားသွားသည်။ ရာဇဝင်မေ ပြန်ကာနီးတုန်ကတောင် အချစ်အကြောင်းတွေ ပြောသွားသေးသည်။ ရာဇဝင်မေ ပြန်သွားတာ ဒီကိစ္စပဲ ဖြစ်ရမည်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ရာဇဝင်မေက ဘယ်သူ့ကိုမှ ဘာမှရင်မဖွင့်တတ်တဲ့ မြစိမလေးဆိုတော့ ဘာမှကို မသိရ။

ခုတော့ အန်တီကြီးကိုပဲ စောင့်နေရသည်။ အန်တီကြီး အပြင်သွားတာ ပြန်မလာသေး။ အန်တီကြီး ပြန်လာမှ ရာဇဝင်မေကို ဆက်လို့ရမယ့်ဖုန်းလေးတောင်းပြီး ဖုန်းဆက်ကြည့်ရမည်။

ထိုနေ့က ညနေစောင်းမှ အန်တီကြီး ပြန်လာသည်။

"အန်တီကြီး ဘယ်ကပြန်လာတာလဲ"

"ရာဇဝင်မေ ဆိုင်ကယ်မှောက်ပြီး ရန်ကုန်ဆေးရုံကြီးရောက်လာလို့"

"ဘုရား ... ဘာတွေဖြစ်ကုန်သေးလဲ အန်တီကြီး"

"ခေါင်းကွဲသွားတယ်၊ ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘူးလေ။ အဲဒါနဲ့ သူတို့နယ်ဆေးရုံမှာ စိတ်မချတာနဲ့ ရန်ကုန်ခေါ်လိုက်တာ။ အခု ဦးနှောက်နဲ့ အာရုံကြောမှာလေ။ သတိမရသေးဘူး"





"ဘုရား ... ဘုရား ... ဘာမှ ဆိုးဆိုးရွားရွား မဖြစ်ပါစေနဲ့၊ ဆရာဝန်တွေကရော ဘာပြောလဲဟင် အန်တီကြီး"

"ဆရာဝန်တွေကတော့ သတိရမှပဲ ပြောနိုင်မယ်တဲ့။ ဆေးစစ်ချက်အဖြေတွေလည်း မရသေးဘူးလေ။ ဒီမှာနေရင် အကောင်း၊ အဲဒါကို ရွာပြန်တော့ ဆိုင်ကယ်မှောက်တာပေါ့၊ ကံတရားပဲလေ"

"ဟယ် ... သတိပြန်ရပါစေ။ မနက်ကျမှ သွားလိုက်ပါဦးမယ်"

"အေး ... အခု သတိရဖို့ပဲ အရေးကြီးနေတာ"

"ဒုက္ခပါပဲ။ သနားပါတယ်။ အန်တီကြီးတူမက ငှငှငေါင်ငေါင်။ ဘုရားသိကြားမ,လို့ ဘာမှမဖြစ်ပါစေနဲ့"

မချူး တစ်ညလုံး အိပ်မပျော်။ ဟိုလူကိုလည်း အကြောင်းမကြားရသေးပါ။ ရာဇဝင်မေ သဘောထားကို မေးမြန်းပြီးမှ ပြောရမှာ။

ရာဇဝင်မေ ဘာမှမဖြစ်ပါစေနဲ့။ အမြဲ ငိုင်တွေနေတတ်တဲ့ ရာဇဝင်မေကို အားမလို အားမရတွေနဲ့ ချစ်ခင်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရင်းကလေး ကောင်းရှာသော ရာဇဝင်မေ၊ ငွေငိုင်တာကလွဲရင် အေးဆေးပြီး ဣန္ဒြေရတဲ့ ရာဇဝင်မေကို ချစ်ကိုချစ်တာ။

ရာဇဝင်မေ ပြန်သွားတာ ဟိုလူတွေနဲ့ မပတ်သက်ချင်တာလည်း ဖြစ်နိုင်တာပဲလေ။ ထို့ကြောင့် ရမ်းသမ်းပြီးသတင်း မပေးရဲ။

ဘာကိစ္စဆိုတာလဲ သိချင်လိုက်တာ။ ထိုညက မချူး အိပ်လို့တောင်မပျော်။ သတိမရသေးဘူးဆိုတော့ မတော်တဆများ အတိတ်မေ့သွားတာတို့ ဗျောသွားတာတို့ဆိုရင် ဘယ်လိုလုပ်မလဲဟုလည်း ကြံဖန်တွေးပူ။ ဟိုပူ ဒီပူနဲ့ မိုးလင်းသွားသည်။

မိုးလင်းတာနဲ့ အန်တီကြီးနဲ့အတူ ဆေးရုံထွက်ခဲ့လိုက်သည်။ ခြေလက်တွေ ဘာမှမဖြစ်ဘူး။ ခေါင်းပဲကွဲတာတဲ့။

"ဘုရား ... ဘုရား သတိပြန်ရနေပါစေ"

♥ ❖ ♥





ဆေးရုံရောက်တော့ ရာဇဝင်မေက သတိရနေပြီ။

"တော်ပါသေးရဲ့ဟယ်၊ ငါ့ကို မှတ်မိလား"

"မှတ်မိပါတယ် မချူးလေ"

"တော်သေးတာပေါ့"

ရာဇဝင်မေ အမေက ...

"သတိရလာတော့ အခြေအနေ ကောင်းတယ်တဲ့။ ဆေးစစ်ချက်အဖြေတော့ စောင့်ရဦးမယ်"

"ရာဇဝင်မေ ဘယ်လိုနေလဲ"

"ခေါင်းက နာတာပဲရှိတယ်။ ကျန်တာတော့ ကောင်းပါတယ်"

"မသေကောင်း မပျောက်ကောင်း ရာဇဝင်မေ[illegible] ကယ်စီးရင် ဦးထုပ်လေးဆောင်းပါဟယ်။ ဖြစ်[illegible]တိုယ်ပဲခံရတာ"

www.burmeseclassic.com



"ဆောင်းပါတယ်။ အဲဒီနေ့က မေ့သွားတာ"

"ပြန်လာပြီးတော့ တငူငူ တငိုင်ငိုင်နဲ့လေ။ သွားချင်တုန်းကလည်း မအေမသိအောင် ခိုးသွားတယ်။ ပြန်ချင်တော့လည်း သူ့ဘာသာ ပြန်လာပြီး တငူငူနဲ့။ သမီးတစ်ယောက် မွေးထားပါတယ်။ ဘယ်လိုနားလည်ရမှန်းကို မသိဘူး မရူးရေ"

"ဟုတ်ကဲ့ အန်တီ"

"ကဲ … မရူး ရှိတုန်း ဆေးစစ်ထားတာလေး သွားယူလိုက်ဦးမယ်။ ဆရာဝန်နဲ့လည်း သွားပြပြီး အခြေအနေဝင်မေးလိုက်ဦးမယ်"

"ဒါဆို ငါလည်းလိုက်မယ်။ မရူးရေ သမီးညီမကို ကြည့်ထားလိုက်ဦး"

"စိတ်ချပါ အန်တီ"

လူကြီးတွေ ထွက်သွားတော့ အတော်ဖြစ်သွား၏။

"ရာဇဝင်မေ လူတစ်ယောက် လာစုံစမ်းနေတယ်။ သူ့သူငယ်ချင်း မေးခိုင်းလို့တဲ့။ လာတာ နှစ်ခါရှိပြီ။ သူ့ဖုန်းနံပါတ်လည်း ပေးသွားတယ်"





ရာဇဝင်မေက ကြွက်ပေါက် လာစုံစမ်းခိုင်းတယ်ပဲ ထင်လိုက်သည်။

"မရူး ပြောလိုက်လား"

"မပြောလိုက်ဘူး။ ရှင့်ကိုမေးပြီးမှ ပြောမလို့လေ ဘာမှန်းညာမှန်းမသိ မပြောပါဘူး"

"မသိဘူးပဲ ပြောလိုက်ပါ မရူးရယ်"

"အချစ်ရေးကိစ္စလား"

"သူ့ဘက်ကပါ ညီမက စိတ်မဝင်စားဘူး"

"ဪ"

သူတို့ စကားပြောနေတုန်း ကြွက်ပေါက် ရောက်လာသည်။

"ဟိုဘက်လူနာ လာမေးရင်း တွေ့ပါတယ်ဆိုပြီး ကြည့်နေတာ။ တကယ် ရာဇဝင်မေပဲ။ ဘာဖြစ်တာလဲ ညီမလေး"

"ဆိုင်ကယ်မှောက်လို့"

"ဖြစ်ရတယ်၊ မသေကောင်း မပျောက်ကောင်း။ ခုရော ဘယ်လိုနေလဲ"

"သက်သာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး မင်းသားနဲ့ အဆက်အသွယ်ရသေးလား"

"ဟင့်အင်း"

"မင်းသား ညီမလေးကို တွေ့ချင်လို့တဲ့"

ဖုန်းပြန်ပေးချင်လို့ နေမှာပေါ့။

"ညီမလေး မင်းသားနဲ့ မတွေ့သေးဘူး ထင်တယ်"

"မတွေ့ချင်တော့ပါဘူး ကိုကြွက်ပေါက်ရယ်"

"ဟုတ်ပြီ၊ ဒါဆို ညီမလေး ဆေးရုံတက်ရတာလည်း မင်းသား မသိဘူးပေါ့"

"သူနဲ့မှ မဆိုင်တာ သိစရာ မလိုပါဘူး"

ကြွက်ပေါက်က ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ဆရာဝန်ကြီး Round လှည့်လာ၍ သူတို့ အပြင်ထွက်ပေးလိုက်ရသည်။

ကြွက်ပေါက်က မင်းသားဆီ ဖုန်းဆက်လိုက်သည်။ မင်းသားက ရှုတင်မှာ။ ဒါပေမဲ့ ရှုတင်ဖျက်ပြီး လာမတဲ့။ သူ ကျေနပ်သွား၏။

♥ ❖ ♥





အထာထွန်းက ဆေးရုံကို ရုပ်ဖျက်ပြီး လာသည်။ ပါးမြိုင်းမွေးတွေတပ်။ မျက်မှန်အမည်းကြီးနဲ့ ဦးထုပ်လည်းဆောင်းထားသေးသည်။

မင်းသားဆိုတော့ ရုပ်ပြောင်းရုပ်လွှဲတတ်၏။

ကြွက်ပေါက်က အခန်းရှေ့က စောင့်နေသည်။ ခဏကြာတော့ ရောက်လာသည်။ ကြွက်ပေါက်ကတော့ ရုပ်ဖျက်လာတာ သိတာပေါ့။

"မင်းသား"

"ကိုကြွက်ပေါက် သူ ဘယ်မှာလဲ"

"ဟိုမှာ ... ဒုတိယမြောက် ခုတင်မှာ မင်းသား"

"လာလေ၊ ကျွန်တော်တို့ သွားတွေ့ရအောင်"

"မင်းသားပဲသွားပါ၊ ကျွန်တော် မင်းသားကို အပ်လိုက်ပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ"

"သွားပြီဗျို့။ ဓာတ်ပေါင်းခန်းကိုတော့ မကြည့်ချင်တော့ဘူး ... ဟား ဟား။ ဩော် ... မင်းသား ကျွန်တော့် ရေခဲချောင်းတုတ်တံလေးကို ကြင်နာပါနော်"

"စိတ်ချပါဗျာ"

ကြွက်ပေါက် ထွက်သွားပြီ။ သူ စိုးရိမ်တကြီးနဲ့ သူမရဲ့ခုတင်နားသို့။ သူမက မျက်စိတွေ မှိတ်ထားသည်။ သူမနားက အမျိုးသမီးသုံးယောက်က သူ့ကို အကဲခတ်နေ၏။

သူ ခုတင်နား ကပ်သွားတာကို ကြည့်နေသည်။

"ကောင်မလေး"

"ဟင်"

ရာဇဝင်မေ မျက်လုံးဖွင့်ကြည့်သည်။

"မင်းသား"

သူ ရာဇဝင်မေ လက်ကလေးကိုကိုင်ကာ ...

"ဘယ်လိုနေသေးလဲ"

"မောင်ရင်က ဘယ်သူလဲ"

သူမအမေ ဖြစ်ပုံရသော အမျိုးသမီးထံမှ အသံထွက်လာသည်။





"ကျွန်တော် မင်းသား အထာထွန်းပါ အန်တီ"

"ဟဲ့ ... ဟုတ်ရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အမေ။ ရုပ်ဖျက်ထားတာပါ"

ရာဇဝင်မေ ဝင်ဖြေလိုက်တော့ အမျိုးသမီးသုံးယောက် သူ့ကို ပြူးပြဲကြည့်နေသည်။

"အန်တီ ဆရာဝန်က ဘာပြောလဲ"

"ဩော် ... အခြေအနေ ကောင်းပါတယ်။ ဒါပေမဲ့ ဆေးရုံမှာ တစ်ပတ်လောက်ထားပြီး စောင့်ကြည့်မယ်တဲ့။ ခေါင်း ထိထားတာဆိုတော့"

"တော်သေးတာပေါ့ ဘာမှမဖြစ်လို့။ ကံကောင်းလို့"

"မင်းသားကို ကိုကြွက်ပေါက် ပြောလိုက်တာလား"

"ဟုတ်တယ်။ သူ ဖုန်းဆက်လို့ ကိုယ် ရှုတင်ဖျက်ပြီးပြေးလာတာ"

"ဟင် ... ရှုတင်တောင် ဖျက်ပြီးလာတယ်"

"ဟုတ်တယ်လေ၊ မင်းကို စိုးရိမ်လို့ပေါ့။ တော်သေးတာပေါ့။ မင်းသာ တစ်ခုခုဖြစ်သွားရင် ကိုယ် ရင်ကွဲမှာ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



“ကိုယ် မင်းကို လိုက်ရှာနေတာ။ မင်းတို့အဆောင်မှာလည်း သွားစုံစမ်းခိုင်းသေးတယ်။ မသိရသေးလို့”

“ဩော်။ အဆောင်မှာ စုံစမ်းခိုင်းတာ ကိုကြွက်ပေါက်ထင်လို့”

“မဟုတ်ဘူး၊ ကိုယ် စုံစမ်းခိုင်းတာ”

“ဘာကိစ္စရှိလို့လဲ”

“မင်းဆီမှာ ခွင့်တောင်းစရာရှိလို့”

“ဘာခွင့်တောင်းမှာလဲ”

သူမအမေနဲ့ အဒေါ်ရော မခွးပါ ပြုံးပြုံးနေအောင်ကြည့်ကာ နားထောင်နေကြသည်။ သူကလည်း ပြောချင်နေပြီ။ ဘယ်လိုလုပ်ရပါ့။

သူမနား,နားကပ်ကာ တိုးတိုးလေး ပြောလိုက်သည်။

“လက်ထပ်ခွင့် တောင်းချင်လို့”

“ရှင်”

“မကြားလိုက်ဘူးလား”

“ကြားတယ်လေ”

“ဘာလဲ သမီး၊ သူ ဘာပြောတာလဲ”



ရာဇဝင်မေရဲ့အမေက အလောတကြီး မေးသည်။

“ဟင်”

“ဘာပြောတာလဲလို့၊ မောင်ရင် အန်တီ့သမီးကို ဘာပြောလိုက်တာလဲ”

သူ ရာဇဝင်မေ့ မျက်နှာကို ကြည့်လိုက်သည်။ ရာဇဝင်မေကလည်း သူ့ကိုကြည့်နေသည်။ မခွးက နပ်သည်။

“ဩော် ... အန်တီကလည်း သူတို့ဘာသာ လူငယ်ချင်းကိစ္စရှိလို့နေမှာပေါ့။ ကဲပါ။ ကိစ္စရှိရင် ပြောကြ။ မင်းသားအထာထွန်းပဲ။ တခြားသူမှ မဟုတ်တာ။ ဩော် ... အန်တီဆေးဝယ်စရာရှိတယ်ဆို လာလေ။ သွားဝယ်ရအောင်လာပါ အန်တီရဲ့။ အန်တီကြီးပါ လိုက်ခဲ့။ ဩော် ... မင်းသား။ အချိန်ရတယ်မို့လား။ ခဏနော်။ ဆေးသွားဝယ်မလို့”

“ဟုတ်ကဲ့ အစ်မ၊ ကျေးဇူးပဲ ... ဟဲ ဟဲ”

လူကြီးနှစ်ယောက် အီလည်လည်နဲ့ ပါသွားသည်။

“ကောင်မလေး ... ကောင်မလေးကို ကိုယ်လက်ထပ်ပါရစေ”

“ဟုတ်ရော ဟုတ်ရဲ့လား မင်းသားရယ်။ ကျွန်မ သေးခွဲရောက်နေလို့ လာနှစ်သိမ့်နေတာလား”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကောင်မလေးရဲ့ အချစ်တွေကို မြတ်နိုးလို့"

"ကျွန်မက အညတရပါ။ ဘာမှ မက်လောက်စရာမရှိပါဘူး မင်းသားရယ်"

"ဒါပေမဲ့ မင်းအချစ်တွေက ခမ်းနားတယ်လေ"

"ကျွန်မ မဟုတ်လည်း ကျွန်မထက်သာတဲ့ မိန်းကလေးတစ်ယောက်က မင်းသားကို ကျွန်မထက် ပိုချစ်နိုင်ပါတယ်။ ကျွန်မနဲ့မင်းသားဘဝက မိုးနဲ့မြေလို ကွာခြားလွန်းပါတယ် မင်းသားရယ်"

"ကိုယ်လည်း မထင်မရှား မရှိမရှားဘဝကနေပဲ မင်းသားဖြစ်လာတာ။ အဆင့်အတန်း ကွာစရာ အကြောင်းမရှိပါဘူး ကောင်မလေးရဲ့"

"အဟင်း ... ကျွန်မက ပွဲထုတ်လို့ကောင်းတဲ့ ဂုဏ်သရေမျိုးတွေလည်း မရှိဘူး"

"ဒါတွေ မလိုပါဘူး။ မင်းက ကိုယ့်ဇနီးဖြစ်လာရင် အလိုလို မင်းကို လက်ခံသွားကြမှာပါ"

"ကျွန်မ အိပ်မက်များ မက်နေသလား မင်းသားရယ်"





"ရာဇဝင်မေ ဘာမှမစဉ်းစားနဲ့ ခေါင်းမူးနေဦးမယ်။ မြန်မြန်နေကောင်းအောင်လုပ်။ ရာဇဝင်မေ နေကောင်းတာနဲ့ ကိုယ်တို့ လက်ထပ်ကြမယ်။ ခွင့်ပြုမယ်မို့လား"

"လာနောက်နေတာလား"

"ဟေး ... ကိုယ်စိတ်မဝင်စားရင် ရှုတင်ဖျက်ပြီး လာစရာအကြောင်းမရှိဘူး"

"မင်းသားရယ်"

ရာဇဝင်မေ မျက်ရည်တွေ ကျလာသည်။ သူက အသာလေး သုတ်ပေးသည်။ သူ့လက်ချောင်းကလေးတွေက နူးညံ့အိစက်နေတာပဲ။ ရာဇဝင်မေ ဝမ်းသာလွန်းလို့ပါ။ သူမနှစ်သိမ့်ဆုရတယ် ဆိုတာတော့ သိနေသည်။ သူ သူမကို မချစ်ဘူးဆိုတာ သေသေချာချာကို သိနေသည်။ ထို့ကြောင့် ချစ်လားဆိုတဲ့ မေးခွန်းကို သူမ တစ်သက်လုံး မေးမှာမဟုတ်ဘူး။ ဒါပေမဲ့ သူ သူမနားရှိနေတာကိုက သူမအတွက် တန်ဖိုးမဖြတ်နိုင်သော ပြီးပြည့်စုံမှုလေ။

သူ့ကိုငေးမောနေသော ကောင်မလေးကို တော်တော်သနားမိသည်။ ကရုဏာမိုးက ပိုသည်းတတ်သည်လေ။

♥ ❖ ♥

www.burmeseclassic.com

www.burmeseclassic.com



သူတို့ လက်ထပ်မယ့်အကြောင်းကို ရာဇဝင်မေရဲ့ ဆန္ဒအရ လျှို့ဝှက်ထားခဲ့သည်။ ရာဇဝင်မေ နေကောင်းသွားတော့မှ လက်ထပ်လို့ ရမှာလေ။ ဒီကြားထဲမှာ သတင်းတွေမျိုးစုံထွက်မှာ စိုးလို့ မကြေငြာရဲသေးပါ။

ရာဇဝင်မေ ဆေးရုံကဆင်းတော့ မင်းသားက သူ့အိမ်မှာလိုက်နေပြီး ဆေးကုဖို့ ပြောပါသည်။

ဒါပေမဲ့ ရာဇဝင်မေက မလိုက်။ သူ့အဒေါ်ရဲ့ အဆောင်ကိုပဲ ဆင်းခဲ့သည်။

သူ့မမိခင်ရယ်၊ အဒေါ်ရယ်၊ မရှူးရယ် ဆိုတာ အုံခြလွှန်းလို့။

သူကတော့ တစ်နေ့တစ်ခေါက် လာကြည့်ရှာပါ၏။

ရာဇဝင်မေမှာ အိပ်မက်,မက်နေသူလိုပါပဲ။ လာတိုင်း ပန်းစည်း၊ အရုပ် တစ်ခုခုပါလာသည်။





"ဘာစားချင်လဲ"

နေ့တိုင်း စားစရာ တစ်ခုခုပါလာသည်။ သိပ်မနူးညံ့တဲ့ သူ့မလက်ကလေးကို ခပ်ဖွဖွကိုင်ရင်း ...

"မြန်မြန်နေကောင်းအောင်နေနော်"

ဆေးရုံ ဆေးခန်းတွေ သွားပြစရာရှိရင်လည်း ကားလွှတ်ပေးသည်။ သူ့အားရင် သူကိုယ်တိုင် လိုက်ပြပေးသည်။ မရှူးဆို သူ့မကို အားတွေကျလို့။

"ကလေး လက်ထပ်ပွဲကို ဘယ်လိုလုပ်ချင်လဲ၊ ကိုယ်စီစဉ်ထားလိုက်မယ်"

"အိမ်ကို ရှေ့နေခေါ်၊ နှစ်ယောက်တည်း လက်မှတ်ထိုး၊ ပြီးရင် ချက်ချင်းကွာရှင်းချင်တယ်"

"ဘာ"

"လက်ထပ်ခွင့်ရရုံနဲ့ ဝမ်းသာနေပြီ ကိုကို၊ တကယ်တမ်းတော့ ကျွန်မ မပိုင်ဆိုင်ရဲဘူး။ တစ်နေ့ သေရမယ်ဆိုရင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ သေရမယ်ဆိုလည်း ခုကတည်းက သေချင်တယ်။ အဲဒါကြောင့် ရာဇဝင်နဲ့ ကိုကို့အကြောင်း လူမသိစေချင်တာ"

www.burmeseclassic.com



"ဖြစ်ရလေ။ အဲလောက် မနိမ်ချနဲ့။ လူလူချင်း မဖြစ်နိုင်တာ ဘာမှမရှိဘူး။ တော်ပြီ ... ဒီနေ့ပဲစပြီး စီစဉ်လိုက်တော့မယ်။ Wedding Planner နဲ့ အပ်လိုက်မယ်"

"ကိုကို ရာဇဝင့်ကို တကယ်လက်ထပ်မှာလား"

"တကယ်"

"ဒါဆိုရင် ပကာသနတွေ မလုပ်ပါနဲ့လို့ ကိုကိုရယ် ခပ်ကျဉ်းကျဉ်းပဲ"

"ကလေးက ဘယ်လိုလုပ်ချင်လဲ"

"ရာဇဝင်က ကိုကို့ကိုပဲ မက်မောတာ။ ပကာသနမပါတဲ့ ရိုးရိုးရှင်းရှင်း မင်္ဂလာပွဲလေးပဲ လုပ်မယ်နော်"

"အင်း"

"အိမ်မှာပဲ မင်္ဂလာဆွမ်းကပ်။ ကိုကို့ခြံထဲမှာပဲ သူငယ်ချင်းတွေနဲ့ ဒင်နာပါတီလေးလုပ် တော်ပြီပေါ့"

"ဟန်းနီးမွန်းက ဘယ်ကိုထွက်ချင်လဲ"

"ရာဇဝင်တို့မြို့ကို"

"ဟင်"

"ဟုတ်တယ်၊ ရာဇဝင်က မင်းသားကိုကြိုက်လို့ ကဲ့ရဲ့ခဲ့တဲ့ သူတွေကို သွားကြွားချင်လို့"





"ဖြစ်ရလေ"

"နေ့ချင်းပြန် သွားလို့ရပါတယ် ကိုကိုရဲ့။ ရန်ကုန်နဲ့နီးပါတယ်"

"အင်းပါ ... ရပါတယ်"

သူနဲ့ သူမ တွေ့တိုင်း သူမက သူ့ကို တစိမ့်စိမ့်ငေးမောကာ ချစ်ခင်နေရှာသည်။ တစ်ခါတလေ မရဲတရဲလေး လက်မောင်းကို လာမှီကြည့်နေသေး။

သူမရဲ့အဲဒီအပြုအမူတွေကို သူ့ရင်တွေခုန်လာမိသည်။ မထိတထိနဲ့ သူ့ကို တယုတယ ချစ်နေတာကိုမှ Heart မထိရင် သူ့မှာ Heart မပါလို့ပဲ ဖြစ်ရမည်။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ မင်္ဂလာပွဲကို ခမ်းခမ်းနားနားကို စီစဉ်ထားသည်။ မင်္ဂလာဦးဆွမ်းကပ်တာနဲ့ ဒင်နာကိုတော့ သူမအလိုကျ သူ့အိမ်မှာပဲ လူရင်းတွေနဲ့ စီစဉ်ထားသည်။ ဒါပေမဲ့ စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲကိုတော့ ချက်ထရီယမ်ဟိုတယ်မှာ တခမ်းတနားကြီးကို စီစဉ်ထားသည်။

မင်္ဂလာပွဲ မတိုင်ခင် သူမကို တစ်ကိုယ်လုံးပေါင်းတင်တာတို့၊ spa စိမ်တာတို့ လုပ်ပေးသေးသည်။ တစ်ခါမှမလုပ်ဘူးတော့ မနေတတ်ဘဲ ရှက်နေသေးသည်။

ခမ်းနားလှတဲ့ မင်္ဂလာပွဲ။ တစ်ပွဲလုံး ဆင်စွယ်နှစ်ရောင် အပြင်အဆင်တွေနဲ့ ဝင်းဖန့်နေသည်။

ဆင်စွယ်ရောင်သတို့သမီး ထိုင်မသိမ်းလေးကလည်း လှချက်။ ရွှေရောင်ပဝါနဲ့ ရွှေရောင်ရေသီနားကလည်း လှပချက်။





သူမကို မိတ်ကပ်ပြင်လိုက်တော့ သူမကိုယ်သူမတောင် မမှတ်မိ။

"ကိုကို ရာဇဝင်လှသား ... ဟီး ဟီး"

"ပျော်လား"

"ပျော်တာပေါ့ ကိုကိုရယ်။ ဒါပေမဲ့ ပိုက်ဆံတွေအများကြီးကုန်မှာပေါ့"

"ဟေး ... တစ်သက် တစ်မင်္ဂလာ ကုန်ပစေ"

"ကိုကို ရာဇဝင်ကို တန်ဖိုးထားသွားပဲနော်"

"ဟောဗျာ ... ကိုယ် တစ်သက်လုံး လက်တွဲသွားမယ့်ချစ်ပဲကွာ၊ တန်ဖိုးမထားဘဲ နေမလား ကလေးရဲ့။ ပျော်လား"

"မေးစရာ လိုသေးလို့လား ကိုကိုရယ်၊ တိုင်းထက်အလွန်ပေါ့။ အရမ်းပျော်ပါတယ် ကိုကိုရယ်"

ကြီးကျယ်ခမ်းနားလှွန်းတဲ့ပွဲမှာ ခနေတတ် ဆိုင်တတ်နဲ့ ကိုကို့လက်မောင်းကို အားကိုးတကြီး ဖက်တွယ်လို့ပေါ့။

သူတို့ပွဲကို ရွှေမြရောင်တို့ လင်မယား တက်ရောက်ပါသည်။ ရွှေမြရောင်က မထီတရီ ပြုံးတော့တော့နဲ့။ [illegible] လားဆိုတဲ့သဘော။ ထိုအပြုံးရဲ့အဓိပ္ပာယ်ကို အထာ[illegible] ရာဇဝင်မေကပါ ဖတ်လို့ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အထာထွန်းက ပြုံးပျော်နေသည်။

ရွှေမြရောင်က ရာဇဝင်မေကို လာနှုတ်ဆက်သည်။

"ကွန်ဂယက်ကျူလေးရှင်း ရာဇဝင်မေ"

"ကျေးဇူးတင်ပါတယ် မမ"

ကြွက်ပေါက်လည်း လာနှုတ်ဆက်သည်။

"မင်းသား သမီးလေးမွေးဖွား၊ ကျွန်တော် စောင့်နေမယ်"

"ဟာဗျာ ... ခင်ဗျားကလည်း"

"ဟီး ဟီး"

မီဒီယာတွေကလည်း ဝိုင်းအုံနေသည်။

မနှယ်ဆို စိတ်တောင်ဆိုးသည်။ သတင်းဦးဦးဖျား ဖျား မပေးလို့တဲ့။

အားလုံး အံ့ဩနေကြသည်။

မလိုက်ဖက်ဘူးဆိုတဲ့ ကဲ့ရဲ့သံတွေကိုတော့ ရဲရဲကြီး ရင်ဆိုင်ရဦးမှာပေါ့လေ။

ဘီသိက်သွန်းတော့ အထာထွန်းက တိုးတိုးကလေး ကပ်ပြောသည်။

"ကလေးကို ကိုကိုချစ်တယ်"





"ရှင်"

"တကယ်ပြောတာ၊ ကလေးအချစ်တွေ အင်အားကြီးမားလို့လား မသိဘူး။ ကိုကို ကလေးကို ချစ်သွားတယ်"

"ရာဇဝင် ဝမ်းသာလိုက်တာ ကိုကိုရယ်"

မျက်ရည်တွေ ဝဲလာတာမို့ ...

"မငိုနဲ့နော်။ မိတ်ကပ်တွေ ပျက်ကုန်မယ်"

ရာဇဝင်မေ့ အပြုံး 100% လင်းလက်သွားပါပြီ။

သူမရဲ့ အိပ်မက်တွေ ခမ်းနားစွာ အသက်ဝင်သွားပြီ။ ဘာမှကို ထပ်မလိုအပ်တော့အောင် ပြီးပြည့်စုံသွားပါပြီ။

♥ ❖ ♥



www.burmeseclassic.com

www.burmeseclassic.com



# နောင် ဆယ်နှစ်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အထာတွန်းနဲ့ ရာဇဝင်မေတို့မှာ သားတစ်ယောက် သမီးတစ်ယောက်နဲ့ သုခရိပ်မြုံကလေး ဖြစ်နေသလောက် ...

ရွှေမြရောင်မှာတော့ အငယ်အနှောင်းထားလွန်းသော သူ့ယောက်ျားကြောင့် အမြဲစိတ်ညစ်နေရာကာ အပူရုပ်ကို ဟန်လုပ်ဖုံးနေရသော ဘဝနှင့်။

မွေးမြူလန်းဆန်း
ဘဝပန်းကို
ထာဝရ
ပန်ဆင်နိုင်ကြပါစေ

**ရွှန်းရမီမိုး**
28th Aut. 14

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(၀)၊ ဓမ္မယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC

www.burmeseclassic.com